# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
# ပထမအကြိမ် အမျိုးသားလွှတ်တော် သတ္တမပုံမှန်အစည်းအဝေး
# ဆဋ္ဌမနေ့မှတ်တမ်း

၁၃၇၅ ခုနှစ်၊ နယုန်လပြည့်ကျော် ၁၀ ရက်

( ၂၀၁၃ ခုနှစ်၊ ဇူလိုင်လ ၃ ရက် )

[ ဗုဒ္ဓဟူးနေ့ ]

**အချိန်၊ ၁၀း၀၀။**

နေပြည်တော်ရှိ အမျိုးသားလွှတ်တော် အစည်းအဝေးခန်းမတွင် ပထမအကြိမ် အမျိုးသားလွှတ်တော် သတ္တမပုံမှန်အစည်းအဝေး ဆဋ္ဌမနေ့ အစီအစဉ်ကို နံနက် ၁၀း၀၀ နာရီ အချိန်၌ စတင်ကျင်းပပါသည်။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌအဖြစ် ဦးခင်အောင်မြင့် က ဆောင်ရွက်ပြီး၊ အခမ်းအနားမှူးအဖြစ် ဦးသိန်းမော်၊ ညွှန်ကြားရေးမှူး လွှတ်တော်ရုံး က ဆောင်ရွက်ပါသည်။]

## အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း

**အချိန်၊ ၁၀း၀၀။**

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ယခုအချိန်ကစပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပထမအကြိမ် အမျိုးသားလွှတ်တော် သတ္တမပုံမှန်အစည်းအဝေးရဲ့ ဆဋ္ဌမနေ့ အစီအစဉ် စတင်ပါတော့မယ်။

အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီး ကြွရောက်လာပါပြီခင်ဗျား။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ သည် ဥက္ကဋ္ဌ အတွက် သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

## အမျိုးသားလွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း

**အချိန်၊ ၁၀း၀၁။**

ဥက္ကဋ္ဌ။ ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ကျင်းပတဲ့ ပထမအကြိမ် အမျိုးသားလွှတ်တော် သတ္တမပုံမှန်အစည်းအဝေး ဆဋ္ဌမနေ့မှာ လွှတ်တော်အခွင့်အရေးကော်မတီရဲ့ တင်ပြချက်အရ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ ကိုယ်စားလှယ်ဦးရေ စုစုပေါင်း (၂၂၀)ဦးရှိပြီး ဒီကနေ့ အစည်းအဝေးကို (၁၉၉)ဦး တက်ရောက်ပါတယ်။

အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ဦးရေ စုစုပေါင်း၏ (၉၁.၄၅)ရာခိုင်နှုန်းရှိပြီး တက်ရောက်တဲ့ ကိုယ်စားလှယ်ဦးရေဟာ အစည်းအဝေး အထမြောက်ရန် လိုအပ်တဲ့ ကိုယ်စားလှယ်ဦးရေ သုံးပုံတစ်ပုံထက် ကျော်လွန်တဲ့အတွက် အမျိုးသား လွှတ်တော်ဆိုင်ရာ ဥပဒေ ပုဒ်မ ၄၂ နဲ့ နည်းဥပဒေ ၂၀၊ နည်းဥပဒေခွဲ(ခ)တို့အရ အစည်းအဝေး အထမြောက်ကြောင်းနှင့် အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၂၁၊ နည်းဥပဒေခွဲ(က)နဲ့(ဂ)တို့ အရ အစည်းအဝေး စတင်ကျင်းပကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## အစည်းအဝေးအစီအစဉ် ဖြန့်ဝေထားကြောင်းတင်ပြခြင်း

**အချိန်၊ ၁၀း၀၂။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ အမျိုးသားလွှတ်တော် ဆိုင်ရာ နည်းဥပဒေ ၄၊ နည်းဥပဒေခွဲ(ခ)အရ ပထမအကြိမ် အမျိုးသားလွှတ်တော် သတ္တမပုံမှန် အစည်းအဝေးရဲ့ ဆဋ္ဌမနေ့အစီအစဉ်ကို အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များထံ ကြိုတင်ဖြန့်ဝေ ထားပြီး ဖြစ်ပါတယ်။

## အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

**အချိန်၊ ၁၀း၀၃။**

**ဥက္ကဋ္ဌ။** ။ ယနေ့ ခွင့်ပန်ကြားတဲ့ ပုဂ္ဂိုလ်များရဲ့ စာရင်းကို ဖတ်ကြားတင်ပြပါမယ်။

ဦးအောင်ထွန်း၊ မကွေး(၁၁)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဒေါက်တာဌေးဝင်း၊ ဧရာဝတီ(၅)၊ ဒေသဖွံ့ဖြိုးရေး။ ဦးမြင့်လှိုင်၊ ရခိုင်(၁၂)၊ ဒေသဖွံ့ဖြိုးရေး။ ဦးစိုးမြင့်၊ မကွေး(၆)၊ ကျန်းမာရေး။ ဦးကျော်ကျော်၊ ရခိုင်(၂)၊ ကျန်းမာရေးတို့ ဖြစ်ပါတယ်။

ယခု တင်ပြခဲ့တဲ့ ခွင့်ပန်ကြားချက်များနဲ့ ပတ်သက်ပြီး ခွင့်ပြုဖို့ လွှတ်တော်က သဘောတူပါ သလား ခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောတူတဲ့အတွက် ခွင့်ပန်ကြားချက်များကို လွှတ်တော်က ခွင့်ပြုကြောင်းကြေညာ ပါတယ်။

## အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှု အခြေအနေကို မှတ်တမ်းတင်ခြင်း

**အချိန်၊ ၁၀း၀၄။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ ပထမအကြိမ် အမျိုးသားလွှတ်တော် သတ္တမပုံမှန်အစည်းအဝေး ဆဋ္ဌမနေ့ ကို တက်ရောက်ခွင့်ရှိတဲ့ အမျိုးသား လွှတ်တော်ကိုယ်စားလှယ်ဦးရေမှာ (၂၂၀)ဦး၊ ယခင်က ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ(၁၆)ဦး၊ ယနေ့ ခွင့်ပြုထားသူ(၅)ဦး ဖြစ်၍ စုစုပေါင်း ခွင့်ပြုထားသူ (၂၁)ဦးဖြစ်ပြီး ခွင့်မဲ့ပျက်ကွက်သူမရှိပါ။

အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၊ နည်းဥပဒေခွဲ(ဂ)၊ နည်းဥပဒေခွဲငယ်(၂) အရ ယခု လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှုအခြေအနေ တင်ပြချက်ကို လွှတ်တော်ရဲ့ အတည်ပြုချက်ရယူပါမယ်။

အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှု အခြေအနေ တင်ပြချက်ကို လွှတ်တော်က အတည်ပြုပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က အတည်ပြုပါသည်။]

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်က အတည်ပြုတဲ့အတွက် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို အမျိုးသားလွှတ်တော်က အတည်ပြုမှတ်တမ်းတင် ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## ကြယ်ပွင့်ပြထားသည့် မေးခွန်းများကို သက်ဆိုင်ရာ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း

**အချိန်၊ ၁၀း၀၅။**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ်(၅)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ လွှတ်တော်သို့ လွှတ်တော်ကိုယ်စားလှယ်များ မေးမြန်းထားတဲ့ ကြယ်ပွင့်ပြထားတဲ့ မေးခွန်း တွေကို မေးမြန်းခြင်းနဲ့ ဖြေကြားခြင်း အစီအစဉ်ကို ဆောင်ရွက်မှာ ဖြစ်ပါတယ်။

## တိုက်ကြီးမြို့နယ်၊ ဥတို၊ သုံးခွ၊ အဖျောက်လမ်းပိုင်းပေါ်ရှိ အင်းလန်ချောင်းကူးတံတား၊ ရွာသာတံတား၊ ဒုံပြိုက်တံတား(၃)စင်းအား သံကူကွန်ကရစ် တံတားကြီးများအဖြစ်သို့ တိုးမြှင့်တည်ဆောက်ပေးရန် အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း

**အချိန်၊ ၁၀း၀၅။**

**ဥက္ကဋ္ဌ**။ ။ ပထမဦးစွာ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)မှ ဦးဆွေအောင် က တိုက်ကြီးမြို့နယ်၊ ဥတို၊ သုံးခွ၊ အဖျောက်လမ်းပိုင်းပေါ်ရှိ အင်းလန်ချောင်းကူး တံတား၊ ရွာသာတံတား၊ ဒုံပြိုက်တံတား(၃)စင်းအား သံကူကွန်ကရစ် တံတားကြီးများအဖြစ်သို့ တိုးမြှင့်တည်ဆောက်ပေးရန် အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းတဲ့ မေးခွန်းကို မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၀၆။**

**ဦးဆွေအောင်၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်ထောင်စုဝန်ကြီးများ၊ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များအားလုံး စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းနှင့် ပြည့်စုံကြပါစေလို့ ဦးစွာ ပဏာမ ဂါရဝပြု နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၁၂)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးဆွေအောင် ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ လွှတ်တော်နားချိန်မှာ ဒေသခံပြည်သူများနဲ့ ကွင်းဆင်းတွေ့ဆုံမှုပြုခဲ့ရာမှာ ရန်ကုန်တိုင်းဒေသကြီး တိုက်ကြီးမြို့နယ်၊ အဖျောက်မြို့သို့ ရောက်ရှိပါတယ်။ အဖျောက်မြို့ဟာ ကျေးရွာအုပ်စု(၁၀)အုပ်စု၊

မြို့ပေါ်ရပ်ကွက်(၄)ရပ်ကွက် ရှိပါတယ်။ အိမ်ခြေပေါင်း (၅၀၀)ကျော်ရှိပြီး လူဦးရေ(၃၀၀၀၀)ကျော် နေထိုင်လျက်ရှိပါတယ်။

အဲဒီ တိုက်ကြီးမြို့နယ်ကနေပြီးတော့ ဥတိုချောင်း၊ သုံးခွ၊ အဖျောက်လမ်းဟာ (၁၅.၅)မိုင် ရှည်လျားပြီးတော့ ၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ်အတွင်းမှာ ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့မှ ကတ္တရာလမ်းအဆင့် တိုးမြှင့်တည်ဆောက်ပြီး လမ်းပိုင်းပေါ်ရှိ တံတားငယ်များကိုလည်း သစ်သား တံတားမှ အဆင့်မြင့် သံကူကွန်ကရစ်များအဖြစ်သို့ တိုးမြှင့်ပေးခဲ့ပြီး ဖြစ်ပါတယ်။ ဒီ အဖျောက်လမ်း ဟာ အဖျောက်မှာရှိတဲ့ ကျွန်တော်တို့ ဒေသခံပြည်သူတွေကနေပြီးတော့မှ မှန်လုံ ကားကြီး(၁၅)စီးနဲ့ ဒိုင်နာ(၁၁)စီး၊ လူနဲ့ကုန်ပစ္စည်းကို နေ့စဉ် ရန်ကုန်သို့ ပို့ဆောင်ဆောင်ရွက်နေကြောင်း လေ့လာတွေ့ ရှိရပါတယ်။

ဧရာဝတီမြစ် အနောက်ဘက်ခြမ်းက ခနဲဖြူ ဇလွန် စတဲ့ ကျွန်တော်တို့ ဧရာဝတီတိုင်း ဒေသကြီးကိုလည်း ဆက်သွယ်ကူးသန်းသွားလာ နေကြရတာဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ အဆိုပါ လမ်းကြောင်းပေါ်တွင် ပြည်ထောင်စုအဆင့်ကသာ ဆောက်လုပ်ပေးနိုင်မည်ဖြစ်တဲ့ ပေ(၁၈၀) အထက် တံတားကြီး(၃)စင်း ကျန်ရှိနေပါတယ်။ အဆိုပါ တံတားများမှာ အင်းလန်ချောင်းကူးတံတား (သံဘေလီ သစ်သားခင်း)၊ ရွာသာတံတား(သံဘေလီ သစ်သားခင်း)၊ ဒုံပြုံက်တံတား(သံဘေလီ သစ်သားခင်း) တို့ဖြစ်ပါတယ်။ အဲဒီ တံတားကြီး(၃)စင်းကို ၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ်အတွင်းမှာ ကြမ်းခင်းများကို ဒီ သစ်နဲ့ အသစ်လဲလှယ် ခင်းပေးခဲ့တဲ့အတွက် ဒေသခံပြည်သူများကလည်း ဝမ်းသာပီတိဖြစ်နေကြပါတယ်။ နိုင်ငံတော်အစိုးရကိုလည်း အထူးပဲ ကျေးဇူးတင်နေကြပါတယ်။

သို့ပါသော်လည်း တံတားများ ရေရှည်တည်တံ့ခိုင်မြဲနိုင်မှု နည်းပါးသဖြင့် ၎င်းတံတားကြီး (၃)စင်းအား သံကူကွန်ကရစ် တံတားကြီးများအဆင့်သို့ တိုးမြှင့်တည်ဆောက်ပေးနိုင်ပါရန် အစီအစဉ် ရှိ/မရှိ နှင့် ရှိပါကလည်း မည်သည့်ကာလတွင် ဆောင်ရွက်ပေးမည်ကို သိရှိလိုပါ၍ ဒေသခံပြည်သူ များ၏ကိုယ်စား ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းအပ်ပါတယ်။ ကျေးဇူးတင်ရှိပါတယ်ခင်ဗျား။

**အချိန်၊ ၁၀:၀၈။**

**ဥက္ကဋ္ဌ။** ။ သမ္မတရုံးဝန်ကြီးဌာန(၁)၊ ဒုတိယဝန်ကြီးက ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

## ဖြေကြားချက်

**အချိန်၊ ၁၀:၀၈။**

**ဦးသန့်ရှင်း (ဒုတိယဝန်ကြီး၊ သမ္မတရုံးဝန်ကြီးဌာန-၁)။** ။ လေးစားအပ်ပါသော လွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ လွှတ်တော်ကိုယ်စားလှယ်တော်ကြီးများ အားလုံး စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းနှင့် ပြည့်စုံပါစေကြောင်း ဆုတောင်းမေတ္တာ ပို့အပ်ပါတယ်ခင်ဗျား။ ကျွန်တော် ကတော့ သမ္မတရုံးဝန်ကြီးဌာန(၁)မှ ဒုတိယဝန်ကြီး ဦးသန့်ရှင်း ဖြစ်ပြီး ရန်ကုန်တိုင်းဒေသကြီး အစိုးရ အဖွဲ့ ကိုယ်စား ဖြေကြားတင်ပြသွားမှာ ဖြစ်ပါတယ်။

ရန်ကုန်တိုင်းဒေသကြီး အမှတ်(၁၂)မဲဆန္ဒနယ်မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးဆွေအောင် မေးမြန်းသည့် တိုက်ကြီးမြို့နယ်၊ ဥတိုချောင်း၊ သုံးခွ၊ အဖျောက်လမ်းပိုင်းပေါ်ရှိ ပေ(၁၈၀)အထက် တံတားများဖြစ်သော အင်းလန်ချောင်းကူး တံတား၊ ရွာသာတံတား၊ ဒုံပြုံက်တံတား

(၃)စင်းအား သံကူကွန်ကရစ်တံတားကြီးများအဆင့်သို့ တိုးမြှင့်တည်ဆောက်ပေးနိုင်ရန် အစီအစဉ် ရှိ/မရှိ စပ်လျဉ်းသည့် မေးခွန်းနှင့် ပတ်သက်၍ ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့၏ ဖြေကြားချက်မှာ - ရန်ကုန်တိုင်းဒေသကြီး၊ တိုက်ကြီးမြို့နယ်၊ ဥတိုချောင်း၊ သုံးခွ၊ အဖျောက်လမ်းပေါ်ရှိ အင်းလန်တံတား(၂၁၀)ပေ၊ ဒုံပြိုက်တံတား(၂၆၀)ပေနှင့် လှိုင်မြစ်ကူးတံတား(ဥတို) သို့မဟုတ် ရွာသာတံတား (၇၈၀)ပေ တို့အား ၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ် ပြင်/ထိန်း ရန်ပုံငွေဖြင့် ကြမ်းခင်း၊ ဘီးလမ်း၊ သစ်သားတိုင်စင်များအား အသစ်လဲလှယ်ခြင်း၊ ပြင်ဆင်ခြင်းများ ဆောင်ရွက်ခဲ့ပါသည်။ လက်ရှိတွင် ကောင်းမွန်စွာ အသုံးပြုနိုင်ပြီ ဖြစ်ပါသည်။

တိုက်ကြီး-ဥတိုချောင်း-သုံးခွ-အဖျောက် လမ်းပေါ်ရှိ အဆိုပါ တံတား(၃)စင်းအား ဘေလီတံတားမှ သံကူကွန်ကရစ်တံတားသို့ အဆင့်မြှင့်တင်ဆောင်ရွက်နိုင်ရန်အတွက် အင်းလန်တံတားနှင့် လှိုင်မြစ်ကူးတံတား(ဥတို) သို့မဟုတ် ရွာသာတံတား(၂)စင်းကို ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ် ရင်းနှီးမြှုပ်နှံမှု အစီအစဉ်တွင် လည်းကောင်း၊ ဒုံပြိုက်တံတားအား ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် ရင်းနှီး မြှုပ်နှံမှု အစီအစဉ်တွင်လည်းကောင်း လျာထားရေးဆွဲ တင်ပြထားပါကြောင်း လွှတ်တော်ဥက္ကဋ္ဌကြီး မှတစ်ဆင့် တင်ပြဖြေကြားအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၀း၁၀။**

**ဥက္ကဋ္ဌ။** ။ ဆက်လက်ပြီး လွှတ်တော်ကိုယ်စားလှယ်နှစ်ဦး မေးမြန်းတဲ့ မေးခွန်းတွေဟာ ကျန်းမာရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး တစ်ဦးတည်းက ဖြေကြားရမယ့် မေးခွန်းတွေ ဖြစ်ပါ တယ်။ လွှတ်တော်ကိုယ်စားလှယ်များက သက်ဆိုင်ရာမေးခွန်းတွေကို တစ်ဆက်တည်း မေးမြန်းပြီးမှ ဒုတိယဝန်ကြီး က တစ်ခုချင်း ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ချင်းပြည်နယ်တောင်ပိုင်း၊ မင်းတပ်မြို့နယ်၊ ဝမ္မသူး တိုက်နယ်ဆေးရုံကို ပြန်လည်ပြင်ဆင်ပေးရန်၊ လက်ထောက်ဆရာဝန် ပြန်လည်ခန့်ထားပေးနိုင်ရန်၊ လိုအပ်သည့် ဝန်ထမ်းနေအိမ် ဆောက်လုပ်ပေးရန်နှင့် မင်းတပ်မြို့ ခုတင်(၁၀၀)ဆေးရုံကြီး ဓာတ်ခွဲခန်းတွင် ကိုလက်စထရောနှင့် ယူရစ်အက်ဆစ် စစ်ဆေးနိုင်အောင် စီစဉ်ပေးရန် အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၁၀။**

**ဥက္ကဋ္ဌ။** ။ ပထမဦးစွာ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၈) ဦးဟာရှိန်းဘွေ က ချင်းပြည်နယ်တောင်ပိုင်း၊ မင်းတပ်မြို့နယ်၊ ဝမ္မသူး တိုက်နယ်ဆေးရုံကို ပြန်လည်ပြင်ဆင်ပေးရန်၊ လက်ထောက်ဆရာဝန် ပြန်လည်ခန့်ထား ပေးနိုင်ရန်၊ လိုအပ်သည့် ဝန်ထမ်းနေအိမ် ဆောက်လုပ်ပေးရန်နှင့် မင်းတပ်မြို့ ခုတင်(၁၀၀)ဆေးရုံကြီး ဓာတ်ခွဲခန်းတွင် ကိုလက်စထရောနှင့် ယူရစ်အက်ဆစ် စစ်ဆေးနိုင်အောင် စီစဉ်ပေးရန် အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းတဲ့ မေးခွန်းကို မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၁၀။**

**ဦးဟာရှိန်းဘွေ၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၈)။** ။ လေးစားအပ်တဲ့ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်ထောင်စုဝန်ကြီးများ၊ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များအားလုံး မင်္ဂလာပါလို့ ရှေးဦးစွာ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်

ကတော့ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၈)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးဟာရှိန်းဘွေ ဖြစ်ပါတယ်။ ကျွန်တော် မေးမယ့်မေးခွန်းကတော့ ချင်းပြည်နယ်တောင်ပိုင်း၊ မင်းတပ်မြို့နယ်၊ ဝမ္မသူး အုပ်စု၊ ဝမ္မသူးကျေးရွာရှိ တစ်မြို့နယ်လုံးတွင် တစ်ခုတည်းသော တိုက်နယ်ဆေးရုံကို ပြန်လည်ပြုပြင် တည်ဆောက်ပေးရန်နှင့် လက်ထောက်ဆရာဝန် ပြန်လည်ခန့်ထားပေးနိုင်ရန်၊ ဝန်ထမ်းနေအိမ်များ အသစ်ဆောက်လုပ်ပေးနိုင်ရန် အစီအစဉ် ရှိ/မရှိ မေးခွန်းပဲဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ချင်းပြည်နယ်၊ မင်းတပ်မြို့နယ်ရှိ ဝမ္မသူးတိုက်နယ်ဆေးရုံဟာ မြို့နဲ့ (၂၅)မိုင်ကျော်ကွာဝေးပြီး နွေရာသီနဲ့ ဆောင်းရာသီမှာ ကားကြီး၊ ကားငယ်များ သွားလာနိုင်တဲ့ ကျေးရွာကြီးတစ်ရွာ ဖြစ်ပါတယ်။ မြို့နဲ့ ဝေးလံတဲ့ ကျေးရွာအုပ်စု(၁၂)အုပ်စုနဲ့ ကျေးရွာပေါင်း (၄၂)ရွာမှ ကျေးလက်နေပြည်သူများ အားထားခဲ့ရတဲ့ တိုက်နယ်ဆေးရုံကြီးတစ်ရုံ ဖြစ်ခဲ့ပါတယ်။ သို့သော် လက်ထောက်ဆရာဝန် မရှိတော့တာဟာ အခုဆိုရင် (၂၄)နှစ်ကျော် (၂၅)နှစ်ထဲ ရောက်နေ ပါပြီ။ ဆေးရုံကိုလည်း ၁၉၇၀ ပတ်ဝန်းကျင်က ဆောက်လုပ်ခဲ့တဲ့ အဆောက်အဦဖြစ်တဲ့ အတွက် ကြောင့် သက်တမ်းအားဖြင့် နှစ်(၄၀)ကျော်ပြီ ဖြစ်ပါတယ်။ ဆေးရုံလည်း ကြမ်းခင်းကွန်ကရစ်များ အကုန်လုံး ပျက်စီးယိုယွင်းနေသလို ဆေးရုံရဲ့ အတွင်းအပြင် နံရံများလည်း ကွာကျ ပျက်စီးကုန် နေပြီဖြစ်ပါတယ်။ ယင်းဆေးရုံကို ပြန်လည်ပြုပြင်ပြီး လက်ထောက်ဆရာဝန်ပါ အမြန်ဆုံး ပြန်လည် ခန့်ထားပေးနိုင်ပါရန်နှင့် ဝန်ထမ်းနေအိမ်များကိုပါ ဆောက်လုပ်ပေးနိုင်ပါရန် အထူးလိုအပ်နေပြီ ဖြစ်ပါတယ်။

လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ ဝမ္မသူးတိုက်နယ်ဆေးရုံ မှာ အထက်တန်းသူနာပြုတစ်ဦး၊ Compounder တစ်ဦး၊ သားဖွားဆရာမတစ်ဦးနဲ့ Work Service တစ်ဦးရှိနေပါတယ်။ လက်ထောက်ဆရာဝန် မရှိသည်မှာ နှစ်ပေါင်း(၂၅)နှစ်ထဲ ရောက်နေပါပြီ။ ၂၀၁၁ ခုနှစ်က နိုင်ငံတော်မှ ခန့်ထားသူ လက်ထောက်ဆရာဝန်(၁)ဦး မင်းတပ်မြို့ကို ရောက်ရှိလာ ပါတယ်။ နောက်နေ့ ခရိုင်ဆရာဝန်ကြီးထံ မိမိပိုင်ပစ္စည်းများ ပြန်လည်သွားယူမယ် ဆိုပြီးတော့မှ ခွင့်တိုင်ပြီး ဆင်းသွားတာဟာ ယနေ့တိုင် ပေါ်မလာတော့ပါဘူး။ ဒါကြောင့် အမှန်တကယ် နေပြီး ကျေးလက်ဒေသပြည်သူတွေရဲ့ ကျန်းမာရေးကို စေတနာထားပြီး စောင့်ရှောက်ပေးမယ့် ဒေသခံ ဆ/မ ရပြီး လက်ထောက်ဆရာဝန်တွေ ရှိနေပါလျက်နဲ့ ဒီလိုဒေသအတွက် လုပ်ချင်ကိုင်ချင်တဲ့ ဒေသခံ ဆရာဝန်တွေကို ရွေးချယ်ခန့်ထားပေးဖို့ လွှတ်တော်မှာ ကျွန်တော် အကြိမ်ကြိမ် တင်ပြနေရခြင်း ဖြစ်ပါတယ်။ ကျေးလက်နေပြည်သူတွေကလည်း မျှော်လင့်တောင့်တနေကြပါတယ်။

တစ်ချိန်က ပြည်သူများ အားကိုးအားထားပြုခဲ့ရတဲ့ တိုက်နယ်ဆေးရုံ၊ ယခု အတော်ကို ယိုယွင်းပျက်ဆီးစေပါတယ်။ အတွင်းအပြင် နံရံများပျက်စီးပြီး၊ ကြမ်းခင်းများ၊ အင်္ဂတေများ ကွာကျ ပျက်စီးကုန်ပါပြီ။ ကျေးလက်ကျန်းမာရေးဌာနရှိ အဆောက်အဦများကို ယခုဆိုရင် သိန်း(၆၀၀)အထိ ချပေးပြီး ပြုပြင်မွမ်းမံနေတာကို တွေ့မြင်ကြားသိနေရပါတယ်။ မင်းတပ်မြို့နယ်တွင် စုစုပေါင်း တိုက်နယ်ဆေးရုံ တစ်ခုတည်းသာရှိပြီး ဝမ္မသူးတိုက်နယ်ဆေးရုံကို ပြုပြင်ပေးရန် အချိန်တန်ပြီ ဖြစ်ပါတယ်။ ဝန်ထမ်းနေအိမ်များ အသစ်ဆောက်လုပ်ပေးရန်၊ ဝန်ထမ်းများပါ အမြန်ပြန်လည် ဖြည့်စွက်ခန့်ထားပေးသင့်ပြီ ဖြစ်ပါတယ်။

လေးစားအပ်တဲ့ ဥက္ကဋ္ဌကြီးခင်ဗျား။ ဝန်ထမ်းတွေနဲ့ပတ်သက်လို့ ကျွန်တော် လွှတ်တော် အတွေ့အကြုံနဲ့ ကျေးလက်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ဖို့ ကွင်းဆင်းတဲ့အချိန်မှာ ဝမ္မသူးတိုက်နယ်ဆေးရုံမှာ ဝန်ထမ်းနေအိမ်တွေ ပေ(၃၀)၊ ပေ(၂၀)၊ ပျဉ်ခင်း၊ ပျဉ်ကာ သွပ်မိုး အဆောက်အဦတစ်လုံးတည်းမှာ ဝန်ထမ်းတွေ စုံပြုံပြီး နေထိုင်ကြတာကို တွေ့ရှိခဲ့ရပါတယ်။

လေးစားအပ်တဲ့ ဥက္ကဋ္ဌကြီးခင်ဗျား။ ယခုဆိုရင် နိုင်ငံတော်မှ ဆေးဝါးပစ္စည်းများ ပိုမို ထောက်ပံ့လာတဲ့အတွက်ကြောင့် ဝမ္မသူးတိုက်နယ်ဆေးရုံအတွက် ဆေးဝါးပစ္စည်း ဂျစ်ကားတစ်စီးစာ ပေးပို့ထားပြီး ဖြစ်ပါတယ်။ ဒါကြောင့် ဆေးရုံကို အမြန်ဆုံး ပြန်လည်ပြုပြင် တည်ဆောက်ပေးရန် လိုအပ်နေတဲ့ လက်ထောက်ဆရာဝန်ကို ပြန်လည်ခန့်ထားပေးရန်နဲ့ ဝန်ထမ်းများ အမြန်ပြန်လည် ဖြည့်စွက်ခန့်ထားပေးပြီး ပြည်သူများရဲ့ ကျန်းမာရေးစောင့်ရှောက်ပေးဖို့ လိုအပ်နေပြီ ဖြစ်ပါတယ်။

လေးစားအပ်တဲ့ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ တစ်ဆက်တည်းမှာ တင်ပြလို တာကတော့ မင်းတပ်မြို့ ခုတင်(၁၀၀)ဆေးရုံကြီးရဲ့ ဓာတ်ခွဲခန်းမှာ အသုံးပြုနေတဲ့ ပစ္စည်းကိရိယာ များနဲ့ ဆေးများပြည့်စုံရန် လိုအပ်ပါတယ်။ ကိုလက်(စ်)ထရောနှင့် ယူရစ်အက်ဆစ် စတဲ့ သွေးဖောက် စစ်ဆေးရတဲ့ ဟာမျိုးကို ကျွန်တော်တို့ လူနာများဟာ ပခုက္ကူ မန္တလေး ဆင်းပြီးတော့မှ ဓာတ်ခွဲ စစ်ဆေးနေကြရပါတယ်။ အကုန်အကျ မြောက်များစွာ ကုန်ကျပါတယ်။ ဒါကြောင့် နောက်တစ်ဆက် တစ်ဆက်တည်း ခုတင်(၁၀၀)မှာ ဓာတ်မှန် မကောင်းတဲ့အတွက်ကြောင့် အလှူရှင် ကျွန်တော်တို့ ဒေသခံ ဖားကန့်က လုပ်ငန်းရှင်တစ်ယောက်က သိန်း(၅၀)နဲ့ ကျွန်တော်တို့ ဒီ ဓာတ်မှန်အသစ် ဝယ်ယူ လှူဒါန်းပါတယ်။

သို့သော်လည်းပဲ တစ်လကြာတော့ ပျက်တယ်လို့ ကြားရပါတယ်။ ဒါကြောင့် ပြန်ပြုပြင်ဖို့ (၁၂)သိန်းတိတိ၊ ပြန်ထပ်လှူတယ်လို့ လုပ်ငန်းရှင်ကိုယ်တိုင်က ကျွန်တော်ကို ဒါ နှုတ်နဲ့ အသိပေး တာရှိပါတယ်။ ဒါကြောင့် ကျွန်တော် အောက်ပါအချက်(၄)ချက်ကို ကျွန်တော် မေးမြန်းလိုပါတယ်။ (က) ဝမ္မသူးတိုက်နယ်ဆေးရုံ အမြန်ပြန်လည်ပြုပြင် တည်ဆောက်ပေးနိုင်ပါရန်နှင့် လက်ထောက် ဆရာဝန် အမြန်ဆုံးပြန်လည် ခန့်ထားပေးနိုင်ရန် အစီအစဉ် ရှိ/မရှိ။ (၂) လိုအပ်တဲ့ ဝန်ထမ်း နေအိမ်တွေပါ ဆောက်လုပ်ပေးနိုင်ရန် အစီအစဉ် ရှိ/မရှိ။ (၃) မင်းတပ်မြို့ ခုတင်(၁၀၀)ဆေးရုံ ဓာတ်ခွဲခန်းကို ကိုလက်(စ်)ထရောနှင့် ယူရစ်အက်ဆစ်စစ်ဆေးနိုင်အောင် စီစဉ်ပေးရန် အစီအစဉ် ရှိ/မရှိ။ (၄) ဓာတ်မှန်ဆရာ၊ ကျွမ်းကျင်တဲ့ ဓာတ်မှန်ဆရာ သင်တန်းဆင်းကို ခန့်ပေးနိုင်ရန် အစီအစဉ် ရှိ/မရှိ ဆိုတဲ့အချက်(၄)ချက်ကို မင်းတပ်မြို့နယ်ရှိ တိုင်းရင်းသား ပြည်သူများအကျိုးငှာ ဥက္ကဋ္ဌကြီး မှတစ်ဆင့် လေးစားစွာ မေးမြန်းတင်ပြအပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။

## တောင်သာမြို့နယ်၊ ချောင်းဆုံကျေးလက်ကျန်းမာရေးဌာနခွဲ ဖွင့်လှစ်ရန် အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း

**အချိန်၊ ၁၀း၁၈။**

**ဥက္ကဋ္ဌ**။ ။ ဆက်လက်ပြီး မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)မှ ဦးမျိုးမြင့် က တောင်သာမြို့နယ်၊ ချောင်းဆုံကျေးလက်ကျန်းမာရေးဌာနခွဲ ဖွင့်လှစ်ရန် အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၁၈။**

**ဦးမျိုးမြင့်၊ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီး၊ ပြည်ထောင်စု ဒုတိယဝန်ကြီးများ၊ တက်ရောက်လာကြသော အမျိုးသားလွှတ်တော် ကိုယ်စားလှယ်တော်ကြီးများအားလုံး ကျက်သရေမင်္ဂလာအပေါင်းနဲ့ ပြည့်စုံကြပါစေလို့ ဦးစွာ ဆုတောင်းမေတ္တာ ပို့သအပ်ပါတယ်။ ကျွန်တော်ကတော့ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးမျိုးမြင့် ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ တောင်သာမြို့နယ်၊ အနောက်ဘက်ခြမ်းမှာရှိတဲ့ ချောင်းဆုံရွာမှာ ကျေးလက် ကျန်းမာရေးဌာနခွဲ ဖွင့်လှစ်နိုင်ရန်နဲ့ ပတ်သက်ပြီးတော့ ကျန်းမာရေးဝန်ကြီးဌာနက စဉ်းစားပေးဖို့ ဥက္ကဋ္ဌကြီးမှတစ်ဆင့် တင်ပြမေးမြန်းသွားမှာ ဖြစ်ပါတယ်။ ကိန်းဂဏန်း အချက်အလက်များ ပါရှိလို့ ဖတ်ကြားခွင့်ပြုပါရန်လည်း ပန်ကြားအပ်ပါတယ်ခင်ဗျား။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ကျန်းမာရေးဝန်ကြီးဌာနဟာ နိုင်ငံသားများရဲ့ လူ့စွမ်းအားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်စေမှုအတွက် ပြည်နယ်နှင့်တိုင်းဒေသကြီး အသီးသီးမှာ ကျန်းမာရေးအခြေခံ အဆောက်အအုံများ အရှိန်အဟုန်ဖြင့် ထူထောင်လျက်ရှိခြင်းနှင့်အတူ ဝန်ဆောင်မှု များကိုပါ ကျေးလက်ဒေသများအထိ ဖြန့်ကျက်ဆောင်ရွက်ပေးလျက်ရှိနေတာ တွေ့ရှိရပါတယ်။ ဒီလိုဆောင်ရွက်လျက်ရှိရာမှာ အခြားဒေသများနှင့်အတူ တောင်သာမြို့နယ်အတွင်းမှာလည်းပဲ လက်ရှိ ခုတင်(၅၀)ဆံ့ ပြည်သူ့ဆေးရုံ(၁)ရုံ၊ (၁၆)ခုတင်ဆံ့ တိုက်နယ်ဆေးရုံ(၄)ရုံ၊ ကျေးလက်ကျန်းမာရေးဌာန၊ တိုက်နယ် ကျေးလက်ကျန်းမာရေးဌာန(၉)ဌာန၊ ကျေးလက်ကျန်းမာရေးဌာနခွဲ(၃၉)ခုနဲ့ မိခင်ကလေး ကျန်းမာရေးဌာန(၁)ခုတို့နဲ့ ဖွဲ့စည်းဖွင့်လှစ်ပေးလျက်ရှိတယ် ဆိုတာလည်း သိရှိရပါတယ်။

ချောင်းဆုံကျေးရွာဟာ ဝဲလောင်တိုက်နယ်ဆေးရုံနှင့် (၂)မိုင်ခွဲခန့် ကွာဝေးပြီးတော့ အဓိက ချောင်းကြီးများဖြစ်ကြတဲ့ သဲဘုတ်မချောင်းနဲ့ ဆင်တဲဝချောင်းကြီးများရဲ့ ဝဲဘက်ကမ်းမှာ တည်ရှိပါတယ်။ မိုးရာသီရေကြီးချိန်များမှာ ချောင်း(၂)ချောင်းရဲ့ ရေထုထည် များစွာစီးဆင်းမှု၊ ရေစီးသန်မှု၊ ရေစီးဆင်းချိန် ကြာမြင့်မှုတို့ကြောင့် ကျန်းမာရေး အရေးပေါ်ကိစ္စများမှာ အဆိုပါ ဝဲလောင်တိုက်နယ်ဆေးရုံသို့ ဆက်သွယ်သွားလာရန် အခက်အခဲများစွာရှိသော ဒေသများလည်း ဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ချောင်းဆုံ ကျေးလက်ကျန်းမာရေးဌာနခွဲ ဖွင့်လှစ်နိုင်မယ်ဆိုပါက ချောင်းဆုံ၊ သာယာမြိုင်၊ ဗျိုင်းမတူ၊ လွန်းဒေါင့်၊ ကျောက်ပုံ၊ တောင်လယ်ကန် စတဲ့ ကျေးရွာများမှ အိမ်ထောင်စုပေါင်း(၆၉၁)ခုနဲ့ လူဦးရေ(၃၅၇၄)ဦးတို့ရဲ့ ကျန်းမာရေးကုသစောင့်ရှောက်မှုများ အဆင်ပြေမှာဖြစ်တဲ့အပြင် ဝဲလောင်တိုက်နယ်ဆေးရုံအတွက်လည်း ဝန်းရံထောက်ကူထားနိုင်မယ်လို့ သုံးသပ်လိုပါတယ်။ အဆိုပါဒေသမှာ ချောင်းဆုံကျေးလက်ကျန်းမာရေး ဌာနခွဲဖွင့်လှစ်နိုင်ရန် ချောင်းဆုံကျေးရွာ လူမှုရေးအဖွဲ့အစည်းများမှ အလှူရှင်များ၊ တာဝန်ရှိသူများက ဖော်ပြပါ အခြေခံအဆောက်အအုံများ (Infrastructures) များကို ထူထောင်ထားရှိပြီး ဖြစ်ပါတယ်။ ကျန်းမာရေးဌာန၏ ခွင့်ပြုချက်ရရှိချိန်တွင် လွှဲပြောင်းပေးရန် အသင့်ဖြစ်နေတဲ့ မြေနေရာ၊ အဆောက်အအုံများနဲ့ ဆက်စပ်တဲ့ လုပ်ငန်းများ ဖော်ပြခတ်ပုံများကိုလည်း မေးခွန်းများ တင်သွင်းခဲ့စဉ်က ပူးတွဲဖော်ပြခဲ့ပြီးလည်း ဖြစ်ပါတယ်။ ပြန်လည်ပြီးတော့ ဒီမှာ ဖော်ပြရလို့ရှိရင် (၁) မြေဧရိယာဟာဆိုရင်

အလျား(၂၂၉)ပေ၊ အနံ(၇၃)ပေ။ (၂) ငါးခန်းတွဲနေအိမ် အလျား(၆၀)ပေ၊ အနံ(၃၀)ပေ ကွန်ကရစ်ခင်း၊ အုတ်နံ့ကပ်၊ မှန်ပြူတင်း၊ ဘိလပ်မြေအမိုးပြား အခန်းအားလုံး ရေချိုးခန်းနှင့် သန့်စင်ခန်း တွဲလျက်ပါရှိပါတယ်။ (၃) ထမင်းစားဆောင်၊ မီးဖို၊ အိပ်ခန်း၊ သန့်စင်ခန်း တွဲလျက်က အလျား(၅၀)ပေနဲ့ အနံ(၂၀)ပေ ရှိပြီးတော့ ကွန်ကရစ်ခင်း၊ သစ်သားဇလီကာ အုတ်နံ့ကပ်၊ ဘိလပ်မြေ အမိုးပြားတို့ ဖြစ်ပါတယ်။ အဲဒီမှာ ထမင်းစားဆောင် ဟာဆိုရင် ပေ(၂၀)ပတ်လည်၊ မီးဖိုဟာဆိုရင်(၁၀)ပေ၊ ပေ(၂၀)၊ အိပ်ခန်းဟာ (၁၀)ပေ၊ ပေ(၂၀)၊ သန့်စင်ခန်းဟာဆိုရင် (၁၀) ပေ၊ (၇)ပေ ဒါပင်မဆောင်နဲ့ သီးသန့်ပြီးတော့ ပါရှိပါတယ်။ (၄) တစ်ခါ အစောင့်နေအိမ်တစ်လုံးလည်း ထူထောင်ပြီး ဖြစ်ပါတယ်။ အလျား (၂၀)ပေ၊ အနံ(၁၀)ပေနဲ့ ကွန်ကရစ်ခင်း၊ အုတ်နံ့ကပ်၊ ဘိလပ်မြေ အမိုးပြား ဖြစ်ပါတယ်။ (၅) လက်မ အချင်းရှိတဲ့ အဝီစိတွင်း(၁)တွင်း (၂၀၀)ပေရှိပြီးတော့ တစ်နာရီကို (၁၂၀၀)ဂါလန် ထွက်ပြီးတော့ ရေစင်ဟာဆိုရင် (၄၀၀)ဂါလန်ဆံ့တိုင်ကီ တစ်လုံးကိုလည်း တင်ထားပြီးဖြစ်ပါတယ်။ စက်မောင်းခန်းတို့ကအစ ပါဝင်ပါတယ်။ (၆) လျှပ်စစ်မီးရရှိရေး ကိစ္စဟာဆိုရင် နိုင်ငံတော်ဓာတ်အားစနစ် (National Grid) နှင့် ချိတ်ဆက်ပြီးတော့ 11KVA, 0.4KVA, 160KVA ထရမ်စဖော်မာ ထားရှိပြီးတော့ (၂၄)နာရီ အချိန်ပြည့်ဓာတ်အား ရရှိတဲ့ဒေသလည်း ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ချောင်းဆုံကျေးလက်ကျန်းမာရေးဌာနခွဲ ဖွင့်လှစ်ထားရှိနိုင်ပါက တစ်မိုင်ခန့်ဝေးသော တလိုင်းရပ်ရွာသစ်တွင် အထက်တန်းကျောင်း(၁)ကျောင်း၊ ချောင်းဆုံရွာတွင် အစိုးရမူလတန်းကျောင်း(၁)ကျောင်း၊ စေတီပုထိုးများနှင့် ဘုန်းကြီးကျောင်း(၃)ကျောင်း ရှိသောရွာဖြစ်ပြီးတော့ ကျေးရွာမှာလည်းပဲ လျှပ်စစ်မီး အချိန်ပြည့်ရရှိတဲ့ဒေသ ဖြစ်ပါတယ်။ ဒ့ါအပြင် ဆင်တဲဝ (သမက္ကူ) ရေလှောင်တမံရဲ့ တူးမြောင်းမကြီးအနီးမှာ ဖြတ်သန်းဖောက်လုပ်ထားရှိပြီးတော့ ချောင်းဆုံလျှပ်စစ်ရေတင်လုပ်ငန်းမှလည်း အဆိုပါ ကျေးလက်ကျန်းမာရေးဌာန ဝင်းအတွင်းမှာရှိတဲ့ ရေကန်များ၊ မြောင်းများ၊ အုတ်ကန်များကို မြောင်းခွဲများနဲ့ စိုက်ပျိုးရေ၊ သုံးရေ ဖြည့်တင်းပေးနိုင်တဲ့ အခြေခံအဆောက်အအုံများ ရှိပြီးဖြစ်ကြောင်းလည်း ဖော်ပြလိုပါတယ်။ ဒါကြောင့်မို့လို့ ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးမှ မန္တလေးတိုင်းဒေသကြီး၊ တောင်သာမြို့နယ်၊ ချောင်းဆုံကျေးလက်ကျန်းမာရေးဌာနခွဲ ဖွင့်လှစ်ခွင့်ပြုနိုင်ရန်နဲ့ စပ်လျဉ်းပြီး သိရှိလိုပါသဖြင့် အောက်ပါမေးခွန်းများကို ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းအပ်ပါတယ်ခင်ဗျာ။

(၁) တောင်သာမြို့နယ် အနောက်ဘက် လက်ရှိ ချောင်းဆုံကျေးရွာတွင် ကျေးလက်ကျန်းမာရေးဌာနခွဲ ဖွင့်လှစ်ပေးရန် စီစဉ်ဆောင်ရွက်ပေးနိုင်ခြင်း ရှိ/မရှိ။ (၂) ချောင်းဆုံကျေးလက်ကျန်းမာရေးဌာနခွဲ ဖွင့်လှစ်ပေးရန် စီစဉ်ဆောင်ရွက်ပေးနိုင်ခြင်း ရှိပါက မည်သည့်အချိန်တွင် ဖွင့်လှစ်ပေးနိုင်မည်နည်း။ (၃) ကျေးလက်ကျန်းမာရေးဌာနခွဲ ဖွင့်လှစ်ပေးရန် စီစဉ်ဆောင်ရွက်ပေးနိုင်ပါက ကျေးရွာ လူမှုရေး ကော်မတီနှင့် အလှူရှင်များက လွှဲပြောင်းလှူဒါန်းပေးမည့် ကျွန်တော်တင်ပြခဲ့တဲ့ မြေနေရာ၊ ၎င်းမြေပေါ်ရှိ ဖော်ပြပါ အဆောက်အဦများကို လွှဲပြောင်းလက်ခံရယူလိုခြင်း ရှိ/မရှိ ဆိုတဲ့ ဟာလေးတွေကို ကျွန်တော်တို့ သိရှိခွင့်ပြုပါရန် တင်ပြအပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ရှိပါတယ်။

**အချိန်၊ ၁၀း၂၅။**

**ဥက္ကဋ္ဌ။** ။ ကျန်းမာရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးက တစ်ခုချင်း ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

## ဖြေကြားချက်

**အချိန်၊ ၁၀း၂၅။**

**ဒေါက်တာဝင်းမြင့် (ဒုတိယဝန်ကြီး၊ ကျန်းမာရေးဝန်ကြီးဌာန)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ လွှတ်တော်ကိုယ်စားလှယ်တော်ကြီးများ၊ ဧည့်သည်တော်ကြီးများခင်ဗျာ။ အားလုံးကို မင်္ဂလာပါလို့ ကျွန်တော့်အနေနဲ့ နှုတ်ခွန်းဆက်သ ဂါရဝပြုအပ်ပါတယ်။ ကျွန်တော့်အနေနဲ့ ချင်းပြည်နယ် အမှတ်(၈)မဲဆန္ဒနယ်မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးဟာရှိန်းဘွေ ရဲ့ ကြယ်ပွင့်ပြ မေးခွန်းနဲ့ပတ်သက်ပြီး ပြန်လည်ဖြေကြားခွင့်ပြုပါရန် တစ်ပါတည်း တင်ပြအပ်ပါတယ်။ ချင်းပြည်နယ်၊ မင်းတပ်မြို့နယ်၊ ဝမ္မသူးတိုက်နယ်ဆေးရုံ အကြီးစားပြင်ဆင်ခြင်းနဲ့ ဝန်ထမ်းနေအိမ် ဆောက်လုပ်ပေးနိုင်ရန်အတွက် ကျန်းမာရေးဦးစီးဌာန အနေနဲ့ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်မှာ အဆိုပြု လျာထားပြီးတော့ ခွင့်ပြုရန်ပုံငွေနဲ့ ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်းနဲ့ လက်ရှိ လစ်လပ်လျက်ရှိတဲ့ ဆရာဝန်တစ်ဦး ကိုတော့ ကသာဆေးရုံက လက်ထောက်ဆရာဝန် ဖြစ်တဲ့ ဆမ-၂၄၄၁၈ ဒေါက်တာဖြိုးဇေယျာအောင် ကို ၂၁-၆-၂၀၁၃ မှာ Transfer လုပ်ပြီးတော့၊ ပြောင်းရွှေ့ပြီးတော့ တာဝန်ပေးအပ်ပြီးဖြစ်ပါကြောင်း တင်ပြအပ်ပါတယ်။

အဲဒါနဲ့ တစ်ဆက်တည်း ခုန လွှတ်တော်ကိုယ်စားလှယ်ကြီး တင်ပြသွားတဲ့ ဒေသခံဆရာဝန်များထဲက လုပ်လိုတဲ့ ဆန္ဒရှိတယ် ဆိုရင်တော့ ကျွန်တော်တို့ မကြာခင်မှာ လက်ထောက်ဆရာဝန်အသစ်တွေ ခေါ်ဖို့ရှိပါတယ်။ ခေါ်တဲ့အခါမှာ ဒေသခံဆရာဝန်များ ဝင်လျှောက်ဖို့ လိုပါလိမ့်မယ်။ ဒေသခံဆရာဝန်များ လျှောက်ပြီးတဲ့အခါမှာ ဒေသခံဆရာဝန် လျှောက်တဲ့စာရင်းကို ကျွန်တော်တို့ဆီကို ပေးထားမယ်ဆိုရင် ကျွန်တော်တို့အနေနဲ့ ဒါတွေကို သီးခြား ပြည်ထောင်စုရာထူးဝန်အဖွဲ့နဲ့ ညှိနှိုင်းပြီး ကျွန်တော်တို့က ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း တစ်ပါတည်း ပြန်လည်ဖြေကြားတင်ပြအပ်ပါတယ်။

နောက် မင်းတပ်ဆေးရုံအတွက် တောင်းထားတဲ့ ကိုလက်စထရောနဲ့ ယူရစ်အက်စစ် အပါအဝင် Bio-Chemical Test များကိုစစ်ဆေးရန်လိုအပ်တဲ့ Spectrophotometer ဆိုတဲ့ဟာကို မှာကြားဝယ်ယူထားပြီး ဖြစ်ပါတယ်။ မကြာခင် ရောက်လာတဲ့အခါမှာ မင်းတပ်ပြည်သူ့ဆေးရုံကြီးကို ဦးစားပေးပြီး လိုအပ်ချက်ပေါ်မှာ စိစစ်ဖြန့်ဖြူးပေးသွားမည် ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားအပ်ပါတယ်။

နောက် ဒုတိယမေးခွန်းအနေနဲ့ကတော့ မန္တလေးတိုင်း၊ တောင်သာမြို့နယ်မှာရှိတဲ့ ကျေးလက်ကျန်းမာရေးဌာနခွဲ(၁)ခု ဖွင့်လှစ်ခွင့်ကို မန္တလေးတိုင်းဒေသကြီး အမှတ်(၆)မဲဆန္ဒနယ် အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးမျိုးမြင့် ရဲ့ ကြယ်ပွင့်ပြမေးခွန်းကို ဖြေကြားခွင့်ပြုပါရန် တင်ပြအပ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်ကြီး တင်ပြသွားတဲ့အတိုင်း မန္တလေးတိုင်းဒေသကြီး၊ တောင်သာမြို့နယ်မှာ ကျွန်တော်တို့ ကျေးလက်ကျန်းမာရေးဌာန(၉)ခု ဖွင့်လှစ်ပြီး ဖြစ်ပါတယ်။ အဲဒီမှာ ကျောက်ဇီ၊

ဝဲလောင်၊ ရုံးစည်ကြီး၊ ရုံးတော၊ ဖက်တော၊ ဇဂျမ်း၊ ဇရပ်ကြီး၊ တံတားနဲ့ တမိုက်သာ ဆိုတဲ့ ကျေးလက်ကျန်းမာရေးဌာနခွဲ ဖြစ်ပါတယ်။ ခုနက လွှတ်တော်ကိုယ်စားလှယ်ကြီး တင်ပြတောင်းခံတဲ့ ချောင်းဆုံကျေးရွာက ကျေးလက်ကျန်းမာရေး ဌာနခွဲ ဆိုတာဟာခုနက တမိုက်သာ ကျေးလက်ကျန်းမာရေးဌာနအောက်မှာ ကျွန်တော်တို့ ဖွင့်လှစ်ဖို့ လျာထားပြီး ဖြစ်ပါတယ်။ ဒါကြောင့် ကျွန်တော်တို့က ဒါကိုဆက်လက်ပြီး ဆောင်ရွက်ပေးသွားမှာ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်ကြီး တင်ပြသွားတဲ့ ချောင်းဆုံကျေးရွာမှာ ကျေးလက်ကျန်းမာရေးဌာနခွဲ ဖွင့်လှစ်ပြီးဖြစ်တဲ့အတွက် ကျေးရွာလူမှုရေးကော်မတီနဲ့ အလှူရှင်များက လွှဲပြောင်းလှူဒါန်းပေးမယ့် မြေနေရာနဲ့ မြေပေါ်မှာရှိတဲ့ အဆောက်အဦတွေကို ကျွန်တော်တို့ မကြာခင်ရက်ပိုင်းအတွင်းမှာ မန္တလေးတိုင်း ကျန်းမာရေးဦးစီးဌာနအနေနဲ့ ကွင်းဆင်းပြီး လွှဲပြောင်းလက်ခံ ရယူပေးသွားမည်ဖြစ်ပါကြောင်းနဲ့ အဲဒီမှာ လုပ်ငန်းများ စတင်ဆောင်ရွက်နိုင်ရေး အတွက်လည်း ဆက်လက်စီစဉ်ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ပြန်လည်ဖြေကြား တင်ပြအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

## ပို့ဆောင်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးက မြစ်ကျဉ်းသွားလာရေး အက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းကို အတည်ပြုရန် အဆို တင်သွင်းခြင်းနှင့် လွှတ်တော်ကိုယ်စားလှယ် တစ်ဦးက ထောက်ခံခြင်း

**အချိန်၊ ၁၀း၂၈။**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ်(၆)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ မြစ်ကျဉ်းသွားလာရေး အက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းကို ဆွေးနွေးရန် အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာခဲ့သော်လည်း ဆွေးနွေးရန် အမည်စာရင်း တင်သွင်းထားတဲ့ လွှတ်တော်ကိုယ်စားလှယ် မရှိတဲ့အတွက်လည်းကောင်း၊ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီကလည်း ဥပဒေကြမ်းကို ပြင်ဆင်ချက်မရှိ အတည်ပြုထားတဲ့အတွက် လည်းကောင်း အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၅၈၊ နည်းဥပဒေခွဲ(က)အရ မြစ်ကျဉ်းသွားလာရေး အက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းကို လွှတ်တော်က အတည်ပြုပေးဖို့ ပို့ဆောင်ရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး က အဆို တင်သွင်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၂၈။**

**ဦးဟံစိန် (ဒုတိယဝန်ကြီး၊ ပို့ဆောင်ရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များအားလုံး စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းနှင့် ပြည့်စုံကြပါစေကြောင်း နှုတ်ခွန်းဆက်သ ဂါရဝပြုအပ်ပါတယ်။ ကျွန်တော် ပို့ဆောင်ရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးဦးဟံစိန်က လက်ရှိခေတ်စနစ်နှင့် ကိုက်ညီမှုမရှိတော့သည့် ၁၉၀၇ ခုနှစ်တွင် ထုတ်ပြန်ခဲ့သော မြစ်ကျဉ်းသွားလာရေးအက်ဥပဒေကို ပြင်ဆင်ရေးဆွဲထားသည့် ဥပဒေကြမ်းကို အမျိုးသားလွှတ်တော်မှ အတည်ပြုပေးနိုင်ပါရန် လေးစားစွာ အဆို တင်သွင်းအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၀း၂၉။**

**ဥက္ကဋ္ဌ။** ။ အဆိုကို ထောက်ခံမယ့် လွှတ်တော်ကိုယ်စားလှယ်ကို ဖိတ်ခေါ်ပါတယ်။

**အချိန်၊ ၁၀း၂၉။**

**ဦးမနားနိုင်၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၀)။** ။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ပို့ဆောင်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးက တင်သွင်းသော မြစ်ကျဉ်းသွားလာရေး အက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းကို အတည်ပြုရန်အဆိုကို ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၀) ကျွန်တော် ဦးမနားနိုင် က လေးစားစွာ ထောက်ခံအပ်ပါတယ်ခင်ဗျား။

## အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက မြစ်ကျဉ်းသွားလာရေး အက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းကို အတည်ပြုရန် အမျိုးသားလွှတ်တော်၏ အဆုံးအဖြတ် ရယူခြင်း

**အချိန်၊ ၁၀း၃၀။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ယခုအဆိုမှာ ဤဥပဒေကြမ်း၏ အပိုဒ် ၁ မှ ၅ တို့သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သင့်သည်။

ဒီ အဆိုကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူသူ မရှိတဲ့အတွက် ဤဥပဒေကြမ်း၏ အပိုဒ် ၁ မှ ၅ တို့သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။ (ဩဘာသံများ)

**ဥက္ကဋ္ဌ။** ။ ယခု အဆိုမှာ ဤဥပဒေကြမ်း၏ အမည်သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သင့်သည်။

ဒီ အဆိုကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူသူ မရှိတဲ့အတွက် အဆို အတည်ဖြစ်သည်။ အဆို အတည်ဖြစ်တဲ့အတွက် ဤဥပဒေကြမ်း၏ အမည်သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်းဖြစ်သည်။ (သြဘာသံများ)

## ပို့ဆောင်ရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးက ရေကြောင်းအတားအဆီးများ အက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းကို အတည်ပြုရန် အဆိုတင်သွင်းခြင်းနှင့် လွှတ်တော်ကိုယ်စားလှယ် တစ်ဦးက ထောက်ခံခြင်း

**အချိန်၊ ၁၀း၃၁။**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ်(၈)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ရေကြောင်း အတားအဆီးများ အက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းကို ဆွေးနွေးရန် အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာခဲ့သော်လည်း ဆွေးနွေးရန် အမည်စာရင်း တင်သွင်းထားတဲ့ လွှတ်တော်ကိုယ်စားလှယ် မရှိတဲ့အတွက်လည်းကောင်း၊ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီကလည်း ဥပဒေကြမ်းကို ပြင်ဆင်ချက်မရှိ အတည်ပြုထားတဲ့အတွက် လည်းကောင်း အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၅၈၊ နည်းဥပဒေခွဲ(က)အရ ရေကြောင်းအတားအဆီးများ အက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းကို လွှတ်တော်က အတည်ပြုပေးဖို့ ပို့ဆောင်ရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး က အဆို တင်သွင်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၃၁။**

**ဦးဟံစိန် (ဒုတိယဝန်ကြီး၊ ပို့ဆောင်ရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်တော်များခင်ဗျား။ လက်ရှိခေတ်စနစ်နှင့်ကိုက်ညီမှုမရှိတော့သည့် ၁၈၈၁ ခုနှစ်တွင် ထုတ်ပြန်ခဲ့သော ရေကြောင်းအတားအဆီးများ အက်ဥပဒေကို ပြင်ဆင်ရေးဆွဲထားသည့် ဥပဒေကြမ်းကို အမျိုးသားလွှတ်တော်မှ အတည်ပြုပေးနိုင်ပါရန် လေးစားစွာ အဆိုတင်သွင်းအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၀း၃၁။**

**ဥက္ကဋ္ဌ**။ ။ အဆိုကို ထောက်ခံမယ့် လွှတ်တော်ကိုယ်စားလှယ်ကို ဖိတ်ခေါ်ပါတယ်။

**အချိန်၊ ၁၀း၃၂။**

**ဦးအောင်ချိုဦး၊ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၁)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ ပို့ဆောင်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးက တင်သွင်းတဲ့ ရေကြောင်းအတားအဆီးများ အက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းကို အတည်ပြုရန် အဆို တင်သွင်းခြင်းအပေါ် ကျွန်တော် ဦးအောင်ချိုဦး၊ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၁၁)က ထောက်ခံအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

## အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ရေကြောင်းအတားအဆီးများ အက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းကို အတည်ပြုရန် အမျိုးသားလွှတ်တော်၏ အဆုံးအဖြတ် ရယူခြင်း

**အချိန်၊ ၁၀း၃၂။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ယခုအဆိုမှာ ဤဥပဒေကြမ်း၏ အပိုဒ် ၁ မှ ၅ တို့သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သင့်သည်။

ဒီ အဆိုကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူသူ မရှိတဲ့အတွက် ဤဥပဒေကြမ်း၏ အပိုဒ် ၁ မှ ၅ တို့သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။ (ဩဘာသံများ)

**ဥက္ကဋ္ဌ။** ။ ယခု အဆိုမှာ ဤဥပဒေကြမ်း၏ အမည်သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သင့်သည်။

ဒီ အဆိုကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူသူ မရှိတဲ့အတွက် အဆိုအတည်ဖြစ်သည်။အဆိုအတည်ဖြစ်တဲ့အတွက် ဤဥပဒေကြမ်း၏ အမည်သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။ (ဩဘာသံများ)

**ဦးမျိုးမြင့်၊ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)၏ ဆည်ရေပေးဝေနိုင်သည့် မြေဧရိယာများ (Irrigable Land Areas) လျှော့နည်းသတ်မှတ် ဖော်ပြချက်များအပေါ် လယ်ယာကိန်းဂဏန်းများ မှန်ကန်စေရေး ပြန်လည်စိစစ်ရန်နှင့် ပြည်ထောင်စုအစိုးရအဖွဲ့၏ ခွင့်ပြုသဘောတူညီချက်ရယူ ထုတ်ပြန်သွားရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်းအဆိုကို လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးခြင်း၊ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်က ပြန်လည်ဖြေရှင်း ဆွေးနွေးခြင်းနှင့် အမျိုးသားလွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း**

**အချိန်၊ ၁၀း၃၃။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၁၀)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆) မှ ဦးမျိုးမြင့် တင်သွင်းထားသည့် ဆည်ရေပေးဝေနိုင်သည့် မြေဧရိယာများ (Irrigable Land Areas) လျှော့နည်းသတ်မှတ် ဖော်ပြချက်များအပေါ် လယ်ယာကိန်းဂဏန်းများ မှန်ကန်စေရေး ပြန်လည်စိစစ်ရန်နှင့် ပြည်ထောင်စုအစိုးရအဖွဲ့၏ ခွင့်ပြုသဘောတူညီချက် ရယူထုတ်ပြန်သွားရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်းအဆိုကို ဆွေးနွေးဖို့ လွှတ်တော်ကိုယ်စားလှယ် (၆)ဦး အမည်စာရင်း တင်သွင်းထားပါတယ်။

ပထမဦးစွာ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)မှ ဦးဌေးမောင် ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၀း၃၄။**

**ဦးဌေးမောင်၊ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)။** ။ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်ထောင်စုဝန်ကြီးများ၊ဒုတိယဝန်ကြီးများ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များ၊ လွှတ်တော်ကိုယ်စားလှယ်များ အားလုံးကို ကျန်းမာရွှင်လန်းပါစေလို့ ဆုမွန်ကောင်းတောင်း မေတ္တာပို့သအပ်ပါတယ်။ ကျွန်တော်ကတော့ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးဌေးမောင် ဖြစ်ပါတယ်။ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးမျိုးမြင့် တင်သွင်းတဲ့ အဆိုကို ထောက်ခံဆွေးနွေးသွားမှာ ဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျာ။ မြန်မာနိုင်ငံကို အုပ်ချုပ်လာတဲ့ အစိုးရအဆက်ဆက်ဟာ နိုင်ငံရဲ့လူဦးရေ(၇၀)ရာခိုင်နှုန်းရှိတဲ့ ကျေးလက်နေ တောင်သူ လယ်သမားများရဲ့ လယ်ယာထွက်ကုန်သီးနှံများ၊ တစ်ဧကအထွက်နှုန်းတိုးရေး၊ ရာသီဥတုဖောက်ပြန်မှုကို ကုစားနိုင်ရန် လိုအပ်ချိန်တွင် ရေသွင်းစိုက်ပျိုးရေးအတွက် ရေလှောင်တမံကြီး/ငယ်များ၊ ရေလွှဲဆည်များနှင့် အခြားရေ ရရှိနိုင်ရေး နည်းလမ်းအသွယ်သွယ်ဖြင့် တည်ဆောက်လာခဲ့ကြတာ ဖြစ်ပါတယ်။ အထူးသဖြင့် စိုက်ပျိုးရေးလုပ်ကိုင်သူ တောင်သူလယ်သမားများသာမက ပြည်သူတစ်ရပ်လုံးလည်း ယခုနှစ် ရာသီဥတု ဖောက်ပြန်မှုကြောင့် ယခင် ပုံမှန်ရေထွက်များရှိ ချောင်းများ၊ မြောင်းများ၊ ရေလှောင်ကန်များ ရေခမ်းခြောက်ခြင်း၊ ရေလှောင်တမံများ မကြုံဖူးအောင် ရေသိုလှောင် ရေကျဆင်းခြင်း၊ အဓိကမြစ်ကြီးများ လျှော့နည်းစီးဆင်းခြင်းနှင့် ရေလမ်းကြောင်း ပြောင်းလဲမှုကြောင့် ရေတင်စီမံကိန်း

လုပ်ငန်းများ ထင်တိုင်းမပေါက်ရောက်ခြင်း စသည်တို့ကြောင့် ပူပြင်းလှသည့် ရာသီဥတုဒဏ်ကို ရက်ရှည်စွာ ခံစားခဲ့ရသည်မှာ ပူပူနွေးနွေးပင်ရှိသည်ဟု ဆွေးနွေးတင်ပြလိုပါတယ်။

အဆိုးတကာ့အဆိုးဆုံး အခြေအနေများကတော့ မြန်မာနိုင်ငံအလယ်ပိုင်း မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီးနှင့် စစ်ကိုင်းတိုင်းဒေသကြီးမှာ ကျွဲရေ၊ နွားရေနဲ့အတူ ကျေးလက်နေပြည်သူများ သောက်ရေ၊ သုံးရေ ရရှိရန် အခက်အခဲများသည် လွန်ခဲ့သော ဆယ်စုနှစ်များထက် ဆိုးရွားစွာ ဖြစ်ထွန်းခဲ့သဖြင့် အခြားဒေသများမှ စက်ရေတွင်း လှူဒါန်းသူ၊ သောက်သုံးရေ လှူဒါန်းသူ၊ သုံးရေ လှူဒါန်းသူ အများအပြား ပေါ်ခဲ့သည်ကို တွေ့ရှိရမှာ ဖြစ်ပါတယ်။ မည်မျှမည်

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ယခင် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အစိုးရဟာ စိုက်ပျိုးရေးကဏ္ဍမှာ အဓိကကျတဲ့ ရေရရှိရေးစီမံကိန်းများ အောက်မှာ နိုင်ငံတော်ရဲ့ ဘဏ္ဍာအမြောက်အမြားကို အကုန်အကျခံလျက် ဦးစားပေးသတ်မှတ် တည်ဆောက်သွားခဲ့သည်မှာ အထင်အရှားတွေ့ရှိရမှာ ဖြစ်ပါတယ်။ ဒါ့အပြင် ၁၉၈၈ ခုနှစ်မတိုင်မီနှင့် ၎င်းနောက်ပိုင်းများတွင် နိုင်ငံတကာချေးငွေ အကူအညီအမျိုးမျိုးဖြင့် ဆည်ရေ ရရှိရေးစီမံကိန်းကြီးများကို ဆည်ရေသောက်ဧရိယာ သိန်းဂဏန်း၊ သောင်းဂဏန်းဇကများ သတ်မှတ်ကာ အကောင်အထည်ဖော်ဆောင်ရွက်လာခဲ့ပါတယ်။ ယနေ့ ဆည်ရေသောက် ဧရိယာအတွင်း လုပ်ကိုင်စားသောက်ကြတဲ့ တောင်သူလယ်သမားများဟာ နိုင်ငံတော်မှ ရေ အာမခံချက်၊ ပေးထားသည့် အဆိုပါစီမံကိန်းများရဲ့ အကျိုးကျေးဇူးများကို စိုက်ပျိုးရာသီ မည်မျှမည်ရွေ့ ခံစားခဲ့ရသည်ကို မေးခွန်းထုတ်ရန် လိုမယ်လို့ ယူဆပါတယ်။

ကျွန်တော့်အနေနဲ့ ရာသီဥတု တစ်စုံတစ်ရာဖောက်ပြန်၍ ဆည်ရေ အတိုင်းအတာတစ်ခုအထိ ဝင်ရောက်ခြင်းမရှိဘဲ တစ်နှစ်စ၊ နှစ်နှစ်စ ဆွေးနွေးတဲ့ ခေါင်းစဥ်ထဲ ထည့်ဖို့မလိုပါ။ သို့ရာတွင် လွန်ခဲ့တဲ့ ဆယ်စုနှစ်တစ်ခု၊ နှစ်ခုအတွင်းမှာ မူလမျှော်မှန်းထားတဲ့အတိုင်း မရရှိချင်နေပါစေ။ အနိမ့်ဆုံးအဆင့် (၅၀)ရာခိုင်နှုန်းမှ (၆၀)ရာနှုန်းအတွင်း ရရှိခံစားနိုင်ပါလျှင် အလွန်ကောင်းသော အခြေအနေဟု သတ်မှတ်နိုင်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ အဆိုရှင်အနေနဲ့ ကိုယ်တိုင်တာဝန်ရှိ ဆည်မြောင်းဝန်ထမ်းတစ်ဦး ဖြစ်သလို လွှတ်တော်သက်တမ်းကာလ တစ်ဝက်အတွင်းတွင် လက်ရှိပကတိဖြစ်ပျက်နေသော တောင်သူလယ်သမားများရဲ့ လယ်ယာမြေများဟာ ဆည်ရေသောက်ဧရိယာအတွင်း ရှိနေသည့်တိုင် ဆည်ရေ မရရှိမှုကြောင့် လယ်ယာစီးပွား ထိခိုက်ဆုံးရှုံးမှုများ ဆယ်စုနှစ်တစ်ခုထက်မနည်း ကြုံတွေ့ခံစားရသည်ကို ကျွန်တော့်အနေဖြင့် ပတ်ဝန်းကျင်နယ်မြေဒေသများသို့ ကွင်းဆင်းရောက်ရှိမှုများအရ သိရှိခဲ့ရပါတယ်။ ကျွန်တော့်အနေဖြင့် လူတို့ကြောင့်၊ ဒါမှမဟုတ်လျှင် သဘာဝအကြောင်းတရားများကြောင့် မူလဆည်ရေသောက် မြေဧရိယာများ ဆုံးရှုံးသည်ကို လက်ခံသဘောပေါက်ထားသူ ဖြစ်ပါတယ်။ သို့ရာတွင် သက်ဆိုင်ရာ လယ်/ဆည်ဝန်ကြီးဌာနနှင့် လက်အောက်ရှိ ဆည်မြောင်းဌာနနှင့် ရေအရင်းအမြစ်ဌာနတို့ရဲ့ နိုင်ငံတော်တို့ လက်ရှိ မရှိတော့တဲ့ ဆည်မြောင်းရေသောက်မြေဧရိယာများကို စနစ်တကျ စိစစ်စစ်ဆေးဖို့ အချိန်တန်ပြီလို့ သုံးသပ်လိုပါတယ်။ ဆည်များ ရေဝင်ရောက်မှု နည်းပါး၍ ရေပေးဝေရေး နှစ်ကာလကြာမြင့်သည်နှင့်အတူ အထူးသဖြင့် အဖျားပိုင်းရေသောက်ဧရိယာများ လျော့နည်းပျောက်ဆုံးခြင်းကို ကုစားရန် ပျက်စီးတူးမြောင်းများကို ပြန်လည်

ပြင်ဆင်သည့်တိုင် မူလဆောင်ရွက်ခဲ့သည့် အခြေအနေ ရန်ပုံငွေထက် အဆများစွာ ကုန်မည်လို့ သုံးသပ်ပါတယ်။ တစ်ဖက်တွင် နှစ်စဉ် ရေဝင်အလွန်ကောင်းသော၊ နှစ်စဉ် ရေပိုလျှံမှု ကျော်ကျ စီးဆင်းသော ဆည်များရဲ့ ရေသောက်ဧရိယာများ ပျောက်ဆုံးခြင်းအတွက် တာဝန်ယူရန်လိုမည်ဟု ဆွေးနွေးလို ပါတယ်။

ဥပမာ - လေ့လာထားရှိချက်အရ မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ကင်းတားဆည် ရေလှောင်တမံဆိုလျှင် ရေပေးဝေနိုင်တဲ့ ရေသောက်ဧရိယာဟာ (၂၀၁၅၀၀) ရှိပါတယ်။ တကယ် စိုက်ပျိုးနိုင်တာက (၁၄၇၀၀၀)သာ ရှိတော့ပါတယ်။ ဒေ့ါကြောင့် လျော့နည်း ပျောက်ဆုံးသွားတဲ့ လယ်ဧကဟာ (၅၄၀၀၀) ရှိတာကိုတွေ့ရမှာ ဖြစ်ပါတယ်။ ဆည်တော်ကြီးမှာလည်း (၁၂၇၀၀၀) ရှိပါတယ်။ တကယ်စိုက်ပျိုးနိုင်တာက (၉၆၀၀၀)ကျော်သာ စိုက်ပျိုးနိုင်ပါတယ်။ ဒါကြောင့် ပျောက်ဆုံး သွားတဲ့ လယ်ဧကဟာ၊ လျော့နည်းသွားတဲ့ လယ်ဧကဟာ (၃၀၀၀၀)ကျော်ရှိမှာကို တွေ့ရပါတယ်။ မိတ္ထီလာကန်၊ မုန်တိုင်ဆည် ရေကူ အပါအဝင် ကျွန်တော်တို့ ရေပေးနိုင်တဲ့ ရေသောက်ဧရိယာဟာ (၄၅၀၀၀)ရှိပါတယ်။ ပျောက်ဆုံးသွားတဲ့ ဧကကတော့ (၁၅၀၀၀)လောက် ရှိပါတယ်။ သာစည်မြို့နယ် မှာရှိတဲ့ ညောင်ရမ်းမင်းလှကန်ဆိုလျှင် ရေပေးနိုင်တဲ့ ဧရိယာက (၂၇၀၀၀)ကျော် ရှိပြီးတော့မှ လျော့နည်းပျောက်ဆုံးသွားတဲ့ လယ်ဧကဟာ (၁၃၀၀၀)ကျော်ရှိတာကို တွေ့ရပါတယ်။ ဝမ်းတွင်း မြို့နယ်မှာရှိတဲ့ တောင်ပုလုဆည်ဆိုရင် ရေပေးနိုင်တဲ့ ရေသောက်ဧရိယာ (၈၀၀၀)ကျော် ရှိပြီးတော့ ပျောက်ဆုံးသွားတဲ့၊ လျော့နည်းသွားတဲ့ ဧကဟာ (၂၄၀၀)ကျော် ရှိတာကို တွေ့ရမှာ ဖြစ်ပါတယ်။ တံခွန်တိုင်ဆည်ဆိုလျှင် (၃၁၄၇)ဧကခန့် ရှိပြီးတော့မှ ကျွန်တော်တို့ လျော့နည်းပျောက်ဆုံးသွားတဲ့ ဧရိယာဟာ (၁၁၀၀)ကျော် ရှိတာကို တွေ့ရမှာ ဖြစ်ပါတယ်။ ဝမ်းတွင်းမြို့နယ်မှာရှိတဲ့ အလောင်း စည်သူဆည်ဆိုလို့ရှိရင် ရေပေးဝေနိုင်တဲ့ ရေသောက်ဧရိယာ (၁၁၆၀၀)ခန့် ရှိပြီးတော့မှ တကယ် စိုက်ပျိုးနိုင်တာက (၁၉၀၀)ပဲ စိုက်ပျိုးနိုင်ပါတယ်။ ဒါကြောင့် လျော့နည်းပျောက်ဆုံးသွားတဲ့ ဧကဟာ (၉၇၀၀)လောက် ရှိတာကို တွေ့ရမှာ ဖြစ်ပါတယ်။ ဒါကြောင့် ဆည်ရေသောက်မြေဧရိယာများဟာ သောင်းနဲ့ချီ လျော့နည်းနေတယ်လို့ ကျွန်တော်တို့ ယူဆရပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ အလျဉ်းသင့်လို့ အလောင်းစည်သူ ရေကူတမံ၊ ချောင်းဆုံရေလှောင် တမံ အကြောင်းကို တင်ပြလိုပါတယ်။ အလောင်းစည်သူ ကန်တည်ဆောက်ခဲ့သည်မှာ နှစ်ကာလ ကြာမြင့်တဲ့အတွက် နှစ်စဉ် သဲနုန်းပို့ချမှုကြောင့် ရေလှောင်ပမာဏနည်းပြီး စိုက်ဧက လျော့နည်းခြင်း ဖြစ်ပါတယ်။ သို့ဖြစ်ပါ၍ လယ်/ဆည်ဝန်ကြီးဌာနမှ အလောင်းစည်သူ ရေကူတမံ၊ ချောင်းဆုံ ရေလှောင်တမံအား ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်အတွင်း အကောင်အထည်ဖော်ရန် ဘဏ္ဍာငွေများ ချပေးပြီး ဖြစ်ပါတယ်။ ယင်းရေကူတမံ တည်ဆောက်ပြီးပါက အလောင်းစည်သူကန်ရဲ့ ရေပေးဝေ နိုင်ရေးစနစ်မှာ ယုန်စုဆည်ပါ ပေးနိုင်မှာ ဖြစ်တဲ့အတွက်ကြောင့် ရေသောက်ဧရိယာဟာ (၁၂၀၀၀)ဧကအထိ တက်လာမှာ ဖြစ်ပါတယ်။ ဒါကြောင့် ရွာသူ၊ ရွာသားများက ဝန်ကြီးအားလည်း လွန်စွာမှ ကျေးဇူးတင်လျက်ရှိပါတယ်။ ထို အလောင်းစည်သူ ရေကူတမံတည်တဲ့ မြင်းကင်းအုပ်စုမှာ ရှိတဲ့ ရွာတွေကလည်း ကျွန်တော်တို့ ရေရှားပါးတဲ့အတွက်ကြောင့် ထိုဆည် ဆယ်ပေးမယ်ဆိုရင် အလွန် ဝမ်းသာနေပါတယ်။ သို့ရာတွင် မလှိုင်မြို့နယ်၊ မြင်းကင်းအုပ်စု ဘဏ္ဍာစိုးကျေးရွာနေ ဦးလှသောင်း ပါ ငါးဦးက သမ္မတကြီးထံမှာ ကန့်ကွက်လွှာ တင်ထားတယ်လို့ သိရပါတယ်။ ယင်းရေကူတမံ

ပြီးပါက တမံတည်ဆောက်မည့်နေရာ၊ ကျရောက်မည့် လယ်မြေ(၃၄.၇)ဧက၊ ယာမြေ(၁၄၁.၇၀)ဧက ပါဝင်နေခြင်းကြောင့် ဖြစ်တယ်လို့ သိရှိရပါတယ်။ လယ်/ဆည်ဌာနမှလည်း ထိုငါးဦးကို ပြေလည်စေရန် ပလပ်မြေများ၊ မြေလွတ်မြေရိုင်းများ ရှိပါက အစားထိုးပေးနိုင်ရေးအတွက် သက်ဆိုင်ရာခရိုင်၊ မြို့နယ်၊ အာဏာပိုင်များ၊ မြေစာရင်းဦးစီးဌာနမှ ဝန်ထမ်းများနှင့် ညှိနှိုင်းဆောင်ရွက်နေသည်ဟုလည်း သိရပါတယ်။ ဒါကြောင့် သက်ဆိုင်ရာ ဝန်ကြီးများကိုလည်း ယင်းကိစ္စ ပြေလည်အောင် ကူညီပေးရန် ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာ ပန်ကြားအပ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော် နမူနာ တင်ပြခဲ့တဲ့ ကင်းတားဆည်တော်ကြီး စီမံကိန်းများရဲ့ စိစစ်ဆည်ရေသောက် ဧရိယာများဆိုတာလည်း အမှန်တကယ် လက်တွေ့ရေသွင်းစိုက်ပျိုးနိုင်တဲ့ မြေဧရိယာ မှန်၏ မမှန်၏မှာ စဉ်းစားဖွယ်ရာ ဖြစ်နေပါတယ်။ အဆိုရှင်တင်ပြသွားခဲ့စဉ်က စုစုပေါင်း စီမံကိန်းလုပ်ငန်း (၁၀၀)ကျော်ကို လေ့လာစိစစ်ပြီး နောက်ပိုင်းမှာယင်း အရေအတွက်ပါ ဆည်ရေသောက်ဧရိယာ (၂၀)ရာနှုန်းထက် လျော့နည်းဆုံးရှုံးနေသည်ကို သိရပါတယ်။ ဒါကြောင့် လယ်ယာစာရင်းဇယား ကိန်းဂဏန်းများ မှန်ကန်စေရေး ဆောင်ပုဒ်ကိုသာ အမျိုးသားစီမံကိန်း ရေးဆွဲရေး နှစ်တိုနှစ်ရှည် ကာလများအတွက် ထည့်သွင်းဖော်ပြရုံနဲ့ မပြီးဘဲ လုပ်ထုံးလုပ်နည်း မှန်ကန်စွာဖြင့် ပြည်ထောင်စုအစိုးရအဖွဲ့၏ သုံးသပ်ချက်များကို ရယူလျက် တရားဝင် ထုတ်ပြန်သင့်ကြောင်း ယုံကြည်ပါ၍ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)မှ ဦးမျိုးမြင့် ၏ အဆိုကို လေးလေးနက်နက် ထောက်ခံကြောင်း တင်ပြအပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၀း၄၄။**

**ဥက္ကဋ္ဌ။** ။ ဆက်လက်ပြီး မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃) ဦးတင်မောင်ဝင်း ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၀း၄၄။**

**ဦးတင်မောင်ဝင်း၊ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃)။** ။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ၊ ပြည်ထောင်စုအဖွဲ့အစည်းဝင် ဒုတိယဝန်ကြီးများ အားလုံး ကိုယ်စိတ်နှစ်ပါး ကျန်းမာချမ်းသာကြပါစေလို့ ရှေးဦးစွာ ဆုတောင်း ဂါရဝပြု နှုတ်ဆက်အပ်ပါတယ်။ ကျွန်တော်တို့ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃)က အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးတင်မောင်ဝင်း အနေနဲ့ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၆)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးမျိုးမြင့် တင်သွင်းထားတဲ့ အဆိုနဲ့ ပတ်သက်ပြီးတော့ ကျွန်တော့်ရဲ့ အမြင်အချို့ကို ပေါင်းစပ်ပြီးတော့ ဆွေးနွေးတင်ပြသွားမှာ ဖြစ်ပါတယ်။ ဒါကို မဆွေးနွေးခင်မှာ ကျွန်တော် ၂၉ ရက်နေ့ထုတ် မြဝတီနေ့စဉ် သတင်းစာထဲမှာ၊ မျက်နှာဖုံးမှာ ဖော်ပြထားတဲ့ စာပိုဒ် ၂ ပိုဒ်ကို ကျွန်တော် ဖတ်ခဲ့ရပါတယ်။ အဓိပ္ပာယ်ကတော့ မြန်မာ့စီးပွားရေး ဖွံ့ဖြိုးတိုးတက်ရန် မြေသယံဇာတ၊ ရေသယံဇာတ၊ လူအရင်းအမြစ်များ အားကြိုးမာန်တက် လုပ်ကိုင်နိုင်သော တောင်သူလယ်သမားများ စသည့် အခြေခံကောင်းများရှိတယ်လို့ တစ်ချက်က ဖော်ပြပါတယ်။

နောက်တစ်ချက်ကတော့ နိုင်ငံခြားကျွမ်းကျင်သူများ နိုင်ငံခြားစီးပွားရေးလုပ်ငန်းရှင်များ အနေနဲ့လည်း မြန်မာနိုင်ငံရဲ့ လယ်ယာကဏ္ဍ အလားအလာ အလွန်ကောင်းမွန်ကြောင်း သုံးသပ်ပြောကြားကြပါတယ်ဆိုပြီးတော့ အဲဒီအချက်နှစ်ချက်ကို ကျွန်တော် တွေ့ပါတယ်။ အဲဒီတော့ တွေ့တော့ ဒီအချက်တွေကလည်း မှန်ကန်ပြီးသားဖြစ်ပါတယ်။ ဒါပေမယ်လို့ လယ်ယာကဏ္ဍလုပ်ငန်း လယ်ယာကဏ္ဍ ဖွံ့ဖြိုးတိုးတက်ဖို့ဆိုတာ မြေသယံဇာတ ဆိုတာလည်း အလွန်ခက်ပါတယ်။ ကျွန်တော်တို့ ရှမ်းပြည်နယ် (ရှမ်းမြောက်/ရှမ်းတောင်/ရှမ်းအရှေ့)၊ ကချင်ပြည်နယ်၊ ချင်းပြည်နယ် ဒါ သွားကြည့်လို့ရှိရင် လယ်ယာဖြစ်ဖို့မပြောနဲ့ သာမန် အခြားသီးနှံတွေ စိုက်ပျိုးဖို့တောင်မှ မတ်စောက်တဲ့ တောင်ကမ်းပါးတွေ၊ အလွန်ရာသီဥတု အအေးလွန်ကဲတဲ့တောင်ကြိုတောင်ကြားတွေ လယ်ယာစိုက်ပျိုးထားပြီးတော့ ဘိန်းပဲ စိုက်လို့ဖြစ်တဲ့ ဒေသတွေ အများအပြားရှိပါတယ်။ ဒါ ကချင်ပြည်နယ်၊ ဗန်းမော်ခရိုင်၊ မြစ်ကြီးနားခရိုင်၊ မိုးညှင်းခရိုင်ကစပြီးတော့ ရှမ်းပြည်နယ် ဒီဘက်တွေမှာသာ မြေသယံဇာတက အဆင်ပြေတာ ဖြစ်ပါတယ်။ အဲဒီတော့ မြေရှိရုံနဲ့လည်း စိုက်ပျိုးရေးလုပ်ငန်းက ပြီးတာမဟုတ်ပါဘူး။ ရေရှိဖို့ လိုပါတယ်။ ရေရှိပြန်တော့လည်း ရေကို စီမံခန့်ခွဲတဲ့ Water Management က နောက် ရေပေးဝေနိုင်သော အဆောက်အအုံတွေပေါ့။ ဆည်မြောင်းတာတမံတွေ၊ မြစ်ရေတင်စီမံကိန်းတွေ စသည်ဖြင့် ဒီလိုဟာတွေ ဆောင်ရွက်ဖို့ မှာလည်းပဲ ငွေကို အလုံးအရင်းနဲ့ သုံးရတာရှိသလို သုံးပြီးတဲ့အခါ မထိရောက်ဘဲ အကျိုးသက်ရောက်မှု အားနည်းတာတွေလည်း ဒါ တွေ့ကြုံရတာ ရှိပါတယ်။

ဒါကြောင့် ဦးမျိုးမြင့် ရဲ့ အဆိုကို ကျွန်တော်တို့ တွေ့ဖူးမြင်ဖူးတဲ့ အမြင်များ အချို့နဲ့ ပေါင်းစပ်ပြီးတော့ ဆက်လက်ပြီးတော့ ဆွေးနွေးတင်ပြသွားမှာ ဖြစ်ပါတယ်။ ယခုအဆိုမှာ ဆည်ရေပေးဝေနိုင်သည့် မြေဧရိယာများ (Irrigable Land Areas) လျော့နည်းသတ်မှတ် ဖော်ပြချက်များအပေါ် လယ်ယာကိန်းဂဏန်းများ မှန်ကန်စေရေး ပြန်လည်စိစစ်ရန်နှင့် ပြည်ထောင်စုအစိုးရအဖွဲ့၏ ခွင့်ပြုသဘောတူညီချက် ရယူထုတ်ပြန်ပေးရန် ပြည်ထောင်စုအစိုးရသို့ တိုက်တွန်းကြောင်းဆိုတဲ့ အဆိုဖြစ်ပါတယ်။ အဆို အနေနဲ့က ရှင်းလည်း ရှင်းပြီးသားပါ။ ရည်ရွယ်ချက်ကလည်း ကောင်းမွန်ပြီးသားပါ။ အမှန်ပြောရရင်တော့ ကျွန်တော့်အနေနဲ့ ဒီအဆိုကို ထောက်ခံပါတယ်လို့ပဲ ပြောပြီးရင် ဒါ ပြီးသွားရမယ့် သဘောတောင် ဖြစ်နေတယ်။ သို့သော် ဒီ အတွေ့အကြုံ အချို့ဟာ ယခင်တုန်းက ဆည်ရေသောက် ဧရိယာတွေ လျော့နည်းခဲ့တယ်။ အခုရော မလျော့နည်းဘူးလား။ နောင်ကိုရော မလျော့နည်းအောင် စီမံထားပြီးပြီလား၊ ကာကွယ်ထားပြီးပြီလား။ ဒီအချက်အလက်တွေကြောင့်မို့လို့ ကိန်းဂဏန်းများကို အမြဲတမ်းစိစစ်နေရန် လိုအပ်သလို အဲဒီစိစစ်ထားတဲ့ ကိန်းဂဏန်းကိုလည်းပဲ ပြည်ထောင်စု အစိုးရအဖွဲ့က Cabinet က ထပ်မံစိစစ်ပြီးတော့မှ အတည်ပြု ထုတ်ပြန်ဖို့ဆိုတဲ့ ဦးမျိုးမြင့် ရဲ့ အဆိုဟာ ဆက်လက်ပြီးတော့ လိုအပ်နေပါတယ်၊ ဆက်ပြီးတော့ ရှင်သန်နေဖို့ လိုပါတယ်။ သူ တင်ပြတဲ့အတိုင်း ဆောင်ရွက်နေဖို့ လိုအပ်ပါတယ်လို့ ကျွန်တော် မြင်ပါတယ်။

လယ်ယာစိုက်ပျိုးရေးနဲ့ ဆည်မြောင်းဝန်ကြီးဌာနဟာ တိုင်းပြည်ရဲ့ ဝမ်းစာဖူလုံရေး၊ ပြည်ပကို ဆန်တင်ပို့နိုင်ရေး အဲဒီအတွက် ဆည်ရေသောက် စိုက်ဧကတွေ တိုးတက်အောင် ဒါ အစဉ်အဆက် ကြိုးပမ်းဆောင်ရွက်ခဲ့ပါတယ်။ န.ဝ.တ အစိုးရခေတ်မှာ ကျွန်တော်လည်းပဲ ဒီတာဝန်တွေကို တစ်စိတ်တစ်ပိုင်း ပါဝင်ထမ်းဆောင်ခဲ့ရတဲ့အတွက်ကြောင့် ဒီအချက်ကို တင်ပြခြင်းဖြစ်ပါတယ်။

မလုပ်ခဲ့ဘူးလားဆိုတော့ လုပ်ခဲ့ပါတယ်။ လုပ်ရင်းနဲ့လည်းပဲ အားနည်းချက်တွေ၊ လိုအပ်ချက်တွေ အများအပြား ရှိခဲ့ပါတယ်။ ဆည်မြောင်းဦးစီးဌာနနဲ့ ရေအရင်းအမြစ် အသုံးချရေး ဦးစီးဌာနအနေနဲ့ ဒါ ကျွန်တော်တို့ မျက်မြင်ပေါ့။ ကနေ့လည်း တည်ရှိနေပါတယ်။ ဆည်တာတမံပေါင်း(၃၃၇)ခုလို့ ဦးမျိုးမြင့် ရဲ့ တင်ပြချက်ထဲမှာ ပါပါတယ်။

ကျွန်တော်တို့ မကွေးတိုင်းမှာ မုန်းတမံ၊ မန်းတမံ နောက် အကြီးမားဆုံးသော သဖန်းဆိပ်ဆည်ကြီး၊ နောက် မန္တလေးတိုင်းမှာဆိုလို့ရှိရင် ဆည်တော်ကြီး စသည်ဖြင့်ပေါ့။ အဲဒီလို ဆည်မြောင်းတာတမံတွေနဲ့ ဧရာဝတီမြစ်ကမ်းတစ်လျှောက်မှာ မြစ်ရေတင်စီမံကိန်းတွေ အများအပြား ဆောင်ရွက်ပေးခဲ့ပါတယ်။ အဲဒီလို ဆောင်ရွက်ခြင်းဟာလည်း ဆည်ရေကို အပိုင်သောက်ခြင်းဖြင့် ဝမ်းစာစပါးဖူလုံဖို့အပြင် ပြည်ပကိုလည်း ပို့နိုင်အောင်ဆိုပြီးတော့ ဒါ စီမံဆောင်ရွက်ပေးခဲ့တာ ဖြစ်ပါတယ်။ လယ်ယာကုန်ထုတ်လုပ်ငန်း ဖွံ့ဖြိုးဖို့အတွက် ဝန်ကြီးဌာနက အကောင်အထည် ဖော်တဲ့နေရာမှာ ခုနကတင်ပြခဲ့တဲ့ ဆည်ကြီးများဆိုရင် ဆည်ရေ ပေးဝေဖို့ပင် မကတော့ဘဲနဲ့ ယနေ့ခေတ်မှာ အလွန်လိုအပ်နေတဲ့ လူမှုရေးသုံး၊ စက်မှုသုံး လျှပ်စစ်ဓာတ်အားများပါ ပူးတွဲထုတ်လုပ်နိုင်အောင် ဆောင်ရွက်နေတယ်ဆိုတာကိုလည်း တွေ့ပါတယ်။ ဒီအတွက် သက်ဆိုင်ရာ ဝန်ကြီးဌာန အပေါ်မှာလည်း ကျေးဇူးတင်ရှိပါတယ်။ နောက် ဆည်များနဲ့ ပတ်သက်ပြီးတော့ ဦးမျိုးမြင့် ကတော့ ဆည်များကိုပဲ အထူးပြုပြီးတော့ သူက တင်ပြထားတဲ့သဘော ရှိပါတယ်။

ကျွန်တော့်အနေနဲ့တော့ နည်းပညာပိုင်းဆိုင်ရာတွေကို ချန်လှပ်ပြီးတော့ ဆည်တာတမံတွေ၊ မြစ်ရေတင် စီမံကိန်းတွေမှာ သုံးစွဲရတဲ့ ငွေကြေးပမာဏက ကြောက်ခမန်းလိလိ ဖြစ်ပါတယ်။ ငွေလုံးငွေရင်း အများကြီး သုံးရပြီးတော့မှ အဲဒီဟာ သုံးပြီးတော့ အကောင်အထည်ဖော်တဲ့ ဆည်တွေ၊ တမံတွေ၊ ဆည်မြောင်းအဆောက်အအုံတွေ၊ မြောင်းဖျားတွေကို ရေရောက်သွားပြီလား။ တောင်သူတွေ တကယ်စိုက်ရပြီလား၊ ဧက(၁၀၀၀၀) ရည်မှန်းထားရင် စောစောက ဆရာ ဦးဌေးမောင် ဆွေးနွေးတဲ့ အထဲမှာ ပါပါတယ်။ ဧက(၁၀၀၀၀)ကျော်မှာ (၉၀၀၀)ကျော်က မစိုက်နိုင်ဘူး ဆိုပြီးတော့ သူ တင်ပြတဲ့ အထဲမှာလည်း ပါပါတယ်။ အဲဒီတော့ အဲဒီရည်မှန်းချက်တွေအတွက် လုပ်ကိုင်ရင်းနဲ့ လယ်ယာစိုက်ပျိုးရေးဝန်ကြီးဌာနက ၂၀၁၁-၂၀၁၂ မှ ၂၀၁၅-၂၀၁၆ အထိ အကျုံးဝင်တဲ့ ပဉ္စမ(၅)နှစ်စီမံကိန်း ကာလ ရည်မှန်းချက်ကို ဖော်ပြထားရာမှာ စိုက်ဧရိယာ (၅.၈)သန်းဧကအထိ တိုးတက်အောင် ဆောင်ရွက်ရန်လို့ ဖော်ပြထားကြောင်း တွေ့ရပါတယ်။ အလားတူပဲ ဆည်ရေသွင်း စိုက်ဧရိယာများ တိုးတက်အောင် ဆောင်ရွက်ရေးမှာ (၅)နှစ်စီမံကိန်းကာလအတွင်း ရေသွင်းစိုက်မြေဧက တစ်နှစ်လျှင် ပျမ်းမျှ(၁)ရာခိုင်နှုန်း ရှိသည်လို့ ဖော်ပြထားပါတယ်။ အဲဒီအတိုင်း ရည်မှန်းချက်အတိုင်း မှန်မှန်တိုးသွားမယ်ဆိုလို့ရှိရင် ဝမ်းမြောက်ဖွယ်ရာ ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော် ဆည်တွေနဲ့ ပတ်သက်ပြီးတော့ လက်တွေ့ ကြုံဖူးတဲ့ဖြစ်စဉ်နှစ်ခုကို သာဓကအဖြစ်နဲ့ ကျွန်တော် တင်ပြချင်ပါတယ်။ ၁၉၉၂ ခုနှစ်နဲ့ ၁၉၉၈ ခုနှစ် ကြားကာလမှာ မန္တလေးတိုင်းက ခရိုင်တစ်ခုမှာ ကျွန်တော် ခ.ဝ.တ ဥက္ကဋ္ဌ တာဝန်ထမ်းဆောင်ပါတယ်။ အဲဒီခေတ်အခါမှာ န.ဝ.တအစိုးရအနေနဲ့ တွန်းအားပေးဆောင်ရွက်တဲ့အလုပ်ကတော့ စိုက်ဧကတွေ တိုးတက်ရေးနဲ့ သီးနှံအထွက်တိုးရေး ပြည်သူရဲ့စားဝတ်နေရေးအတွက် ဒါကို ရည်မှန်းချက်ထားပြီးတော့ ဆောင်ရွက်ခဲ့တာကို ကျွန်တော်လည်း ပါဝင်ဆောင်ရွက်ခဲ့ရတဲ့အတွက် ကျွန်တော် မှတ်မိပါတယ်။ အဲဒီတော့

ဒီလို တွန်းအားပေးတဲ့အချိန်မှာ မြေဧရိယာ တိုးချဲ့ရေးကတော့ စကားနဲ့ပြောရမယ်ဆိုရင် Command Area ထဲမှာ ရှိရင် အထိုက်အလျောက် လွယ်ကူပါတယ်။ ဒါပေမဲ့ အဲဒီနေရာကို ရေရောက်သွားဖို့ ရေ ရရှိဖို့သာလျှင် ခက်တာ ဖြစ်ပါတယ်။ အဲဒီတော့ မြို့နယ်တစ်ခုမှာ ကျွန်တော်တို့ လိမ်ညာတဲ့ ကိန်းဂဏန်းတွေ ဒါ ကျွန်တော်ကိုယ်တိုင် တွေ့ကြုံခဲ့တာဖြစ်လို့ ဒါ ယနေ့ခေတ်အခါမှာတော့ ဒီလိုမျိုး မရှိတော့လောက်ဘူးလို့လည်း မျှော်လင့်ပါတယ်။ မရှိရဖို့အတွက်လည်း ဥက္ကဋ္ဌကြီးမှတစ်ဆင့် အသိပေး တင်ပြခြင်း ဖြစ်ပါတယ်။

မြစ်ရေဝင် ဧကတွေမှာ ဧက(၃၀၀၀)ကနေ (၅၀၀၀)ကြားကို တိုးပြီးတော့ စိုက်ကြတယ်။ အဲဒီအချိန်မှာ တိုင်း တ.ယ.က ပေါ့၊ အဲဒီအချိန်အခါ တ.ယ.က ကလည်း စိုက်ဧကတွေ တိုးခိုင်းမယ်။ တိုးခိုင်းတော့ မြေကြီးဆိုတာလည်း တိုးလို့ လွယ်တာ မဟုတ်ပါဘူး။ ရေ ဆိုတာကလည်း ပိုင်အောင် ရှာပြီးတော့ ပို့လို့ လွယ်တာမဟုတ်ပါဘူး။ ဒါပေမဲ့ လွယ်လွယ် မလွယ်လွယ် စိုက်ဧကတွေ တိုးချင်တယ်။ ဒါ အဲဒီအချိန်အခါမှာတော့ န.ဝ.တ ဥက္ကဋ္ဌကြီးကို ကြောက်လို့ပေါ့၊ မတိုးမဖြစ် တိုးကြတယ်။ တိုးကြတော့ ကျွန်တော်က လက်မခံပါဘူးလို့ မြို့နယ်တစ်မြို့နယ်ပေါ့၊ အဲဒီမြို့နယ်က ကျွန်တော့်ကို ဒီတိုင်း စိုက်ဧက တိုးပါမယ်။ ဟာ.. ခင်ဗျား ဘယ်လို တိုးမှာလဲ။ ခင်ဗျား တကယ်တိုးစရာ မြေကြီးလည်း မရှိဘူး။ ရေလည်း မရှိဘူး။ ဘယ်လို တိုးမှာလဲဆိုတော့ မြစ်ရေဝင် ဒေသတွေမှာ ဧက (၃၀၀၀)ကျော် အစိုက်ပြလိုက်မယ်တဲ့။ အဲဒီတော့ မြစ်ရေ ဝင်သွားပြီးလို့ တစ်ပတ် (၁၀)ရက်လောက် ရေနေတယ်ဆိုရင် အမြစ်တွေ ပုတ်ပြီးတော့ ပြတ်သွားတယ် ဆိုပြီးတော့ အစိုက်ပြတဲ့ဟာကို အပျက်ပြန်ပြလိုက်ပါမယ်။ အဲဒီအတိုင်း ကျွန်တော့်ကို သတင်းပို့ပါတယ်။ ကျွန်တော်ကတော့ လက်မခံဘူးဆိုပေမယ့် နောက်ဆုံးမှာ တိုင်းအဆင့်တိုင်းဦးစီးတွေ စိုက်ပျိုးရေးတို့ မြေစာရင်းတို့ အဲဒီပုဂ္ဂိုလ်တွေက ဆင်းလာပြီးတော့ ကျွန်တော်တို့လည်း မတတ်သာလို့ပါ။ ကျွန်တော်တို့ ပြောရရင်တော့ တိုင်းဥက္ကဋ္ဌပေါ့ ခင်ဗျား။ တိုင်းဥက္ကဋ္ဌက စိုက်ဧရိယာ မတိုးရင်မရဘူး ဆိုပြီးတော့ တာဝန်ပေးလို့ ဒါလေးတော့ သဘောတူပေးပါ ဆိုပြီးတော့ ကျွန်တော် အဲဒီကြမှ ကျွန်တော်က သဘောတူခဲ့ပါတယ်။ ဒါ လိမ်တဲ့ အထဲ ကျွန်တော်တို့လည်း ပါခဲ့ပါတယ်။ နောက် မမှန်ကန်တဲ့ ကိန်းဂဏန်းကို ကျွန်တော် လက်ခံပြီးတော့ သူတို့ကြောင့် လက်ခံခဲ့ပါတယ်။ အဲဒါကြောင့် နောက် အဲဒီနေရာမှာပဲ နောက်ထပ်တိုးလို့ ရသေးတယ်ခင်ဗျား။ ဘယ်လို တိုးရလဲဆိုတော့ ရေကျ နောက်စိုက် တစ်ဆံကျဲစပါးဆိုတာ ရှိပါတယ် ခင်ဗျား။ အထွက်တော့ သိပ်မကောင်းဘူး။ တစ်ဧကကို တင်း(၂၀)ခန့် စသည်ဖြင့် (၁၅)တင်းခန့် ဒီလောက်ပဲ ထွက်တယ်။ အဲဒီတော့ အဲဒီဟာတွေမှာ အစိုက်ပြလိုက်တယ်။ တကယ်မစိုက်ဘူး။ ဒါပေမဲ့ ပြီးလို့ရှိရင် သူက ရေငတ်လို့ ပျက်သွားပြီဆိုပြီးတော့ အပျက်ပြတော့ အမှန်က လိမ်တဲ့ ဂဏန်းက နှစ်ခါပြလို့ ရပါတယ်။ အဲဒီတော့ ဒီလို ဖြစ်ရပ်တွေဟာ ကျွန်တော်တို့ တကယ်ပဲ ရှိခဲ့ပါတယ်။ အဲဒီအထဲမှာ ကျွန်တော် ကိုယ်တိုင်လည်း ပါဝင်ခဲ့ပါတယ်။

အဲဒါကြောင့် ဒီလိုကိန်းဂဏန်းအမှန်များ မရှိရင် အမျိုးသားစီမံကိန်းမှာ ကျွန်တော်တို့ GDP တွက်တဲ့အခါမှာ ဒါ မှားယွင်းသွားမှာ ဖြစ်ပါတယ်။ ကျွန်တော်တို့ရဲ့ စီမံကိန်းတွေ အောင်မြင်ဖို့ရာ ခက်ခဲမှာ ဖြစ်ပါတယ်။ ဦးမျိုးမြင့် ရဲ့ အဆိုထဲမှာ ဆည်ရေသောက် မြေဧရိယာများ လျော့နည်းစေတဲ့ အကြောင်းအရင်းများ ဆိုပြီးတော့ အကြောင်းအချက်(၁၃)ခု အဲဒါ သူ တင်ပြထားတာ ရှိပါတယ်။ အဲဒါကိုတော့ ကျွန်တော် ဖတ်ကြားပြီးတော့ မဆွေးနွေးတော့ပါဘူး။ အဲဒီလို (၁၃)ချက်ထဲမှာ

ရေသောက်စနစ် မြောင်းလက်တံများ၊ မြောင်းခွဲများကို ပီပီပြင်ပြင် ဆောင်ရွက်ထားမှု မရှိတဲ့ကိစ္စများ ဒါတွေကတော့ အောက်ခြေက မြို့နယ်အဆင့်လောက်က ဆည်ဝန်ထမ်းတွေနဲ့ ဆိုင်ပါလိမ့်မယ်။ တာတမံကြီးတွေ ကတော့ အထူးစီမံကိန်းအနေနဲ့ အကောင်အထည်ဖော် တာဖြစ်တဲ့အတွက် စက်ယန္တရားအင်အား အလုံအလောက် နောက်ပြီးတော့ စက်သုံးဆီ အင်အားအလုံအလောက်၊ အဲဒီလိုနဲ့ ပညာသည် အင်အား အလုံအလောက် အဲဒီလိုနဲ့ အကောင်အထည်ဖော်ရတာ ဖြစ်ပြီးတော့ မြို့နယ်တစ်ခုချင်း တစ်ခုချင်းမှာ ဆည်ရေသောက်ဧရိယာမှာ ရှိနေတဲ့ အောက်ခြေဝန်ထမ်းလေးတွေ အပိုင်းကျတော့ ပုံမှန်ထိန်းသိမ်းမှုပေါ့ (Maintenance) အဲဒီဥစ္စာကိုလည်း အမှန်ပြောရရင်တော့ ကျွန်တော်တို့ သိဖူးကြားဖူးတဲ့ ဆည်မြောင်းဌာနဆိုတာ အလွန် စနစ်ကျပြီးတော့ အလွန်အင်မတန်မှ တိကျတဲ့ပုဂ္ဂိုလ်များ ဖြစ်ပါတယ်။ တိုင်တောင် ဘယ်လောက် ဘယ်လောက်နဲ့ကြားမှာ မြောင်းဖာဖို့ လိုတယ်၊ ကျိုးနေတယ်ဆိုရင် ချက်ချင်းသိပြီးတော့ ချက်ချင်းသွားပြီးတော့ လုပ်တဲ့ အနေအထားမှာ ရှိပါတယ်။

သို့သော်လည်းပဲ အကြောင်းအမျိုးမျိုးကြောင့် အကြောင်းအမျိုးမျိုးဆိုတာက အခြားသော တောင်သူလယ်သမားတွေရဲ့ ကဏ္ဍကလည်း ပါလာတဲ့အတွက်ကြောင့် ဆည်ဝန်ထမ်းတွေလည်း တာဝန်မကျေတာ ရှိပါတယ်။ ဆည်ဝန်ထမ်းတွေက ပိုက်ဆံယူပြီးတော့ မြောင်းတစ်မြောင်းကို ရေလွှတ်ပေးတယ်။ ကျန်တဲ့ မြောင်းကျတော့ ရေလုံလောက်အောင် လွှတ်မပေးဘူးဆိုတဲ့ လုပ်ရပ်တွေလည်း ရှိခဲ့ပါတယ်။ အဲဒါ ကျွန်တော်တို့ရဲ့ လက်တွေ့ တွေ့ကြုံခဲ့တဲ့အထဲမှာ မတ္တရာမြို့နယ် ၁၉၉၂ ကနေ ၁၉၉၈ အထိ ကျွန်တော် ပြင်ဦးလွင်ခရိုင် တာဝန်ယူခဲ့ပါတယ်။ မတ္တရာမြို့နယ် တောင်ကန်ဆိုတဲ့နေရာမှာ အမှန်ကတော့ ကန်ကြီးပါပဲ။ အဲဒီကန်ကြီးကို ပို၍ခိုင်မာအောင် ပိတ်ထားပြီးတော့ ရေထုတ်တံခါးတွေ တပ်ပြီးတော့ ရေလှောင်တမံငယ်လေးအဖြစ်နဲ့ ဖန်တီးထားတဲ့ တမံ ဖြစ်ပါတယ်။ အဲဒီထဲက ရေထုတ်ပေးတဲ့ ရေသောက်ဧရိယာက ဧက(၈၀၀)ခန့် ရှိပါတယ်။ အဲဒီ (၈၀၀)ကို တောင်ကန်ရဲ့ အလယ်ကနေပြီးတော့ ကျွန်တော်တို့ (၆)ပေလောက်ကျယ်တဲ့ ကွန်ကရစ် မြောင်းနဲ့ ရေကို ထုတ်ပေးလိုက်ပြီးတော့ အဲဒီ ကိုက်ပေါင်း(၂၀၀)၊ (၃၀၀)လောက်အကွာမှာ နောက်ထပ် ရေတံခါးတစ်ခု တပ်ပြီးတော့ လက်တံခွဲနှစ်ခု သူက ရှမ်းမြောင်း လို့ အမည်ရပါတယ်။ ရှမ်းမြောင်းရဲ့ မြောက်ဘက်လက်တံ၊ ရှမ်းမြောင်းရဲ့ တောင်ဘက်လက်တံဆိုပြီးတော့ လက်တံနှစ်ခု ခွဲပါတယ်။ အဲဒီတော့ ခွဲတဲ့နေရာမှာ တောင်ဘက် လက်တံရဲ့ မြောင်းဖျားထိပ်မှာ ဧက(၂၀၀)ခန့် ရှိတာပါ။

အဲဒီတော့ တစ်နေ့သောအခါ ကျွန်တော် အဲဒီနယ်မြေ တောင်ကန်ရဲ့ အခြေအနေကို သွားကြည့်ရင်းနဲ့ အဲဒီတောင်မြောင်းက သောက်တဲ့ ဧက(၂၀၀)ဟာ မိုးရာသီကြီးမှာ ရေပေးဝေနေတဲ့ အချိန်မှာ ခြောက်ကပ်ပြီးတော့ ရေမရပါဘူး။ ဘာမှလည်း စိုက်မထားပါဘူး။ အဲဒီတော့ ဒါ အလွန် ထူးခြားတဲ့ အခြေအနေ ဖြစ်တဲ့အတွက် အဲဒီဒေသက တောင်သူတွေကိုလည်း မေးပါတယ်။ ဆည်မြောင်း အရာရှိတွေကိုလည်း မေးပါတယ်။ မေးတဲ့အခါကျတော့ သူဖြစ်နေတဲ့ ဥစ္စာက လွယ်လွယ်လေးနဲ့ ဖြစ်နေတာ၊ မြောင်းလက်တံ (၂)ခု လက်တံ(၁)နှင့်(၂)ခွဲလိုက်တဲ့နေရာမှာ တစ်ဖက်က ရေယူချင်ရင် တစ်ဖက်က ဒီပျဉ်ချပ်တွေ ဆည်မြောင်းက လုပ်ပေးထားတဲ့ ပျဉ်ချပ်တွေ ရှိပါတယ်။ နှစ်ပေခွဲ သုံးပေလောက်ရှိတဲ့ ပျဉ်ချပ်တွေနဲ့ သုံးချပ်၊ လေးချပ်လောက် ဆင့်လိုက်လို့ရှိရင် ဒါတစ်ဖက်ကို ရေပိတ်

ပြီးသားဖြစ်သွားပြီးတော့ ကျန်တဲ့ မြောင်းကို ရေဆင်းသွားပါတယ်။ အဲဒီတော့ အဲဒီလို အလှည့်ကျ လက်တံ(၁)နဲ့ (၂)ကို အလှည့်ကျ ရေပေးဝေမှု အပိုင်းမှာ ဆည်မြောင်းဝန်ထမ်းက မလုပ်ရဲဘူး။ ဘာကြောင့် မလုပ်ရဲသလဲဆိုတော့ သူတို့နေတာက အဲဒီ မြောက်မြောင်းထိပ်မှာ ရွာဖြစ်နေတဲ့အတွက် အဲဒီရွာသားတွေကို သူက ကြောက်နေတယ်။ ကြောက်နေတာလည်း ပါမှာပေါ့။

နောက်တစ်ခုကလည်း အဲဒီမှာပဲ အခြေချနေတာ ဖြစ်တဲ့အတွက် ကြောက်လို့လည်း ဖြစ်မယ်။ ချစ်လို့လည်း ဖြစ်မယ်။ ဒီလို သဘောတော့ ရှိပါတယ်ခင်ဗျား။ အဲဒီအခါမှာ ဟိုက (၆)နှစ် ရှိသွားပြီ။ မစိုက်မပျိုးရတာ၊ ဒါ အဲဒီဘက် ဒေသက ဧက(၂၀၀)အတွက် အရမ်းပဲ နစ်နာနေပါတယ်။ အဲဒါနဲ့ ကျွန်တော်က မေးကြည့်လိုက်တဲ့ အခါကျတော့ ဒီလိုပဲ မြောင်းပျဉ်ချပ်တွေက ခဏခဏပျောက် သွားတယ်ဆိုတော့ ရေရနေတဲ့ မြောက်မြောင်းက သူကဟို (၈)လက်မလောက် သူကနိမ့်ထားတယ်။ နိမ့်ထားပြီးသားကို ရေပိတ်ပြီးတော့မှ ရေတင်မှရမှာ၊ အဲဒီ ပျဉ်ချပ်တွေ ပျောက်နေတယ်ဆိုပြီး အကြောင်း ပြတဲ့အတွက် ကျွန်တော်က ပထမတစ်ချက် ဘာလုပ်လိုက်လဲဆိုတော့ အဲဒီ မြောင်းကြပ်ရဲ့ မြောင်းစောင့်တဲကို အဲဒီလက်တံခွဲ(၁)နဲ့(၂) ခွဲတဲ့ ထိပ်မှာ တဲကို ချက်ချင်းရွှေ့ခိုင်းလိုက်ပါတယ်။ နောက် တစ်ခါ အဲဒီတဲရွှေ့ပြီးတာနဲ့ ဘာဆက်လုပ်လိုက်သလဲဆိုတော့ မြောက်မြောင်းကို တစ်နေကုန် မနက်လင်းတဲ့ အချိန်ကစပြီး ဥပမာ ညနေ(၆)နာရီထိ တစ်နေကုန်ပေး၊ ပြီးလို့ရှိရင် မြောက်မြောင်းဘက် အခြမ်းကို ပျဉ်တွေနဲ့ပိတ်၊ ပိတ်ပြီးတော့ တောင်မြောင်းကို တစ်ညလုံး ပေးဆိုပြီးတော့ သိပ်ခရီးမကွာ ပါဘူး။ အဲဒီမြောင်းတွေရဲ့ အရှည်က အမှန်ပြောလို့ရှိရင်တော့ (၁)မိုင်သာသာပဲ ရှိပါတယ်။ ရေတကယ် ပေးမယ်ဆိုရင် ချက်ချင်းရောက်ပြီးတော့မှ ဒါ အမှန်တကယ်လည်း ပြည့်ပြည့်ဝဝရတဲ့ မြောင်းတွေ ဖြစ်ပါတယ်။

အဲဒီလို စီစဉ်လိုက်တဲ့အခါမှာ ခုနက ဆည်ရေ မသောက်ရလို့ (၆)နှစ်ကြာ ကုန်းသီးနှံပဲ စိုက်နေရတဲ့ မြေဧကတွေဟာ ဧက(၂၀၀)ခန့်ဟာ ဆည်ရေ သောက်ပြန်ဖြစ်သွားပြီးတော့ အဲဒီတော့ ကျွန်တော်တင်ပြချင်တာ Water Management ကို ကျွန်တော် တင်ပြခြင်း ဖြစ်ပါတယ်။ Water Management သည် ဆည်မြောင်းဝန်ထမ်းကြောင့်လည်း ဖြစ်တယ်။ တောင်သူတွေကြောင့်လည်း ဖြစ်တယ်။ ဒါကို ကျွန်တော်တင်ပြခြင်း ဖြစ်ပါတယ်။ နောက် အလားတူပဲ မင်းဘူးခရိုင်၊ ပွင့်ဖြူမြို့နယ်နဲ့ မင်းဘူး-စကုနဲ့ ဆက်စပ်တဲ့ ဧရိယာမှာ မဲဇလီဆည်ကပေးတဲ့ နေရာမှာလည်း အလားတူပြဿနာတွေ ဖြစ်ဘူးပါတယ်။ ဒါကြောင့် ကျွန်တော်တို့က ကိန်းဂဏန်းတွေ မမှန်ရင် ကျွန်တော်တို့ရဲ့ နောင်အနာဂတ် စီမံကိန်းတွေလည်း လွဲချော်နိုင်တာ ဖြစ်တဲ့အတွက်ကြောင့် ဦးမျိုးမြင့် တင်သွင်းထားတဲ့ ယခုအဆိုကို ထောက်ခံရခြင်းဖြစ်ပါကြောင်း လေးစားစွာနဲ့ ဆွေးနွေးတင်ပြအပ်ပါတယ်။

**အချိန်၊ ၁၁း၀၃။**

**ဥက္ကဋ္ဌ**။ ။ ဆက်လက်ပြီး ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)မှ ဦးခင်မောင်ရီ ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၁း၀၃။**

**ဦးခင်မောင်ရီ၊ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)**။ ။ လေးစားအပ် ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးအား အမှူးထား၍ ပြည်ထောင်စုအဖွဲ့အစည်းဝင် ပုဂ္ဂိုလ်များ၊ လွှတ်တော်ကိုယ်စားလှယ်ကြီးများအားလုံး ကျွန်တော်လေးစားစွာနဲ့ ဂါရဝပြု နှုတ်ခွန်းဆက်သအပ်

ပါတယ်။ ကျွန်တော့်အနေနဲ့ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)က ဦးခင်မောင်ရီ ဖြစ်ပြီးတော့ ကျွန်တော်တို့ အစည်းအဝေးကြီးရဲ့ ပထမနေ့မှာပင် မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၆)က အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးမျိုးမြင့် တင်သွင်းသွားတဲ့ ဆည်ရေပေးဝေ နိုင်သည့် မြေဧရိယာများ (Irrigable Land Areas) လျော့နည်းဖော်ပြ သတ်မှတ်ချက်များအပေါ် လယ်ယာ ကိန်းဂဏန်းများ မှန်ကန်စေရေး ပြန်လည်စိစစ်ရန်နှင့် ပြည်ထောင်စုအစိုးရအဖွဲ့၏ ခွင့်ပြု သဘောတူညီချက် ရယူထုတ်ပြန်သွားရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်းဆိုတဲ့ အဆိုကို ထောက်ခံ ဆွေးနွေးသွားမှာ ဖြစ်ပါတယ်။

ဒီအဆိုမှာ ပါဝင်အကျုံးဝင်တဲ့ Irrigable Land Areas ဆိုတာက လယ်/ဆည်ဝန်ကြီးဌာန အောက်မှာ ဆည်မြောင်းဦးစီးက တာဝန်ယူရတဲ့ ရေကို လှောင်ထားပြီး သဘာဝအလျောက် Gravity Flow နဲ့ လွှတ်ပေးတဲ့ ဆည်မြောင်းကိစ္စတွေ ပါသလိုပဲ ဒီဝန်ကြီးဌာနအောက်မှာပဲရှိတဲ့ ရေအရင်း အမြစ် အသုံးချရေး ဦးစီးဌာနက မြစ်ကရေကို လျှပ်စစ်နဲ့ မောင်းတင်ပြီးတော့ Lift Irrigation တွေပေးတဲ့ လုပ်ငန်းတွေလည်း ပါဝင်တာတွေ့ရမှာလည်း ဖြစ်ပါတယ်။ အဲဒီမှာ ကျွန်တော် ကိုယ်စားလှယ်တော်ကြီး ဦးမျိုးမြင့် ရဲ့ အဆိုကို ကြားလိုက်တဲ့အခါမှာ (၂)ပိုင်း သွားတွေ့ပါတယ်။ Irrigable Land Areas ဆိုတာကတော့ ပေးဝေနိုင်မယ့် ဧရိယာ ဖြစ်ပြီးတော့ Irrigated Land Areas ကတော့ ပေးဝေနေတဲ့ လက်တွေ့ပေးဝေနေတဲ့ ဧရိယာဖြစ်တယ်ဆိုတာ ကျွန်တော်တို့ လေ့လာတွေ့ရှိပါတယ်။ အဲဒီ (၂)ခုမှာ ဒါ ထုံးစံကတော့ Irrigable ပေါ့၊ ပေးဝေနိုင်မယ့် ဧရိယာတော့ ပိုသတ်မှတ်ရပါတယ်။ အကြမ်းဖျင်း အားဖြင့် (၇)ရာခိုင်နှုန်းနဲ့ (၁၀)ရာခိုင်နှုန်းကြားမှာ ဘာကြောင့်လဲဆိုတော့ သတ်မှတ်ပြီးကာမှ ဒီအထဲမှာ Gravity Flow နဲ့ ဆန့်မတက်နိုင်တဲ့ ကုန်းကျဉ်းပါလာမယ်။ ကုန်းတွေပါ လာမယ်ပေါ့၊ အဲဒီအပြင်လည်း မြစ်ကြောင်းဘေးမှာဆိုရင် မြစ်ကြောင်းပြောင်းလို့ ရေစီးကမ်းပြိုတာတွေ ရှိပါတယ်။ နောက်ကျွန်တော်တို့ Development Project လို့ခေါ်တဲ့ ဖွံ့ဖြိုးရေးစီမံကိန်းအရ လမ်းတွေ ဖောက်ပစ်တာလည်း ရှိပါတယ်။ လူနေအိမ်ခြေတိုးတက်တာလည်း ရှိပါတယ်။ ဒါတွေကြောင့် လျော့မှာ ဖြစ်တဲ့အတွက်ကြောင့် သူက နဂိုကတည်းက အပိုဆောင်းပြီးတော့ (၇)နဲ့(၁၀)ရာခိုင်နှုန်းလောက် ပိုထည့်ထားတာဖြစ်တဲ့အတွက် Irrigable Land Areas ကတော့ ပိုပြီးတော့ များပါတယ်။ ဒါတော့ သဘာဝကျပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ဟာ ဒီခေါင်းစဉ်ကို ဆွေးနွေးရတာက အခုပြောသွားတဲ့ ဦးမျိုးမြင့် ရဲ့ အဆိုမှာပါတဲ့ Infrastructures အဆောက်အအုံတွေ အားလုံးဟာ ကျွန်တော်တို့ တိုင်း ထဲမှာ အကုန်ရှိနေပါတယ်။ ကျွန်တော့်မဲဆန္ဒနယ်ထဲမှာကို (၂)မျိုး၊ (၃)မျိုး အကုန်ရှိနေပါတယ်။ ဒါကြောင့် ဒါတွေဟာ ကျွန်တော်တို့နဲ့ ထဲထဲဝင်ဝင် ထိတွေ့ဆက်ဆံနေရပြီးတော့ ကျွန်တော်တို့ဟာ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်၊ ပြည်သူ့ကိုယ်စားလှယ်ဖြစ်တဲ့အတွက်ကြောင့် ကျွန်တော်တို့ ကိုယ်တိုင် ကိုယ်စားပြုထားတဲ့ မဲဆန္ဒနယ်မှာ မဲဆန္ဒရှင်(၇၀)ရာခိုင်နှုန်းကျော် ပါဝင်တဲ့ တောင်သူတွေရဲ့ ကိစ္စ။ ဒီကိစ္စကို နိုင်ငံတော်ကလည်းအလေးပေးပြီး နိုင်ငံတော်သမ္မတက ဆင်းရဲနွမ်းပါးမှု လျှော့ချရေး ဆိုတဲ့ ခေါင်းစဉ်နဲ့ လုပ်ငန်းကြီးတစ်ခုလုပ်နေတဲ့ အချိန်မှာ ဒါတွေကို ကျွန်တော်တို့က ထဲထဲဝင်ဝင်ပါဝင် ဆွေးနွေး ပေးရခြင်း ဖြစ်ပါတယ်လို့ တင်ပြချင်ပါတယ်ခင်ဗျား။

လယ်ယာစီးပွားဖွံ့ဖြိုးတိုးတက်ရေးဆိုတာက အထောက်အကူပြုတဲ့ ကိစ္စများကို နိုင်ငံတော်က ပေးရပါတယ်။ အဓိက ကတော့ ရေပေးတဲ့ ကိစ္စပါ။ နံပါတ်(၁) ကတော့ ဆည်မြောင်း၊ ဆည်မြောင်းတာတမံ ဒါ ရေရတဲ့ကိစ္စတွေ စောစောကပြောတဲ့ မြစ်ရေတင်တဲ့ ကိစ္စတွေ ဒါရေ ရရှိရေးပေါ့။ ဒုတိယကတော့ သွင်းအားစု လုပ်ငန်းဖြစ်ပါတယ်။ ဒါကတော့ ဓာတ်မြေသြဇာ၊ ပိုးသတ်ဆေး စတဲ့ သွင်းအားစုတွေပဲ နိုင်ငံတော်က ထုတ်ပေးရတာ၊ တင်သွင်းပေးရတာတွေ ရှိပါတယ်။ နောက်တစ်ခုကတော့ နည်းပညာပါ။ နည်းပညာကတော့ နည်းစနစ်ပိုင်း စိုက်ပျိုးရေးနည်းစနစ်နဲ့ တောင်သူပညာပေး လုပ်ငန်းတွေ ဖြစ်ပါတယ်။

နောက်တစ်ခုကတော့ ရွေးချယ်ခြင်းပေါ့ (Choice)။ အဲဒါကတော့ ပထဝီ အနေအထားနဲ့ ရာသီဥတုအနေအထားနဲ့ ကိုက်ညီမယ့် စိုက်ပျိုးသီးနှံအမျိုးအစားကို သတ်မှတ်ပေးရတာ။ ဒါတွေကို စိုက်ပေးမယ့် နည်းစနစ်တွေကို ကျွန်တော်တို့ ကူညီရတာတွေ ရှိပါတယ်။ အဲဒီအခါမှာ ဒေသအဆင့်ဆင့်မှာရှိတဲ့ အုပ်ချုပ်ရေးပိုင်းတာဝန်ရှိတဲ့ ပုဂ္ဂိုလ်ရော၊ ဝန်ထမ်းရောဟာ အပြောသဘောမျှသာ မဟုတ်၊ ရုပ်ပြ သဘောမျှသာ မဟုတ်ဘဲနဲ့ လက်တွေ့ကျကျ တောင်သူနဲ့ ပူးပေါင်းကွင်းဆင်းပြီးတော့ ထိတွေ့ ဆောင်ရွက်ပေးနိုင်မှသာလျှင် နိုင်ငံတော်ရဲ့ ထည့်ဝင်ရတဲ့ တစ်နည်းအားဖြင့် နိုင်ငံတော်ရဲ့ အစီအမံနဲ့ ရရှိတဲ့ ရန်ပုံငွေများနဲ့ ပူးပေါင်းဆောင်ရွက်တာတွေဟာ အောင်မြင်မယ်ဆိုတာ ဒါတော့ အားလုံးငြင်းလို့ မရဘူးလို့ ကျွန်တော် ယုံကြည်ပါတယ်။ ဒီမှာ အဓိကကျတဲ့ ပစ်မှတ်ကတော့ ဒီနေ့ ဦးမျိုးမြင့် ရဲ့ အဆိုထဲမှာ ဆည်မြောင်း လုပ်ငန်းဖြစ်တယ် ဆိုရင်တော့ မှားမှာမဟုတ်ပါဘူး။ နိုင်ငံတော်မှာ ထုထည်အကြီးမားဆုံး စီးပွားရေးလုပ်ငန်းဟာ လယ်ယာစီးပွားရေးလုပ်ငန်းဖြစ်ပါတယ်။ အဲဒီအထဲမှာ ဆည်မြောင်းလုပ်ငန်းဆိုတာပါပြီးတော့ အဲဒီအထဲမှာ ရေလှောင်တမံတွေ၊ ရေလွှဲဆည်တွေ၊ ဒါတွေကို စီမံကိန်းတွေဆွဲ၊ ရေသောက်ဧရိယာတွေတွက်၊ ပြီးလို့ရှိရင် ဆည်ရေပေးလိုက်ဆိုတဲ့ ဒီလို ကဏ္ဍ တစ်မျိုးတည်းနဲ့တော့ လယ်ယာစီးပွားရေးဟာ ဖွံ့ဖြိုးလာမှာ မဟုတ်သေးဘူး ဆိုတာတော့ ကျွန်တော်တို့ ထောက်ပြလိုခြင်း ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ အဆိုရှင်က ရှေးယခင်ကတည်းက (၈၈) အရင်ကနေပြီးတော့ ဒီနေ့အထိအောင် တည်ဆောက်ပြီးခဲ့တဲ့ ဆည်မြောင်းစီမံကိန်းကြီးများအပေါ် ရေလှောင်တမံတွေ၊ ရေလှောင်ကန်တွေ၊ ရေလွှဲဆည်တွေ၊ ရေလှောင်တမံကြီး/ငယ်တွေရဲ့ မူလဆည်ရေသောက်ဧရိယာ သတ်မှတ်တာနဲ့ လက်တွေ့ဖြစ်နေတာ စောစောကပြောတဲ့ Irrigable နဲ့ Irrigated ဖြစ်နေတာကို သူ ဇယားတစ်ခုနဲ့ ရှင်းပြတာ၊ မှတ်မိလိုက်ပါတယ်။ အဲဒီဇယားကို လေ့လာတုန်းကတော့ ကျွန်တော် တိုင်းဒေသကြီး နဲ့ ပြည်နယ်(၁၂)ခုပဲ တွေ့လိုက်ပါတယ်။ စိုက်နိုင်တဲ့ Irrigable က(၂၈၇၃၇၅၉)လို့ မှတ်မိလိုက်ပြီးတော့ လက်တွေ့စိုက်နေတဲ့ ပြထားတဲ့ Figure မှာ Irrigated ကတော့ (၂၂၀၈၄၅၆)ပဲ ရှိတာဖြစ်တဲ့အတွက်ကြောင့် အဲဒီမှာ ပျောက်နေတဲ့ဟာက ဘယ်လောက်လဲဆိုရင် (၆၆၅၀၀၀) ဖြစ်ပါတယ်။ ဧကပေါင်း။ ဒါဖြင့်ရင် သူက သတ်မှတ်တာရဲ့ (၂၃)ရာခိုင်နှုန်းဆိုတော့ တော်တော်လေး များပါတယ်။ (၄)ပုံ(၁)ပုံခန့် ပျောက်တယ်လို့ ခန့်မှန်းလို့ ရပါတယ်။ ဒီကိန်းဂဏန်းကို မှတ်သားထားတဲ့ အတွက်ကြောင့် သတိထားမိတဲ့အချက်ကတော့ တိုင်းဒေသကြီးနဲ့ ပြည်နယ်(၁၂)ခုလို့ ပြတဲ့အတွက်ကြောင့် မပါတာ တနင်္သာရီတိုင်းဒေသကြီးနဲ့ ရခိုင်ပြည်နယ်ဖြစ်နေတာကို သွားတွေ့ပါတယ်။ ဒါကတော့ ကျွန်တော်(၂)ခုဖြစ်နိုင်ပါတယ်။ တစ်ခုကတော့ အဲဒီဒေသမှာ စောစောက သူ ဥပမာပေးနိုင်တဲ့ ဆည်

တမံလုပ်ငန်း အကြီးအကျယ် ကြီးကြီးမားမား မရှိတာကြောင့် တစ်ကြောင်းလည်း ဖြစ်နိုင်ပါတယ်။ သို့မဟုတ် Data ရဲ့ သဘောအရ Random ကျကောက် ကောက်တာဖြစ်တဲ့အတွက်ကြောင့် သင့်သလိုကောက်ယူပြီး ဆွေးနွေးတာ ဖြစ်နိုင်တယ်လို့ ကျွန်တော်မြင်ပါတယ်။

ဦးမျိုးမြင့် ဆွေးနွေးချက်တွေက ကျွန်တော်တို့ ကြားလိုက်တာက လုပ်ငန်းကြီး(၄)ခုပေါ့၊ ရေရရှိရေး သွားတွေ့ပါတယ်။ နံပါတ်(၁)က ရေလှောင်ကန်၊ ရေလွှဲဆည်၊ ရေလှောင်တမံ၊ Tank, Wier, Storage Dam ပေါ့။ ကျွန်တော်သူရဲ့ မူရင်းအင်္ဂလိပ်စာများကို သုံးခွင့်ပြုပါခင်ဗျား။ အဲဒါတွေက နံပါတ်(၁)ဖြစ်ပါတယ်။ (က) ဒါ ပထမအုပ်စုလို့ ခေါ်ပါတယ်။ သူကတော့ ရေကိုလှောင်ထားပြီး ထုတ်ပေးတယ်ဆိုတာနဲ့ နံပါတ်(၁)အုပ်စု၊ ဒုတိယအုပ်စုမှာ (၃)ခု ပါပါတယ်။ တစ်ခုကတော့ ရေဘေးကာကွယ်ရေးတမံများ၊ ဆားငန်ရေတား တာတမံများ (၂)မျိုးရှိပါတယ်။ ရေဘေးကာကွယ်ရေး တမံဆိုတာကတော့ ကျွန်တော်တို့ အဓိက မြစ်ကြောင်းကြီးများဖြစ်တဲ့ ဧရာဝတီ၊ ချင်းတွင်း၊ သံလွင်၊ စစ်တောင်းစတဲ့ မြစ်ကြီးများရဲ့ ဘေးမှာရှိတဲ့ လယ်ယာမြေတွေ မြစ်ရေကြီးတဲ့အခါမှာ ရေကြီး၊ ရေလျှံဖြစ်ပြီးတော့ လယ်တွေ မပျက်စီးအောင်လို့ တာက ကာရတဲ့ တာတမံဖြစ်ပါတယ်။ Embankment ဖြစ်ပါတယ်။ ကျွန်တော်တို့ ဟင်္သာတခရိုင်ရဲ့ တာတမံဧရိယာ မိုင်အရှည်ဟာ ဧရာဝတီတိုင်းထဲမှာ အရှည်ဆုံးဖြစ်တယ်ဆိုတာ ကျွန်တော် သတိထားမိပါတယ်။ ဆားငန်ရေတားတမံကတော့ ကျွန်တော်တို့ ဒီရေတက်တဲ့ဒေသမှာ ကမ်းရိုးတန်း မဟုတ်သော်ငြားလည်း ဥပမာ ပန်းလှိုင်တို့၊ ဘာတို့ ကျွန်တော် တို့ ရန်ကုန်တိုင်းမှာ ပါသလို၊ ပဲခူးတိုင်းမှာ ပါသလို ဒီရေတက်တဲ့ ဒေသတွေမှာလည်း ရှိပါတယ်။ ဧရာဝတီတိုင်းကတော့ အောက်ပိုင်းဖြစ်တဲ့ ဘိုကလေးတို့၊ လပွတ္တာတို့၊ မော်ကျွန်းတို့၊ ဒေးဒရဲတို့ စသည်ဖြင့် ဒီနေရာတွေမှာ ဒီရေတက်တဲ့အခါမှာ ထူးကဲဒီရေတက်ရင် ဆားငန်ရေ ဝင်ရောက်ပြီးတော့ လယ်မြေများ ဆားငန်ဓာတ်ပေါက်သွားရင် စိုက်ပျိုးလို့မရမှာ ဖြစ်တဲ့အတွက်ကြောင့် ဆားငန်ရေတားတဲ့ တာတမံများ ဖြစ်ပါတယ်။ သူကတော့ Seawater Intrusion Protection Embankment ဖြစ်ပါတယ်။ ဒါတွေဟာ နာဂစ်တုန်းက အကြီးအကျယ်ပျက် စီးသွားပါတယ်။ သူတို့ကတော့ ထူးကဲဒီရေ (၈)ပေလောက်ထိ မှန်းပေမယ့်(၁၈)ပေအထက် ဒီလှိုင်းတွေ တက်တဲ့ အခါမှာ ဒါတွေဟာ ပျက်စီးပြီး လယ်တွေ ဟာ တော်တော်ကြီးဒုက္ခရောက်ခဲ့ပါတယ်။

နောက်တစ်မျိုးကတော့ ရေနုတ်မြောင်း ဖြစ်ပါတယ်။ Drainage ပေါ့။ သူကတော့ သွင်းတာလည်း ပါ ပါတယ်။ ထုတ်တာလည်း ပါ ပါတယ်။ ရေလိုရင် သွင်းယူလို့ရတယ်။ ရေသိပ်များသွားရင် ထုတ်ယူလို့ရတယ်။ တတိယအမျိုးကတော့ ရေထိန်းတံခါးလို့ခေါ်တဲ့ Sluice Gates ဖြစ်ပါတယ်။ Sluice Gates က အကြီးစားကြီးတွေလည်း ရှိပါတယ်။ အသေးစားလည်း ရှိပါတယ်။ မွန်ပြည်နယ်တို့၊ ပဲခူးတိုင်းတို့ ရန်ကုန်တိုင်းတို့မှာ အကြီးစားကြီးတွေ ရှိပါတယ်။ အဲဒီတော့ ပထမအုပ်စုဖြစ်တဲ့ ရေကို လှောင်ပြီးထုတ်ပေးတဲ့ ဆည်မြောင်းတာတမံက အုပ်စု(၁)စု၊ ဒုတိယက စောစောက ကာကွယ်တဲ့ဟာနဲ့ ထုတ်နုတ်တာတွေ၊ ထိန်းတာတွေဟာ (၁)စုပေါ့ (၂)စု ကွဲနေပါတယ်။ အဲဒီ(၃)ခုထဲမှာ ပထမအမျိုးအစားက အကျိုးပြု စိုက်ဧကနဲ့ ကျန်(၃)မျိုးပေါင်း အကျိုးပြုတဲ့ စိုက်ဧက ကတော့ သိပ်မကွာနိုင်ဘူးလို့ ကျွန်တော်မှန်းကြည့်ပါတယ်။ မှန်းကြည့်လို့ရပါတယ်။ ဘာကြောင့်လဲ ဆိုလို့ရှိရင် ရေလှောင်တမံတွေကနေ ရေကို ထုတ်ပေးပြီး၊ စိုက်ပျိုးရေ ပေးရတဲ့နည်းတူ စိုက်ဧကတွေ မပျက်စီးရအောင် ထိန်းသိမ်းကာကွယ်ရတဲ့ တာတမံတွေ၊ ရေနုတ်မြောင်းတွေ၊ နောက်ပြီးတော့ ကျွန်တော်တို့

Sluice Gates တွေလည်း လိုနေမှာ ဖြစ်ပါတယ်။ ဒါတွေဟာ နှစ်ဘက်ပေါင်းပြီး စဥ်းစားမှ ကျွန်တော်တို့ စီမံကိန်းတွေဟာ အကုန်လုံးလွှမ်းခြုံမိမယ်လို့ ကျွန်တော်မြင်ပါတယ်။

ကျွန်တော်တို့ အထူးသဖြင့် တင်ပြခဲ့တဲ့အထဲမှာတော့ တိုင်းနဲ့ပြည်နယ်(၁၂)ခုမှာ ပါဝင်ခြင်း မရှိတဲ့ တနင်္သာရီနဲ့ ရခိုင်ပြည်နယ်(၂)ခုမှာဆိုရင် တိုင်းဒေသကြီးနဲ့ ပြည်နယ်မှာဆိုရင် ဆည်မြောင်း ဌာနရဲ့ အဓိကလုပ်ငန်း(၄)ခုထဲမှာ ကျွန်တော်ပြောခဲ့တဲ့(၄)ခုထဲက အောက်ပိုင်း(၃)ခုကတော့ တိုက်ရိုက် အကျုံးဝင်မှာ ဖြစ်ပါတယ်။ ရေငံတားတမံတို့၊ ရေဘေးကာကွယ်ရေးတာတမံတို့၊ ရေနုတ်မြောင်းတို့၊ Drainage တို့ ဒီ(၃)ခုဟာတို့ အဲဒီဒေသထဲမှာ ပါနိုင်ပါတယ်။ ဦးမျိုးမြင့် ဇယားမှာမပါတဲ့ ရခိုင် ပြည်နယ်နဲ့ တနင်္သာရီတိုင်းဒေသကြီးမှာ ပါနိုင်ပါတယ်။ ကျွန်တော်အဲဒီ (၂)ခု၊ (၃)ခုရဲ့ အရေးပါမှု ကိုလည်း ခန့်မှန်းလို့ရပါတယ်။ အဆိုရှင်ကတော့ ဒီရေလွှဲဆည်တွေ၊ ရေလှောင်တမံတွေကနေ မူလ သတ်မှတ်ထားတဲ့ ဆည်ရေသောက် မူလဧကတွေပေါ်မှာ လျော့ပါးဆုံးရှုံးတာတွေကို သေသေချာချာ ပြန်စိစစ်ပေးပါလို့ တင်ပြထားပါတယ်။ ကျွန်တော်တို့ ဖတ်ကြည့်လိုက်တော့လည်း စောစောက ပြောခဲ့တဲ့ ကိန်းဂဏန်း၊ သတ်မှတ်ထားတဲ့ စိုက်ဧကရဲ့ (၄)ပုံ(၁)ပုံနီးပါးခန့် (၂၃)ရာခိုင်နှုန်းထိအောင် ရှိနေတဲ့ (၆၆၅၀၀၀) ဧကဆိုတာ ကျွန်တော်တို့ သာမန်ကိန်းဂဏန်းတစ်ခု မဟုတ်ပါဘူး။ တော်တော်ကြီး ကြီးကြီးကျယ်ကျယ် စဥ်းစားရမယ့် ကိန်းဂဏန်းဖြစ်ပါတယ်။ အခုနေများ လယ်ဧကအသစ်ဖော်ထုတ် ရမယ်။ (၆၆၅၀၀၀) ဧက ဖော်ထုတ်ပါဆိုရင်တော့ တိုင်းနဲ့ပြည်နယ်တွေက အစိုးရကြီးတွေ တော်တော် ခေါင်းကိုက်မယ့်ကိစ္စပါ။ အဲဒီတော့ လယ်မြေ အသစ်ဖော်ဖို့ဟာ အင်မတန် ထုထည်ကြီးမားပြီးတော့ သက်ရောက်မှု များစွာရှိနိုင်တဲ့ ငွေကုန်ကြေးကျ အချိန်ကုန်လုပ်ရမယ့် ကိစ္စ ဖြစ်ပါတယ်။

သမ္မတကြီး ပြောသွားသလို အခုတော့ဖြင့် လက်ရှိလူဦးရေကို ကျွေးနိုင်တယ်။ နောင်အနှစ် (၅၀)မှာ ဖြစ်လာမယ့် လူဦးရေကို ကျွေးဖို့တောင် ပူပန်နေရပြီဆိုတဲ့စကား ကျွန်တော်တို့ နားထဲမှာ စွဲပါတယ်။ ဒါဖြင့်ရင် ကျွန်တော်တို့ဟာ စိုက်ဧက ပျောက်လို့မရဘူး။ အသစ် မဖော်နိုင်ဘူးဆိုရင် ဘာလုပ်ရမှာလဲဆိုရင် ရှိပြီးသားကို ပြန်ပေါ်အောင်ဖော်ထုတ်ဖို့က အဓိကဖြစ်တယ်လို့ ကျွန်တော်တို့ မြင်ပါတယ်။ ဒါကြောင့်မို့လို့ ရှိပြီးသား ဆည်ရေသောက်မြေဧရိယာဟာ အမှန်တကယ် မလွဲမသွေ ဘာကြောင့်လျော့နည်းတယ်ဆိုတာတော့ လျော့လို့ရလား။ နဂိုကတည်းက လျော့မယ်ဆိုတာလည်း ကျွန်တော်သိပါတယ်။ ဘာကြောင့်လဲဆိုတော့ ရာသီဥတုရဲ့ ဖောက်ပြန်မှုအရ ကျွန်တော်တို့ မြစ်ရေ တိုက်စားလို့ ပါသွားတယ်။ တာတမံကြီးတွေပါသွားတယ်။ တာတမံတွေ ပါသွားရင် ဆည်ရေသောက် ဧရိယာတွေ ကုန်တာပေါ့။ ဒါလည်း တစ်ကြောင်းပါ။ အလားတူပဲ နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ဖို့လုပ်တဲ့ (Development Project) တွေကြောင့်လည်းလျော့တာရှိပါတယ်။ လျော့နိုင်ပါတယ်။ တကယ်အမှန်တကယ် မလွဲမရှောင်သာ နိုင်ငံတိုးတက်ဖို့အတွက် တစ်ဖက်ကလျော့တာ၊ မရှောင်သာလို့ လျော့တာက ဖော်ထုတ် လိုက်လို့ရှိရင် ကျန်တဲ့ဟာကတော့ အတိအကျကျန်နေဖို့ လိုမယ်လို့ ကျွန်တော်တို့က မြင်ပါတယ်။ တာဝန်ရှိတဲ့ ဌာနတွေ၊ ဌာနဝန်ထမ်းတွေ၊ လုပ်ငန်းဌာနတွေ၊ အဲဒါတွေဟာ ရှိပြီးဖြစ်တဲ့ ဥပဒေ၊ နည်းဥပဒေ၊ အမိန့်၊ ညွှန်ကြားချက်၊ လုပ်ထုံးလုပ်နည်း စတာတွေအပေါ်မှာ နည်းနည်း နည်းနည်း နည်းနည်း စောစောတုန်းက အစ်ကိုကြီး ဦးတင်မောင်ဝင်း ပြောသွားသလို လျှော့ရင်း လျှော့ရင်း လျှော့ရင်းနဲ့ ဒါတွေဟာ စုပုံလာပြီးတဲ့နောက်ဆုံးကျတော့ အင်မတန်တန်ဖိုးရှိတဲ့ သီးနှံစိုက်ပျိုးရေး အတွက် ထုတ်ဝေပေးလိုက်တဲ့ ရေဟာ ရောက်ရမယ့်နေရာကို မရောက်ဘဲနဲ့ တောင်သူတွေလည်း

စိုက်ဧကလျော့၊ သူတို့ရဲ့ ဒုက္ခတွေလည်း ကြီးပြီးတော့ နိုင်ငံတော်ရဲ့ စီမံချက်တွေအပေါ်မှာ မယုံကြည်နိုင်တဲ့ အကျိုးဆက်တွေပေါ်လာမှာ၊ ဒီနေရာမှာ ကျွန်တော် အတိအကျပြောပါ့မယ်။ ကျွန်တော့်မဲဆန္ဒနယ်ထဲမှာ (၁)ခုပါတဲ့ ကြံခင်းမြို့နယ်ထဲမှာ ကွန်ချောင်းဆည် ရှိပါတယ်။ ဆည်ကြီးဟာ ငွေကုန်ကြေးကျ အလွန်များပါတယ်။ ကြီးလည်း ကြီးပါတယ်။ ရေပေးဝေနိုင်ပါတယ်။ ဒါပေမဲ့ ဆည်ရှိပေမယ့် ရေမြောင်းစနစ်ဟာ မအောင်မြင်တဲ့အတွက်ကြောင့် ကျွန်တော်လည်း အဲဒီ မြောင်းကို တော်တော်လေး အစအဆုံးတော့ မရောက်သေးဘူးခင်ဗျား။ တော်တော်များများ လိုက်ပြီးပါပြီ၊ လိုက်ပြီးမှ ဓာတ်ပုံတွေလည်း ကျွန်တော်မှာရှိပါတယ်။ လိုက်တဲ့အခါမှာ လမ်းကို ဖြတ်သွားတဲ့ အပိုင်း၊ လမ်းနဲ့အပြိုင်ရှိတဲ့ အပိုင်းတွေမှာ လူမြင်တဲ့နေရာတွေမှာ အုတ်စီမြောင်းတွေ ရှိပါတယ်။ ကောင်းပါတယ်။ ရေလည်းချောင်းထဲမှာရှိပါတယ်။ ကျန်တဲ့နေရာတွေ၊ လမ်းလျှောက်သွားတဲ့ နေရာတွေကျတော့ မြောင်းထဲမှာ ရေမရှိ ချုံရှိပါတယ်။ တစ်ချို့နေရာမှာ ရေတံခါး။ စောစောက အကိုကြီး ဦးတင်မောင်ဝင်း ပြောသွားတဲ့ ပျဉ်နဲ့ ပိတ်ရတဲ့ ရေတံခါးတွေဆိုရင် တိုင်ပါ မရှိတော့ပါဘူး။ မရှိတဲ့ အခါကျ လယ်သမားက ဘာလုပ်သလဲဆိုရင် ထုံးစံအတိုင်း ပီနံအိတ်ထဲမှာ ရွှံ့ ထည့်ပြီး ပိတ်တာပေါ့။ သူ ပိတ်ချင်သလို ပိတ်တဲ့အခါမှာ အောက်လယ်ကို သူ စဉ်းစားစရာအကြောင်း မရှိပါဘူး။ အဲဒီတော့ နောက်ဆုံးကျတော့ ချောင်းအဖျားကလူဟာ ဒုက္ခကြီးကြီး ရောက်ပြီးတော့ ကျွန်တော်ကို ဘယ်အထိ အောင်တောင်းဆိုသလဲဆိုတော့ တချို့ရွာ၊ ကျွန်တော့်မှာ ရွာ(၇)ရွာစာရင်း ရှိပါတယ်။ အဲဒီ စာရင်းဆိုရင် သူတို့ကို နွေစပါးစိုက်ပျိုးခြင်းကနေ ဖယ်ပေးဖို့တောင် တောင်းပန်ပါတယ်။ ကျွန်တော်တို့ ဒုက္ခရောက် လှပါပြီ။ အဲဒီတော့ ဘာမှမစိုက်ဘဲနေရင် မစားရတာဘဲ ရှိမယ်။ စိုက်ရင် ကျွန်တော်တို့ ငတ်ပါတယ် ဆိုပြီး တင်ပြတာတွေ ရှိပါတယ်။ ဒါဟာ ရေသောက်စနစ်နဲ့ ပတ်သက်လို့ ပြောတာဖြစ်ပါတယ်။

နောက်တစ်ခုကတော့ ဆည်မြောင်းအရေအတွက်တွေ များလာတာ၊ ဆည်ရေသောက် ဧကတွေ ကြီးမားလာတာ၊ လယ်ယာကိန်းဂဏန်းတွေကို အဲဒါတွေနဲ့ ပြပြီး ဟာ လယ်ယာစီးပွားရေး မူဝါဒတော့ အောင်ပြီဆိုတဲ့ဟာကတော့ Publicity သက်သက်ပဲ ဖြစ်နိုင်ပါတယ်။ ထုတ်ပြန်ကြော်ငြာတဲ့ သဘောပဲ ရှိနိုင်ပါတယ်။ လက်တွေ့တော့ ဖြစ်လာပြီးတော့ လယ်ယာစီးပွားဟာ တကယ်တက် မလာနိုင်ဘူးလို့ ကျွန်တော်တင်ပြလိုပါတယ်။ ကျွန်တော် ဆည်မြောင်းဒုတိယဝန်ကြီး၊ လယ်/ဆည် ဒုတိယဝန်ကြီး(၂)ပါးစလုံးနဲ့ ကျွန်တော်နဲ့ ညီအစ်ကိုအရင်းကဲ့သို့ ချစ်ပါတယ်။ လုပ်ငန်းများစွာ ပူးပေါင်း ဆောင်ရွက်ဖူးပါတယ်။ ကျွန်တော်တို့ ဒေသကိုလည်း အများကြီး အကူအညီပေးဖူးပါတယ်။ အမှန်ကို တင်ပြလိုခြင်း ဖြစ်ပါတယ်။

ဒါကြောင့်မို့လို့ ကျွန်တော်စိုးရိမ်တာတစ်ခုက ဦးမျိုးမြင့် တင်ပြသလို ဒီစာရင်းကို ထုတ်ပြန် ပေးပါဆိုတော့ အလွယ်ဆုံးနည်းကတော့ လက်ရှိ Data ကို ကောက်တင်လိုက်ပါ။ အဲဒါဆိုရင်တော့ မှားပါလိမ့်မယ်။ ကျွန်တော်တို့လိုချင်တဲ့ ပုံစံက ဝန်ကြီးဌာန၊ ဦးစီးဌာန၊ တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ် စသည်ဖြင့် ဌာနက အဆင့်ဆင့် အောက်ထိအောင်ကွင်းဆင်းပြီးတော့ တစ်ဆင့်ချင်း တာဝန်ယူနိုင်တဲ့ ကိန်းဂဏန်း၊ မြို့နယ်ဦးစီးဌာနက တာဝန်ယူရမယ်။ ခရိုင်က တာဝန်ယူမယ်။ တိုင်းဒေသကြီးအစိုးရက တာဝန်ယူမယ်။ အဲဒီထောက်ခံချက်အပေါ်မှာတောင်မှ ရုံးချုပ်က ထပ်ဆင့်ထောက်ခံ ပြီးတော့မှ ပြည်ထောင်စုအစိုးရအဖွဲ့ရဲ့ တရားဝင် အတည်ပြုထုတ်ပြန်ထားတဲ့ ကိန်းဂဏန်းမျိုး ရှိသင့်ပါတယ်လို့ ကျွန်တော် တင်ပြခြင်းဖြစ်ပါတယ်။ ဘာကြောင့်လဲဆိုတော့ စောစောကလည်း ကိုယ်စားလှယ်တော်

ကြီး ပြောသွားပါတယ်။ ကျွန်တော်တို့ အမျိုးသားစီမံကိန်း ဆွဲတယ်ဆိုတာ ကိန်းဂဏန်းအပေါ် မူတည်ပြီး ဆွဲတာပါ။ Data အပေါ်မူတည်ဆွဲတာပါ။ Data မှားရင် Plan မှားတာ လွယ်လွယ်လေးပဲ ဒါက။ ကျွန်တော်တို့က ဘယ်ကယူသလဲဆိုတော့ ဝန်ကြီးဌာနတွေက လာတင်တဲ့ဟာကို စီမံကိန်းရေးဆွဲရေး ဦးစီးဌာန၊ တစ်နည်းအားဖြင့် စီမံ/စီးပွားဌာနက ပေါင်းစပ်ပြီးမှ ရေးတာဖြစ်တဲ့အတွက်ကြောင့် Data အမှားနဲ့တင်ရင် Plan မှားမှာ ဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ကျွန်တော်တို့ရဲ့ GDP နဲ့ ပတ်သက်လို့ သူများတွေက ဝေဖန်တာတွေဖြစ်နေခြင်း ဖြစ်တယ်လို့ ကျွန်တော်က ဆိုလိုခြင်း ဖြစ်ပါတယ်။

ဒီ့အပြင် ဆည်မြောင်းဝန်ကြီးဌာနအောက်မှာရှိတဲ့ မြစ်ရေတင်စီမံကိန်းများနဲ့ ပတ်သက်ရင်လည်း အကျိုးပြုရေသောက်ဧရိယာဟာ ရှိသင့်တဲ့ ရာခိုင်နှုန်းထက် အများကြီးလျော့တယ်ဆိုတာ ဒါတွေပါ။ ဒီကိန်းဂဏန်းလေး ကျွန်တော်တို့ တရားဝင်ရထားတဲ့ ကိန်းဂဏန်းဖြစ်ပါတယ်။ တိုင်းဒေသကြီးအစိုးရအဖွဲ့ကိုတင်တဲ့ ကိန်းဂဏန်းဖြစ်ပါတယ်။ ကျွန်တော်ရဲ့ မဲဆန္ဒနယ် မြန်အောင်မှာ မြစ်ရေတင် စီမံကိန်း(၃)ခုရှိပါတယ်။ (၃)ခုလုံးဟာ (၁)ခုက ဧက(၁၀၀၀၀)၊ စပါးက(၅၀၀၀)၊ အခြားသီးနှံက (၅၀၀၀) နောက်တစ်ခုက ဧက(၇၀၀၀)၊ စပါး(၃၀၀၀)၊ အခြားသီးနှံက(၄၀၀၀)။ နောက်တစ်ခုက ဧက (၅၀၀၀)၊ စပါး(၂၅၀၀)၊ အခြားသီးနှံက(၂၅၀၀)၊ ဒီလိုအကျိုးပြုလျာထားပြီးတော့ ဆောက်ကြတာ ဖြစ်ပါတယ်။ အနည်းဆုံး Project က (၆၅၃)သန်းနဲ့ အမေရိကန်ဒေါ်လာ (၃)သိန်းကျော်ကုန်ပြီး၊ အမြင့်ဆုံးဟာကတော့ သန်း(၂၇၀၀)နဲ့ US(၁)သန်းကျော် ကုန်တာပါ။ အဲဒီစီမံချက်တွေမှာ အနိမ့်ဆုံး ပေးနေတဲ့ အနည်းဆုံးပေးနိုင်တဲ့ Project က (၁.၅)ရာခိုင်နှုန်းပဲ ပေးနေပြီးတော့၊ အများဆုံးက (၆)ရာခိုင်နှုန်းပဲ ရေပေးနေတယ်ဆိုတာ ကျွန်တော် လက်တွေ့ကိန်းဂဏန်းနဲ့ အထောက်အထားနဲ့ ကျွန်တော် ပြနိုင်ပါတယ်။ စောစောက ပြောသလိုပဲ ရေမြောင်းတွေဟာ ပျက်စီးပြီးတော့ တစ်ခါတည်း ချုံနွယ်ပိတ်ပေါင်းတွေ ပိတ်နေတာ၊ ကျွန်တော် Ayerawaddy River Commission ဆွေးနွေးတုန်းက ပြောခဲ့သလိုပဲ မြစ်ကို ရေသုံးတာက ဌာန(၁၄)ခု၊ ထိန်းသိမ်းတာက (၁)ခုဆိုတဲ့အခါမှာ မနိုင်မနင်းဖြစ်ပြီး မြစ်ကြောင်းတွေ ပိတ်ဆို့သွားတာ၊ သောင်ခုံထွန်းပြီးတော့ ရေစုပ်လို့မရတာတွေကြောင့် အဲဒီစီမံချက်တွေဟာလည်း မအောင်မြင်တဲ့အတွက်ကြောင့် ဒီကိန်းဂဏန်းတွေဟာလည်း အများကြီး ကွာသွားပြီဆိုတာ ပေါ်လွင်နေတာ တင်ပြလိုခြင်း ဖြစ်ပါတယ်ခင်ဗျား။

ဥက္ကဋ္ဌကြီးခင်ဗျား။ ဒါကြောင့်မို့လို့ နိဂုံးချုပ်အနေနဲ့ လယ်ယာစီးပွားဖွံ့ဖြိုးမှုအတွက် အဓိကကျတဲ့ လယ်/ဆည် ဝန်ကြီးဌာနလက်အောက်မှာ ရှိနေတဲ့ ရေရရှိရေး၊ ရေသုံးစွဲရေး၊ ရေဘေးကာကွယ်ရေး၊ ရေကြီးရေနစ်မြုပ်မှု ကာကွယ်ခြင်း၊ အထောက်အကူပြု ရေနုတ်မြောင်းများ၊ မြစ်ချောင်းမြောင်းများမှ မြစ်ရေတင်စီမံကိန်းကြီးများမှ နေပြီးတော့ နိုင်ငံတော်ကို အသေအချာ တစ်ဆင့်ချင်းတာဝန်ယူထားတဲ့ ရေသောက်ဧရိယာ အမှန်ကိန်းဂဏန်းများကို ပြည်ထောင်စုအစိုးရအဖွဲ့ရဲ့ အတည်ပြုချက်နဲ့ ထုတ်ပြန်ပြီးတော့ Data Bank သဘောနဲ့ ထားရှိဖို့လိုပြီလို့ ကျွန်တော် တင်ပြသွားတဲ့ ဦးမျိုးမြင့် ရဲ့ အဆိုကို အလေးအနက်ထောက်ခံပါတယ်။ ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၁း၁၈။**

**ဥက္ကဋ္ဌ။** ။ ဆက်လက်ပြီး ကယားပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၂)မှ ဦးနှင်းဝေ ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၁း၁၈။**

**ဦးနှင်းဝေ၊ ကယားပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၂)။** ။ လေးစားရပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ပြည်ထောင်စု ဒုတိယဝန်ကြီးများ၊ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ မင်္ဂလာပါလို့ ဂါရဝပြုပါတယ်။ ကျွန်တော်ကတော့ ကယားပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၂)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးနှင်းဝေ ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ဦးမျိုးမြင့် တင်သွင်းသွားတဲ့ ဆည်ရေပေးဝေနိုင်သည့် ဧရိယာများ (Irrigable Land Areas) လျော့နည်းသတ်မှတ်ဖော်ပြချက်များအပေါ် လယ်ယာကိန်းဂဏန်းများ မှန်ကန်စေရေး ပြန်လည်စိစစ်ရန်နှင့် ပြည်ထောင်စုအစိုးရအဖွဲ့၏ ခွင့်ပြုသဘောတူညီချက် ရယူထုတ်ပြန်သွားရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း အဆိုကို ထောက်ခံဆွေးနွေးတင်ပြသွားမှာ ဖြစ်ပါတယ်။

လေးစားရပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်အနေနဲ့ ပညာရှင်မဟုတ်တဲ့အတွက် ကယားပြည်နယ် မယ်စဲ့မြို့နယ်အတွင်းမှာရှိတဲ့ ဆည်ရေသောက် ဧရိယာများနဲ့ ရေလွှဲဆည်နဲ့ တမံများအကြောင်းကို ဆွေးနွေးတင်ပြသွားမှာ ဖြစ်ပါတယ်။ မယ်စဲ့မြို့နယ်အတွင်းမှာ ရေလွှဲဆည်(၇)ခုနဲ့ ဆည်တမံ(၂)ခုရှိရာမှာ ဆည်ရေသောက်အကျိုးပြုမှု (၂၈၉၀)ဧက လျာထားချက်ရှိကြောင်း သိရှိရပါတယ်။ လျာထားချက်ပြည့်မီဖို့ဆိုရင် ရေလွှဲဆည်နဲ့ တာတမံများကို ပြန်လည်စိစစ်ဆောင်ရွက်ဖို့နဲ့ ဆက်စပ်ပြီး ဆွေးနွေးတင်ပြလိုပါတယ်။ ဥပမာအနေနဲ့ ရေလွှဲဆည်များနဲ့ ပတ်သက်ပြီး နန်းမာဆည်ကို တင်ပြရလျှင် နန်းမာဆည်ကို ၁၉၉၂ မှာ ဆည်မြောင်းရန်ပုံငွေနဲ့ တည်ဆောက်ပေးခဲ့ပြီး ဆည်ရေသောက်ဧက(၃၀၀)ကို အကျိုးပြုခဲ့ပါတယ်။ မြေသားတမံအမျိုးအစား ဖြစ်တာကြောင့် ၁၉၉၅ ခုနှစ်မှာ မိုးတွင်းကာလမှာ ပြန်လည်ပျက်စီးသွားခဲ့ပါတယ်။ နောက်ပိုင်းမှာတော့ လယ် ရေရရှိဖို့ လယ်သမားများဟာ တစ်နှစ်တစ်ခါ သစ်ဝါးနဲ့ ရေလွှဲပြုလုပ်ပြီး ရေသွင်းရပါတယ်။ ရေကြီးပြီး မိုးများတဲ့နှစ်မှာဆိုရင် သစ်ဝါးနဲ့ ပြုလုပ်တဲ့ ရေလွှဲများ ပြန်လည်ပျက်သွားပြီး လယ်မြေများပါ တိုက်စားပျက်စီးသွားခဲ့ပါတယ်။ ၂၀၁၀-၂၀၁၁ ကဆိုရင် မိုးများပြီး လယ်မြေ အများအပြားပျက်စီးသွားခဲ့ပါတယ်။ နောက် နန်းပလ္လင်ဆည်နဲ့ပတ်သက်ပြီး ၂၀၀၆ ခုနှစ်မှာ တည်ဆောက်ခဲ့ပြီး ဆည်ရေသောက် ဧက(၅၀၀) အကျိုးပြုမယ်လို့ လျာထားချက် ရှိခဲ့ပါတယ်။ အမှန်တကယ်မှာတော့ ဧက(၂၀၀)ကျော်လောက်သာ အကျိုးပြုပါတယ်။ ဒီအချက်တွေဟာ ရေလွှဲဆည် များနဲ့ပတ်သက်ပြီး ပြန်လည်စိစစ်ဆောင်ရွက်ပေးဖို့ အပြုသဘော တင်ပြဆွေးနွေးခြင်းသာ ဖြစ်ပါတယ်။

ဆည်တမံများနဲ့ ပတ်သက်လို့ ခိုဆဲဆည်ဟာ ၂၀၁၁ ခုနှစ်မှာ န.တ.လ ရန်ပုံငွေနဲ့ (၂၆၉၆)သိန်းနဲ့ တည်ဆောက်ခဲ့ပြီး ဆည်ရေသောက်ဧက(၁၀၀၀)လျာထားချက်ရှိခဲ့ပါတယ်။ ၎င်းဆည်တမံ တည်ဆောက်ပြီးခဲ့ပေမယ့် လျာထားချက် အကောင်အထည် မဖော်နိုင်ခဲ့ပါဘူး။ ပြန်လည်စိစစ်ဖို့ ဆွေးနွေးတင်ပြ လိုပါတယ်။ နောက် မယ်စဲမြို့အဝင် ဆည်တမံကို ၂၀၀၂ ခုနှစ်မှာ တည်ဆောက်ခဲ့ပါတယ်။ ကုန်ကျစရိတ်အနေနဲ့ လျာထားချက်ကိုတော့ မသိရှိရပါဘူး။ ၎င်းဆည်ဟာ ရေဝင်မှု မရှိခြင်းကြောင့် အကျိုးပြုမှုလည်း မရှိခဲ့ပါဘူး။ ဒီအချက်ဟာလည်း ဆည်၊ တမံများနဲ့ ပတ်သက်လို့ ပြန်လည်စိစစ်ပေးဖို့ ဆက်စပ်ဆွေးနွေးခြင်းသာ ဖြစ်ပါတယ်။

နိုဂုံးချုပ်အနေနဲ့ ဆွေးနွေးတင်ပြလိုတာကတော့ တောင်ပေါ်ဒေသများမှာ ဆည်ရေပေးဝေနိုင်သည့် စနစ်ကောင်းဖို့အတွက် ရေလွှဲဆည်များကို အဆင့်ဆင့် ရေထိန်းစနစ်နဲ့ တည်ဆောက်ပေးမှသာလျှင် ဆည်ရေသောက်စနစ် ကောင်းမွန်ပြီး၊ လယ်များ ရေတိုက်စားခြင်းမှ ကာကွယ်နိုင်မှာဖြစ်ပါတယ်။ တိုးချဲ့ဧကလည်း ဆောင်ရွက်နိုင်ပြီး လျာထားချက်ဧက ကျော်လွန်လာမှာ ဖြစ်ပါတယ်။ ၄င်းစနစ်ဟာ နိုင်ငံတော်အတွက်လည်း အကုန်အကျမများဘဲ ပတ်ဝန်းကျင် ရေအရင်းအမြစ်ပါ ထိန်းသိမ်းပြီး ပြည်သူအတွက်လည်း အကျိုးပြုမှာ ဖြစ်တာကြောင့် ဦးမျိုးမြင့် ရဲ့ အဆိုကို ထောက်ခံရင်း နိဂုံးချုပ်ဆွေးနွေးအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၁း၂၃။**

**ဥက္ကဋ္ဌ**။ ။ ဆက်လက်ပြီး မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)မှ ဦးအောင်ကြည်ညွန့် ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၁း၂၃။**

**ဦးအောင်ကြည်ညွန့်၊ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)**။ ။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးနှင့်တကွ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ၊ ပြည်ထောင်စုအဆင့်ဝန်ကြီးများ အားလုံးကို မင်္ဂလာပါလို့ ရှေးဦးစွာ နှုတ်ခွန်းဆက်သပါတယ်။ ကျွန်တော်က မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)က အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးအောင်ကြည်ညွန့် ဖြစ်ပါတယ်။ ၂၅ ရက်နေ့က တင်သွင်းသွားခဲ့တဲ့ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆) ဦးမျိုးမြင့် ရဲ့ အဆိုအပေါ်မှာ ထောက်ခံဆွေးနွေးသွားမှာ ဖြစ်ပါတယ်။ (၂၅)ရက် (၆)လ ဦးမျိုးမြင့် တင်သွင်းသွားတဲ့အဆိုမှာ လယ်/ဆည်ရဲ့အောက်မှာရှိတဲ့ ဆည်မြောင်းဦးစီးဌာန၊ ရေအရင်းအမြစ်အသုံးချရေး ဦးစီးဌာနတို့ရဲ့ ဆည်ရေသောက်ဧရိယာများဟာ မူလသတ်မှတ် ဖော်ပြထားချက်များ ကနေပြီးတော့ လက်ရှိ စိစစ်တဲ့အခါမှာ လျော့နည်းဆုံးရှုံးမှုတွေ များစွာဖြစ်ပေါ်နေတယ်လို့ တင်ပြသွားတာ တွေ့ရပါတယ်။ ကျွန်တော် မှတ်သားထားလိုက်မိသလောက်ဆိုရင်တော့ ယခင်ခေတ်များကနေ ယခုအထိ ဆည်/တမံနှင့် ရေလွှဲဆည်စုစုပေါင်း(၃၇၉)ခု ပြည်နယ်နှင့် တိုင်းဒေသကြီး(၁၂)မှာ လုပ်ငန်းပေါင်း (၁၂၀)ခုရဲ့ မူလဧကနဲ့ ပြန်လည်စိစစ်ဧက ကွာခြားမှုဟာ (၆၆၅၀၀၀)ဧကကျော် ရှိပြီးတော့ (၂၃)ရာခိုင်နှုန်းလောက် ရှိနေတယ်လို့ သိရပါတယ်။

ဒါဟာလည်း စောစောက ဦးခင်မောင်ရီပြောသွားသလို ၄ ပုံ ၁ပုံလောက် ဖြစ်နေတာကို တွေ့ရပါတယ်။ နိုင်ငံတော်ရဲ့ စိုက်ပျိုးရေးကဏ္ဍ ဖွံ့ဖြိုးရှင်သန်နိုင်ရေးနှင့် အဓိကကျတဲ့ ဆည်မြောင်းလုပ်ငန်းများကို ရှေ့ကို ဆွဲတင်တိုးချဲ့နေတာ တွေ့ရပါတယ်။ တစ်ပြိုင်နက်တည်းမှာပဲ ရှိထားပြီးတဲ့ နောက်ပိုင်းမှာ ရေသောက်ဧရိယာတွေ လျော့နည်းဆုံးရှုံးမှုတွေ များပြားနေတာကို တွေ့ရတဲ့ အတွက် ကျွန်တော်တို့ ကျေးလက်နေ တောင်သူလယ်သမားများ၊ ဆင်းရဲနွမ်းပါးမှု လျော့ချရန် ဆိုတဲ့ ရည်မှန်း လုပ်ဆောင်ချက်များအတွက် အဟန့်အတားသဖွယ် ဖြစ်နေတယ်လို့ ကျွန်တော်တို့ သုံးသပ်တွေ့ရှိရပါတယ်။ မကွေးတိုင်းဒေသကြီးကနေပြီးတော့ ဆည်းမြောင်းစီမံကိန်းလုပ်ငန်းကြီး(၁၈)ခုရဲ့ မူလ ရေသောက်ဧရိယာ(၃၂၀၃၀၀)ဧကခန့်မှာ ပြန်လည်စိစစ်ထားချက်အရ (၂၃၄၅၀၀)ဧကပဲ ကျွန်တော်တို့ ရေသွင်းနိုင်တယ်ဆိုတာ တွေ့ရတဲ့အတွက် (၈၅၈၀၀)ဧကလောက် ဒါမဟုတ် (၂၇)ရာခိုင်နှုန်း

လောက်ဟာ လျော့နည်းဆုံးရှုံးနေတယ်လို့ ကျွန်တော်တို့ တွေ့ရပါတယ်။ ဒါဆိုရင် လေးပုံတစ်ပုံ ကျော်သွားပါပြီ။

အဆိုရှင်ရဲ့ တင်ပြချက်အပေါ်မှာ ကျွန်တော့်ရဲ့ မဲဆန္ဒနယ်မြေဖြစ်တဲ့ တောင်တွင်းကြီး မြို့နယ်အတွင်းမှာရှိတဲ့ ဆည်ရေလှောင်တမံ ရေသောက်ဧရိယာ စာရင်းများအပေါ်မှာ အခြေပြုပြီး တော့ ထောက်ခံဆွေးနွေး တင်ပြလိုပါတယ်။ ကျွန်တော်တို့ တောင်တွင်းကြီးမြို့နယ်ဟာ တကယ်တော့ ရေအရင်းအမြစ် အခြေခံရှိတဲ့ ပဲခူးရိုးမတောင်ကြောကြီးကို ခေါင်းရင်းမှာထားပြီးတော့ အိပ်နေတဲ့ မြို့နယ်တစ်ခု ဖြစ်ပါတယ်။ ရေအရင်းအမြစ်တွေ ခိုင်ခိုင်မာမာ ရှိပါတယ်။ ဒါပေမဲ့လို့ တောင်သူ လယ်သမားများအနေနဲ့ ပြည့်ဝစွာ အကျိုးခံစားခွင့်မရဘဲ ရှိနေတာကိုလည်း အမှတ်ပြု တင်ပြလို ပါတယ်။ ကျွန်တော်တို့မြို့နယ်မှာ တောင်တွင်းကြီး၊ ကန်တော်ကြီး အပါအဝင် အစိုးရဆည်(၆)ခု ကျေးလက် ဆည်ငယ်၊ ကန်ငယ်ပေါင်း(၁၅)ခု ဖွံ့ဖြိုးရေး ဆည်ငယ်၊ ကန်ငယ်(၃၂)ခုနဲ့ ဝန်ကြီးဌာနမှာ အမည်မပေါက်တဲ့ လက်ရှိ အသုံးပြုနေတဲ့ ဆည်ငယ်၊ ကန်ငယ်ပေါင်း (၁၅)ခုထက်မနည်း ရှိနေတဲ့ နေရာမှာ ဆည်ငယ်၊ ကန်ငယ် အများစု အထူးသဖြင့် တစ်ဝက်ကျော်လောက်ဟာ တောင်သူ လယ်သမားများအနေနဲ့ ပြန်လည်ပြင်ဆင်နိုင်လောက်တဲ့ အနေအထားမရှိအောင် ပျက်စီးနေတဲ့ အခြေအနေ ကျွန်တော်တို့ လက်တွေ့ လေ့လာတွေ့ရှိရပါတယ်။ အစိုးရဆည်(၆)ခုရဲ့ ရေပေးဝေနိုင်မှု လျာထားတဲ့ အကျိုးပြုဧရိယာနဲ့ အသေအချာ သောက်သုံးနိုင်တဲ့ ဧရိယာ၊ မသေချာတဲ့ ဧရိယာနဲ့ လုံးဝမသောက်သုံးနိုင်တဲ့ ဧရိယာတွေ ကျွန်တော့်ဆီမှာရှိတဲ့ ၂၀၁၀ ခုနှစ်ရဲ့ စာရင်း ဇယားပေါ်မှာ မူတည်ပြီးတော့ ကျွန်တော် တင်ပြလိုပါတယ်။

ကျွန်တော်တို့ တောင်တွင်းကြီးမြို့နယ်မှာရှိတဲ့ ငမင်ဆည်ဟာ မူလသတ်မှတ်ထားတာ အကျိုးပြု ဧက(၄၀၀၀) လျာထားသတ်မှတ်ထားပါတယ်။ တကယ်တမ်းအသေအချာသောက်နိုင်တဲ့ ဧက က (၂၀၀၀)ပဲဖြစ်ပြီးတော့ မသေချာတာကတော့ ဧက(၁၀၀၀)လောက်က မသေမချာပဲ သောက်သုံးရပါတယ်။ လုံးဝမသောက်သုံးနိုင်တာ ဧက(၁၀၀၀)လောက်ရှိတယ်လို့ ကျွန်တော်တို့ စာရင်းဇယားအရ သိရှိရပါတယ်။ အဲဒီတော့ ငမင်ဆည်တစ်ခုမှာ သေချာတာကတော့ (၅၀)ရာခိုင်နှုန်းပဲ ကျွန်တော်တို့ ရေပေးနိုင်တဲ့အနေအထား ရှိပါတယ်။ ကင်ပွန်းတောင်ဆည်မှာ အကျိုးပြုဧရိယာ မူလသတ်မှတ်ချက်က (၅၁၇၅)ဧကကို သတ်မှတ်ပြီး ဖော်ပြထားပါတယ်။ သေချာပေါက် သောက်နိုင်တဲ့ ဧက(၃၅၀၀)ပဲ ရှိပါတယ်။ (၆၇.၆၃)ရာခိုင်နှုန်း ရေဟာ သေချာပေါက် သောက်နိုင်ပါတယ်။ မသေချာတဲ့ မြေဧက (၁၆၇၅)ဧက ရှိပါတယ်။ ဆိုချင်တာက (၃၂.၃၇)ရာခိုင်နှုန်းလောက်က ရေ သေချာပေါက် သောက်ရတဲ့ အနေအထား မရှိကြောင်း တွေ့ရှိရပါတယ်။ ရန်ပယ်ဆည်မှာ အကျိုးပြု ဧက (၁၀၁၈၅)ဧက မူလက ရည်မှန်းထားသော်လည်းပဲ သေချာပေါက်ပေးနိုင်တဲ့ ရေဟာ ဧက(၆၀၀၀)ပဲ ပေးနိုင်ပါတယ်။ (၅၈.၉၁)ရာခိုင်နှုန်း ဖြစ်ပါတယ်။ ဧက(၃၈၅)ကတော့ မသေချာတဲ့ အနေအထား မျိုးမှာ ရှိပါတယ်။ နောက် ဘမ်းကုန်းဆည်ဟာ (၂၃၇၅)ဧက အကျိုးပြုရမယ်လို့ ရည်မှန်းချက် ချထားပေမယ့်လို့ သေချာပေါက်ပေးနိုင်တာက ဧက(၂၀၀၀)၊ (၈၄.၂၁)ရာခိုင်နှုန်းကို ဒါ ရေပေးနိုင် ပြီးတော့ လုံးဝ ရေမပေးနိုင်တာ (၃၇၅)ဧက ရှိတာတွေ့ရပါတယ်။ အဆိုးဆုံးကတော့ ကျွန်တော်တို့ ရင်းမလယ်ဆည် ဖြစ်ပါတယ်။

ရင်းမလယ်ဆည်မှာ မူလစီမံကိန်းသတ်မှတ်ချက်အရ လျာထား အကျိုးပြုဧက (၂၄၉၂)ဧကလို့ ဖော်ပြထားပါတယ်။

ဒါပေမဲ့လို့ သေချာပေါက်ရေပေးနိုင်က အစွန်းထွက်ဖြစ်တဲ့ (၄၉၂)ဧကကိုပဲ ရေပေးထား နိုင်တယ်လို့ စာရင်းဇယားမှာ တွေ့ရပါတယ်။ (၁၉.၇၄)ရာခိုင်နှုန်းပေးပါတယ်။ လုံး၀ ရေမသောက် ရတာက ဧက(၂၀၀၀)ရှိတယ်လို့ တွေ့ရပါတယ်။ ရင်းမလယ်ဆည်မှာရှိတဲ့ စာရင်း ဖြစ်ပါတယ်။ ကျွန်တော်တို့ တောင်တွင်းကြီးရဲ့ ကန်တော်ကြီးကတော့ အကျိုးပြုဧက(၂၇၆၀)ရှိတဲ့အနက်က (၂၀၀၀)ကို ပေးနိုင်ပြီးတော့ (၇၆၀)ကတော့ မသေမချာ အနေအထားမျိုးမှာ ရှိပါတယ်။ ဆိုချင် တာက ဒီလို ကိန်းဂဏန်းအနေအထားတွေကို ကျွန်တော်တို့ တွေ့ရတဲ့အခါမှာ ဒါ တကယ်တမ်း ကျတော့ ရေသောက်မြေဧရိယာကိုသာ စိစစ်ပြီးတော့ လျော့နည်းတာကို ဖော်ပြထားပြီးတော့ ရာသီဥတု သီးနှံအလိုက် နှစ်စဉ် အမှန်တကယ် ရေသွင်းစိုက်ပျိုးတဲ့ ဧရိယာကိုသာ တွက်မယ်ဆိုရင် စီမံကိန်း ရေသောက်ဧရိယာရဲ့ (၅၀)ရာခိုင်နှုန်းရဲ့အောက်လောက်မှာပဲ စိုက်ပျိုးနေတဲ့ အနေအထား မျိုးမှာ ရှိပါတယ်။ တောင်တွင်းကြီးရဲ့ အဓိက လူနေမှုဘ၀နဲ့ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက်ဟာ အဓိက အကျဆုံး တောင်တွင်းကြီးမြို့နယ်မှာ မြေဟာ အင်မတန်ကောင်းပါတယ်။ (၂)သီးစား၊ (၃)သီးစား ဖြစ်လာမယ်။ ဆည်ရေသောက်သာ အောင်မြင်အောင်ဖွံ့ဖြိုးနိုင်မယ်ဆိုရင် တောင်တွင်းကြီး မြို့နယ်ရဲ့ ပြည်သူ လူထုတစ်ရပ်လုံးရဲ့ အကျိုးစီးပွား၊ နိုင်ငံတော်ရဲ့ အကျိုးစီးပွားဟာ အင်မတန် အလားအလာကောင်းတဲ့ အဓိကအကျဆုံး ကျွန်တော်တို့ အားပြုဆောင်ရွက်သင့်တဲ့နေရာ ဖြစ်တဲ့ အတွက်ကြောင့်မို့လို့ ကျွန်တော် ယခုလို ရှင်းလင်းတင်ပြခြင်း ဖြစ်ပါတယ်။

ပဉ္စမ(၅)နှစ်ကာလတို၊ အမျိုးသားစီမံကိန်းမူကြမ်းကို ကျွန်တော် ၂၀၁၀-၂၀၁၁ မှ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်အထိနဲ့ စပ်လျဉ်းပြီးတော့ ၂၀၁၃ ခုနှစ်၊ ဇန်နဝါရီလမှာ ကျင်းပခဲ့တဲ့ ဆဋ္ဌမအကြိမ် ပြည်ထောင်စုလွှတ်တော် အစည်းအဝေးမှာ လွှတ်တော်ကိုယ်စားလှယ်တွေ ဆွေးနွေး ချက်အရ ပြည်ထောင်စုစာရင်းစစ်ချုပ်ရဲ့ စာရင်းစစ် အစီရင်ခံစာပေါ်မှာ မှီငြမ်းဆွေးနွေးသွားခဲ့ ကြတဲ့နေရာမှာ မကွေးတိုင်းဒေသကြီးမှာ ၁၉၉၀ ကနေပြီးတော့ ၂၀၀၀ ပြည့်နှစ်အထိ အချိန်ကာလ အတွင်း စီမံကိန်း(၂၇)ခုရဲ့ ပျမ်းမျှ ဆည်ပေးဝေနိုင်မှု (၆၀)ရာခိုင်နှုန်းနဲ့၊ ၂၀၀၀ ကနေ၊ ၂၀၁၀ ပြည့်နှစ် အထိ ဆည်စီမံကိန်း(၃၈)ခုရဲ့ ပျမ်းမျှ ဆည်ရေပေးဝေနိုင်မှုဟာ (၅၀)ရာခိုင်နှုန်းသာ အသီးသီး ရှိတယ်လို့ လေ့လာမှတ်သားရပါတယ်။ ပဲခူး၊ မကွေး၊ မန္တလေး၊ စစ်ကိုင်းတိုင်းဒေသကြီး (၄)ခု အတွင်းမှာ ပထမ(၁၀)နှစ်အတွင်း ဆည်မြောင်းစီမံကိန်း(၇၂)ခုက ပျမ်းမျှ(၄၄)ရာခိုင်နှုန်းနဲ့ ဒုတိယ (၁၀)နှစ်အတွင်းမှာ ပျမ်းမျှ(၄၀)ရာခိုင်နှုန်း အသီးသီးသာရှိတာ သိရပါတယ်။ ဒါကြောင့် ဆည်ရေ သောက်မြေဧရိယာများ လျော့နည်းဆုံးရှုံးခြင်းနဲ့ ဆက်စပ်ပြီးတော့ ရေသွင်းစိုက်တဲ့ ဧရိယာ (Irrigated Crops Area) များလည်း လျော့နည်းလာတာကို တွေ့ရပါတယ်။

ဆွေးနွေးချက်တွေမှာ ဆည်မြောင်းလုပ်ငန်းမှာ လျော့ရဲဆုံးရှုံးရခြင်းကိုသာ ဖော်ပြထား ပြီးတော့ ဒီကနေ့ ရေအရင်းအမြစ်အသုံးချရေး ဦးစီးဌာနက တစ်နိုင်ငံလုံးမှာ ရေသွင်းစိုက်တဲ့ ဧရိယာ (၆)သိန်းဧက ဖော်ပြထားချက်မှာတော့ လျော့နည်းဆုံးရှုံးချက်တွေ မပါသေးတဲ့အတွက်ကြောင့် လက်လှမ်း မီသလောက် အချက်အလက်များအရ ဆိုမယ်ဆိုရင် လက်တွေ့ ရေသွင်းစိုက်တဲ့ ဧရိယာဟာ (၃၀)ရာခိုင်နှုန်းကနေပြီးတော့ (၄၀)ရာခိုင်နှုန်းအတွင်းသာ အများဆုံး ရှိနိုင်မယ်လို့ မှန်းဆလို့ရတဲ့

အတွက်ကြောင့် ရေအရင်းအမြစ်ရဲ့ အမှန်တကယ် ရှိထားတဲ့ရေသောက်မြေဧရိယာများနဲ့ လွန်ခဲ့တဲ့ ကာလများအတွင်းမှာ နှစ်စဉ်ပျမ်းမျှ ရေသွင်းစိုက်ဧက စာရင်းမှန်များ ကောက်ယူရေးကိုလည်း လုပ်ဆောင်သင့်တယ်လို့ ကျွန်တော့်အနေနဲ့ အကြံပြုချင်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ မြန်မာနိုင်ငံရဲ့ လူဦးရေ အမှန်ရရှိဖို့ရာအတွက် ၂၀၁၄ ခုနှစ်မှာ သန်းခေါင်းစာရင်းကောက်ယူတဲ့ စီမံကိန်း၊ စီမံချက်လို၊ လယ်ယာကဏ္ဍမှာလည်းပဲ အဓိက အထောက်အကူပြုတဲ့ ဆည်ရေသောက်မြေဧရိယာများ မူလသတ်မှတ်ချက်အတိုင်း ရှိတယ်/မရှိတယ်။ မှန်ကန်တယ်/မမှန်ကန်တယ်စတဲ့ ဖြစ်သင့်ဖြစ်ထိုက်တဲ့ ဧကများအတွက် ဒီလိုထွက်ပေါ် လာနိုင်ဖို့ရာကို ကျွန်တော်တို့ နိုင်ငံတော်အနေနဲ့ ဆည်ရေပေးဝေနိုင်မှုနဲ့ ဆက်စပ်နေတဲ့ သွင်းအားစု ပစ္စည်း စီမံမှုတွေ၊ ဘဏ္ဍာငွေကြေးသုံးစွဲမှုများ မှန်ကန်နိုင်မယ်လို့ တင်ပြလိုပါတယ်။ အထူးသဖြင့် စနစ်တကျရေစီမံခန့်ခွဲမှု (Proper Water Management) ကို လက်ရှိထားပြီးတော့ ဆည်မြောင်း တာတမံ ဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ လုပ်ဆောင်ကျင့်သုံးဖို့လည်း အထူးလိုအပ် တယ်လို့ တင်ပြလိုပါတယ်။ အခုဆိုရင် ကျေးရွာအုပ်ချုပ်ရေးမှူးများရဲ့ တာဝန်ဝတ္တရားများအနက်မှာ ဆည်မြောင်းလုပ်ငန်းများ မပျက်ဆီးစေရေး ထိန်းသိမ်းစောင့်ရှောက်ခြင်း၊ ထိရောက်အကျိုးရှိစွာ ဆည်ရေပေးဝေခြင်း၊ ဆည်မြောင်းဥပဒေများကို ချိုးဖောက်မှုများအပေါ် ထိရောက်စွာအရေးယူခြင်း စတာတွေပါ ကျွန်တော်တို့ ရပ်/ကျေးအုပ်ချုပ်ရေး ဥပဒေမှာ ပါနေပြီဖြစ်တဲ့အတွက်ကြောင့်မို့လို့ ဒေသအဆင့်ဆင့် အုပ်ချုပ်ရေး အဖွဲ့အစည်းများအနေနဲ့ အချိန်ကာလ ကြာမြင့်စွာကတည်းက လျော့ရဲလာမှုများနဲ့ မှားယွင်းတဲ့ ကျင့်သုံးမှုများကို ဒီကနေ့ ပီပီပြင်ပြင် လိုက်နာသင့်တယ်လို့ အကြံပြု တိုက်တွန်းလိုပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ဒါကြောင့် ဆည်ရေသောက် မြေဧရိယာများ မူလကနိုင်ငံတော်ကို ဖော်ပြကြေညာထားတဲ့အတိုင်းရှိတယ်။ ဒါမှမဟုတ် ခိုင်လုံတဲ့ အကြောင်းပြချက်များနဲ့ လျော့နည်းဆုံးရှုံး လာတယ် စတာတွေကို လယ်/ဆည်ဝန်ကြီးဌာန၊ ဒါမှမဟုတ်ရင် ဝန်ကြီးဌာနရဲ့လက်အောက်မှာရှိတဲ့ ဦးစီးဌာနလုပ်ငန်းနဲ့ ပြည်နယ်/တိုင်းဒေသကြီးများရဲ့ စီမံဆုံးဖြတ်ချက်များနဲ့သာ ပြီးပြတ်မနေသင့်ဘဲနဲ့ အမှန်လက်တွေ့ ကွင်းဆင်းစစ်ဆေးပြီး ရရှိတဲ့ကိန်းဂဏန်းများကိုသာ ပြည်ထောင်စုအစိုးရအဖွဲ့ကို တင်ပြခွင့်ပြုချက် တောင်းခံရန် တာဝန်ရှိတယ်လို့ ယူဆပါတယ်။ ဒီဆောင်ရွက်ချက်တွေရဲ့ နောက်မှသာ အမှန်ဖြစ်ထွန်းလျက်ရှိတဲ့ ဆည်ရေသောက်မြေဧရိယာများကို အရင်မူလရှိထားပြီး၊ ဖော်ပြထားတဲ့ မြေဧရိယာများအစား ပြင်ဆင်ဖော်ပြ ထုတ်ပြန်သင့်ကြောင်း အဆိုရှင်ရဲ့ အဆိုအပေါ်မှာ လေးလေး နက်နက် ထောက်ခံဆွေးနွေးအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၁း၃၃။**

**ဥက္ကဋ္ဌ**။ ။ ဆက်လက်ပြီး ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၁)မှ ဦးအောင်ချိုဦး ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၁း၃၃။**

**ဦးအောင်ချိုဦး၊ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၁)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ပြည်ထောင်စု ဒုတိယဝန်ကြီးများ၊ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သ ဂါရဝပြုပါတယ်။ ကျွန်တော်ကတော့

ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၁)က အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးအောင်ချိုဦး ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)က အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ဦးမျိုးမြင့် တင်သွင်းသွားတဲ့ ဆည်ရေပေးဝေနိုင်သည့် မြေဧရိယာများ (Irrigable Land Areas) လျှော့နည်းသတ်မှတ် ဖော်ပြချက်များအပေါ် လယ်ယာကိန်းဂဏန်းများ မှန်ကန်စေရေး ပြန်လည်စိစစ်ရန်နှင့် ပြည်ထောင်စုအစိုးရအဖွဲ့၏ ခွင့်ပြုသဘောတူညီချက် ရယူထုတ်ပြန်သွားရန် ပြည်ထောင်စုအစိုးရသို့ တိုက်တွန်းကြောင်း အဆိုကို ထောက်ခံဆွေးနွေးသွားမှာ ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ဆွေးနွေးချက်များဟာ ကိန်းဂဏန်းများပါဝင်နေလို့ ဖတ်ကြားဆွေးနွေး ခွင့်ပြုပါရန်နှင့် အချို့ကို အင်္ဂလိပ်လို သုံးနှုန်းခွင့် ပြုပါရန် ခွင့်တောင်းခံအပ်ပါတယ်။ လေးစားရပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ဒီအဆိုကို ဆွေးနွေးဖို့အတွက် အချို့အချက်အလက်များကို အဆိုရှင် ဦးမျိုးမြင့် ထံ မေးမြန်းပြီးတော့ သိရှိရသမျှနဲ့ လေ့လာရေးခရီးစဉ်နှင့် နယ်မြေအတွင်း ကွင်းဆင်းမှု အခြေအနေ တောင်သူများရဲ့ လက်ရှိတွေ့ကြုံ ခံစားနေရတဲ့အချက်များအပေါ် အခြေခံပြီးတော့ ဆွေးနွေးတင်ပြသွားမှာ ဖြစ်ပါတယ်။

အဆိုမှာ အပိုင်း(၂)ပိုင်းပါဝင်ပါတယ်။ ပထမပိုင်းမှာ ဆည်ရေပေးဝေနိုင်တဲ့မြေဧရိယာ (Irrigable Land Areas) လျှော့နည်းသတ်မှတ်ဖော်ပြချက်များအပေါ် လယ်ယာကိန်းဂဏန်းများ မှန်ကန်စေရေး ပြန်လည်စိစစ်ရန် ဖြစ်ပြီးတော့ ဒုတိယပိုင်းကတော့ ပြည်ထောင်စုအစိုးရအဖွဲ့၏ ခွင့်ပြုသဘောတူညီချက်ရယူ ထုတ်ပြန်သွားရန် ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ရှေ့က ကိုယ်စားလှယ်ကြီးများ ဆွေးနွေးသွားပြီးဖြစ်လို့ အဆို ပထမပိုင်းဖြစ်တဲ့ ဆည်ရေပေးဝေနိုင်သည့် မြေဧရိယာများ လျှော့နည်းသတ်မှတ်ချက်များအပေါ် လယ်ယာကိန်းဂဏန်းများမှန်ကန်စေရေး ပြန်လည်စိစစ်ရန်အပိုင်းကိုသာ ဆွေးနွေးသွားမှာ ဖြစ်ပါတယ်။ အဆိုရှင်က ဆွေးနွေးသွားတဲ့ ဆည်မြောင်းဦးစီးဌာနရဲ့ လယ်ယာ စာရင်းဇယားများကို ကိုးကားပြီးတော့ ထုတ်နုတ်တင်ပြသွားတဲ့နေရာမှာ ပဲခူးတိုင်းဒေသကြီးအတွင်းရှိ ဆည်မြောင်း စီမံကိန်းလုပ်ငန်းစုစုပေါင်းမှ စာရင်းကောက်ယူထားတဲ့ ဇယား(၄)ပါ စီမံကိန်းလုပ်ငန်း (၂၂)ခုရဲ့ မူလဆည်ရေသောက်ဧရိယာ (၇၈၀၅၀၀)ခန့်မှ (၁၉၆၀၀၀)ခန့် ရာခိုင်နှုန်းအားဖြင့် (၂၇.၆၆)ရာခိုင်နှုန်း လျှော့နည်းဆုံးရှုံးမှုကိုသိရလို့ အလွန်ပဲအံ့ဩသင့်မိပါတယ်။ ဒီနေရာမှာ ကျွန်တော်တို့ ဒေသရဲ့ ဆည်ကြီးအချို့ရဲ့ ကိန်းဂဏန်းများကို လေ့လာကြည့်ရှုရရင် ဦးစွာ တောင်တွင်းဆည် ဖြစ်ပါတယ်။ တောင်တွင်းဆည်ရဲ့ ကန်ရေပြည့် ရေလှောင်ပမာဏဟာ မူလက (၂၈၇၀၀၀)ဧကပေ ရှိ၍ ၂၀၀၂ ခုနှစ်မှ ၂၀၁၂ ခုနှစ်ထိ (၁၀)နှစ်အတွင်း နှစ်စဉ်ပျမ်းမျှ စီးဝင်ရေဟာ (၂၅၂၀၀၀)ဧကပေ ရှိခဲ့လို့ ကန်ရေပြည့် ရေသိုလှောင်နိုင်နှုန်းရဲ့ (၈၈)ရာခိုင်နှုန်းခန့် ရှိတယ်လို့ တွေ့ရှိရတဲ့အတွက် ရေအဝင် အလွန်ကောင်းတဲ့ဆည်ဖြစ်ကြောင်း တွေ့ရမှာဖြစ်ပါတယ်။

(၁၀)နှစ်အတွင်း မိုးရာသီ(၃)နှစ်မှာ ရေပိုလွှဲက ကြာကြာစီးဆင်းနိုင်ခဲ့ကြောင်းကိုလည်း ဓာတ်ပုံမှတ်တမ်းတွေနဲ့အတူ အဆိုပါ ဆည်ကို လေ့လာရေးရောက်ရှိခဲ့စဉ်ကလည်း တွေ့ရှိရပါတယ်။ စုစုပေါင်း ဆည်ရေသောက်ဧရိယာဟာ မူလသတ်မှတ်ထားခဲ့စဉ်က (၆၂၅၀၀) ဧကဖြစ်ပြီးတော့ ပေါက်ခေါင်းမြို့နယ်၊ ပြည်မြို့နယ်နဲ့ သဲကုန်းမြို့နယ်အတွင်းများမှာရှိတဲ့ လယ်ယာမြေများကို အကျိုးပြုရန် ဖြစ်ပါတယ်။ ဒါပေမယ့်လည်း ဦးစီးဌာနရဲ့ ဖော်ပြချက်ကို သိရှိရသမျှ မူလဆည်ရေသောက် ဧရိယာကို ပြင်ဆင်ပြီး၊ စိစစ်ပြီး ဧက အဖြစ် (၅၀၄၃၅)ဧကအဖြစ် ပြန်လည်သတ်မှတ်ခဲ့ပါတယ်။

ဒါကြောင့် လျော့နည်း ဧရိယာကေဟာ (၁၂၀၆၅)ကေဖြစ်လို့ (၁၉.၃)ရာခိုင်နှုန်း ဖြစ်ပေါ်နေပါတယ်။ ဆက်လက်ပြီးတော့ မြောက်နဝင်းဆည်ကို တင်ပြရပါလျှင် ကန်ရေပြည့်ရေလှောင်ပမာဏ (၂၉၁၀၀၀) ဧကပေ ရှိပြီးတော့ ၂၀၀၂-၂၀၁၁ ခုနှစ်အထိ နှစ်စဉ်ပျမ်းမျှဝင်ရေဟာ (၁၉၃၀၀၀) ဧကပေ ဖြစ်သဖြင့် ကန်ရေပြည့် ရေလှောင် ပမာဏရဲ့ (၆၆.၅)ရာခိုင်နှုန်းခန့် ရှိနေပါတယ်။ (၁၀)နှစ်အတွင်း ရေပိုလွှဲက နှစ်နှစ်လျှံကျ စီးဆင်းခဲ့တယ်လို့လည်း သိရှိခဲ့ရပါတယ်။ မူလဆည်ရေသောက်ဧရိယာ ဟာ (၉၆၇၆၉)ဧကနဲ့ လက်ရှိ စိစစ်ပြီးဧရိယာဟာ (၈၄၈၄၂)ဧက အဖြစ် ဖော်ပြထားလို့ လျော့နည်း ဧက (၁၁၉၂၇)ဧက ရာခိုင်နှုန်းအားဖြင့် (၁၂.၃)ရာခိုင်နှုန်း ဖြစ်ပေါ်နေပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်ဟာ မိမိနယ်မြေအတွင်းက တောင်သူလယ်သမားများရဲ့ ဘဝနဲ့ ဒေသအကျိုးကို အမြဲဖြည့်ဆည်းပေးလိုတဲ့ဆန္ဒရှိနေတဲ့အတွက် ဒီလုပ်ငန်းအကောင်အထည် ဖော်တဲ့နေရာမှာ စိုက်ပျိုးစရိတ်ချေးငွေတွေ အမှန်ရဖို့၊ စိုက်ပျိုးရေအလုံအလောက်ရဖို့၊ ဓာတ်မြေ ဩဇာ၊ မျိုး၊ ပိုးသတ်ဆေးစတဲ့ လိုအပ်ချက်တွေရရှိဖို့နဲ့ ထွက်ရှိလာတဲ့ သီးနှံများ ဈေးကောင်းရရှိရေး အတွက် ဆောင်ရွက်ပေးနိုင်မှသာလျှင် လယ်ယာလုပ်ငန်းတစ်ခုရဲ့ ပြီးပြည့်စုံတဲ့ အောင်မြင်မှုဖြစ်လို့ အဆိုပါ အချက်များထဲက ရေသွင်းစိုက်ပျိုးမြေများ ဆည်ရေ ထိရောက်စွာ ရရှိမှုအပေါ်မှာ အဓိက ကျတယ်လို့ ခံယူထားပြီး ဆည်ရေသောက်မြေဧရိယာ (Irrigable Land Areas) လျော့နည်းဆုံးရှုံးမှု မရှိစေလိုတဲ့အပြင် ဆည်ရေပေးမှု ထိရောက်အကျိုးရှိရန်နှင့် ပေးဝေရေ လေလွင့်ဆုံးရှုံးမှု မရှိစေရန် ကိုလည်း အမြဲစိတ်ဝင်စားနေပါတယ်။ တောင်သူများအကျိုးအတွက် လယ်ယာကိန်းဂဏန်းများ မှန်ကန်ရရှိရန် လိုအပ်ပါတယ်။ အထက်မှာလည်း ကိုယ်စားလှယ်ကြီးများ တင်ပြသွားပြီး ဖြစ်ပါတယ်။ အလားတူ ရေလှောင်ကန်အတွင်းဝင်ရေ၊ သုံးရေ၊ သဘာဝရေ၊ လေလွင့်ဆုံးရှုံးမှုရေများ ဥပမာ - စိမ့်ရေ၊ အငွေ့ပျံရည် စသည်တို့နှင့် ဆက်စပ်ပြီးတော့ ဆည်ရေကို အရင်းအပိုင်းမှ စတင်ထုတ်လုပ် ပေးဝေနိုင်သည်မှ နောက်ဆုံးရေသုံးစွဲသူ တောင်သူများရဲ့ လယ်ယာမြေများသို့ ရရှိသင့်တဲ့ သီးနှံရေ လိုအပ်ချက်အတွက် ရရှိသုံးစွဲရေးကို ကျွန်တော် အမြဲတမ်းလိုလားနေပါတယ်။ အထက်မှာ တင်ပြ ခဲ့တဲ့ မြောက်နဝင်းနဲ့ တောင်နဝင်းဆည်ကြီး(၂)ခုကို လေ့လာကြည့်တဲ့နေရာမှာ အခြားထူးခြားချက် ဘာတွေများ ရှိဦးမလဲလို့ ထပ်မံစဉ်းစားမိပါတယ်။

ဒါကြောင့် မေးမြန်းပြီးတဲ့အခါမှာတော့ ကန်ရေပြည့် ရေလှောင်ပမာဏ အသီးသီးရှိခဲ့တဲ့ နေရာမှာ မြောက်နဝင်းဆည်ဟာ (၂၉၁၀၀၀)ဧကပေနဲ့ တောင်နဝင်းဆည် ဟာ(၂၈၇၀၀၀) ဧကပေ အသီးသီးရှိတာကို တွေ့ရပါတယ်။ ရေသောက်ဧရိယာတွေကတော့ အထက်မှာ တင်ပြခဲ့တဲ့အတိုင်း မြောက်နဝင်းဆည်က (၉၆၇၆၉)ဧကနဲ့ တောင်နဝင်းဟာ(၆၂၅၀၀)ဧက ဖြစ်တာကို တွေ့ရပါတယ်။ ရှေ့ပိုင်းမှာ တင်ပြခဲ့သလို ၂၀၁၂ ခုနှစ် မတိုင်မီအထိ (၁၀)နှစ်ပျမ်းမျှ စီးဝင်ရေ၊ သုံးရေနှင့် အငွေ့ပြန် ရေများအနက် ထူးခြားတာကတော့ အငွေ့ပြန်ရေဆုံးရှုံးမှု (Evaporation Losses)မှာ မြောက်နဝင်း ဆည်ဟာ ပျမ်းမျှ(၅၄၀၀၀)ဧကပေခန့် ရှိပြီးတော့၊ တောင်နဝင်းဆည်ဟာ ပျမ်းမျှ (၁၂၃၇၀၀)ဧကပေ ခန့်ရှိလို့ ကန်ရေပြည့် ရေလှောင်ပမာဏ ဆတူနည်းပါးရှိပြီးတော့ ပထဝီဒေသ တစ်ခုတည်းမှာလည်း ရှိတယ်။ တစ်ဖက်တစ်ဖက်စီမှာလည်း ကပ်လျက်ရှိနေတဲ့ ဆည်နှစ်ခုရဲ့ ကွာခြားတဲ့ ကိန်းဂဏန်းများ အပေါ် စဉ်းစားစရာ ဖြစ်နေပါတယ်။

ကျွန်တော် ဒီလိုတင်ပြရာမှာလည်းပဲ အဆိုရှင် ဦးမျိုးမြင့် တင်ပြသွားတဲ့ အဆိုမှာပါတဲ့ ဆည်ရေသောက် မြေဧရိယာများ သဘာဝကြောင့် ရှောင်လွှဲ၍မရတဲ့ လျော့နည်းဆုံးရှုံးမှု၊ လျော့နည်း ဆုံးရှုံးရခြင်းလို့ အချက်(၁၃)ချက်နဲ့ တင်ပြသွားပါတယ်။ အဲဒီ (၁၃)ချက်ထဲမှာလည်း အကျုံးဝင်နေတဲ့ ဆည်ရေလေလွင့်မှု မရှိစေရေးနဲ့ ထိရောက်စွာ အသုံးပြုရန်နဲ့ ဆက်စပ်လျက်ရှိနေတာကိုလည်း တွေ့ရပါတယ်။ တောင်နဝင်းဆည်ရဲ့ ဖော်ပြပါ ကန်အတွင်း အငွေ့ပြန်ဆုံးရှုံးမှု ပမာဏဟာ ရေလှောင် ပမာဏ ဆတူနီးပါးရှိတဲ့ မြောက်နဝင်းဆည်ရဲ့ ရေငွေ့ပျံဆုံးရှုံးမှု ပမာဏနဲ့ မတိမ်းမယိမ်းရှိပါက အနည်းဆုံးလယ်မြေဧရိယာ(၁၀၀၀၀)ဧကနဲ့အထက်ကို ဆည်ရေလုံလောက်စွာ ရရှိနိုင်တယ်လို့ တင်ပြဆွေးနွေး မေးမြန်း လေ့လာမှုတွေအရ သိရှိရပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ဆက်လက်ပြီးတော့ ပေါင်းတည်မြို့နယ်အတွင်းမှာ ရှိတဲ့ ဝဲကြီးဆည်ရဲ့ ဆည်ရေသောက်ဧရိယာ အခြေအနေကို ဆွေးနွေးလိုပါတယ်။ ဒီနေရာတွေကတော့ ကျွန်တော့် မဲဆန္ဒနယ်အတွက် အဓိက ဆက်စပ်ပြီးတော့ ပါဝင်နေတဲ့အတွက် တချို့နေရာတွေမှာလည်း ယခုထက်ထိတိုင် ခက်ခဲနေတဲ့အတွက် ဒီကိစ္စတွေ ဖြစ်နေပါတယ်။ ဝဲကြီးဆည်ဟာ ၂၀၁၂ ခုနှစ် မတိုင်မီ(၁၀)နှစ်ပျမ်းမျှ စီးဝင်ရေဟာ (၂၂၇၈၀၀)ဧကပေရှိခဲ့ပါတယ်။ ကန်ရေပြည့် ရေလှောင်ပမာဏ ဟာ(၂၅၂၀၀၀)ဧကပေဖြစ်လို့ (၉၀)ရာခိုင်နှုန်းခန့်ဖြစ်ပါတယ်။ (၁၀)နှစ်အတွင်းမှာ (၇)နှစ်က ရေပိုလွှဲ၊ ရေပိုလွှဲကနေပြီးတော့ လျှံကျစီးဆင်းတဲ့ ဆည်ဖြစ်လို့ ရေဝင်အလွန်ကောင်းတဲ့ ဆည်ဖြစ်တယ်လို့ သိရှိရပါတယ်။

နှစ်စဉ် သီးနှံများ ဆည်ရေပေးဝေပြီးနောက် မိုးရာသီမတိုင်မီမှာ ကန်တွင်းလက်ကျန်ရေဟာ (၂၄၀၀၀၀) ဧကပေခန့်ရှိခဲ့ရာ တူးမြောင်းမကြီးရဲ့ မူလသတ်မှတ်ရေထုစီးနှုန်း(၁၀၀၀)ကုဗပေ စက္ကန့် ထုတ်လွှတ်ပေးရမယ့်အစား မြောင်းမကြီးရဲ့ အရင်းပိုင်း ကျောက်တောင်ကုန်း ဖြတ်သန်းတဲ့ နေရာရှိ တူးမြောင်းမကြီးမှာ မူလ ဒီဇိုင်းပုံစံအတိုင်း မရှိ၍ လက်တွေ့မှာ (၄၀၀)ကုဗပေ စက္ကန့်ဖြင့်သာ ရေပေး နိုင်သေးကြောင်း မူလသတ်မှတ် ဆည်ရေသောက်မြေဧရိယာရဲ့ ထက်ဝက်နီးပါးခန့် ရေမရှိသည်မှာ ဆယ်စုနှစ် တစ်ခုကနေ နှစ်ခုအတွင်း ရှိနေပြီဖြစ်ပါတယ်။

အကျိုးဆက်တွေကတော့ အထက်မှာ ကိုယ်စားလှယ်ကြီးများ တင်ပြ ဆွေးနွေးသွားသလို ပါပဲ အဖျားပိုင်း လယ်ယာမြေများဟာ နှစ်စဉ် ရေကို အလှည့်ကျခွဲဝေပြီးတော့ သုံးစွဲနေရပါတယ်။ ဆက်စပ်ပြီး တင်ပြရပါလျှင် ဝဲကြီးဆည်ရေသောက်ဧရိယာအတွင်း ယခုအချိန်ထိ စာရင်းမသွင်းနိုင် သေးတဲ့ မိုးညိုမြို့နယ်၊ မင်းဘူးကျေးရွာအုပ်စု၊ မင်းငယ်ကျေးရွာအုပ်စုတို့နှင့် ဆင်ခေါင်းကျေးရွာအုပ်စု အတွင်းရှိ စိုက်ပျိုးမြေဧက (၁၈၀၀)အတွက် စိုက်ပျိုးရေရရှိရန် ဝဲကြီးချောင်းအတွင်း၊ ဝဲကြီးရေလှောင် တမံမှ ဆည်ရေကို ဝဲကြီးချောင်းအတွင်း ချပေးခြင်းတို့ကို ခေတ်အဆက်ဆက်က လုပ်ခဲ့ပါတယ်။

ခေတ်အဆက်ဆက်က ဆောင်ရွက်ခဲ့သော်လည်းပဲ အခုအချိန်ထိ အောင်မြင်မှု မရသေး ပါဘူး။ ကျွန်တော်ကိုယ်တိုင်လည်းပဲ အမျိုးသားလွှတ်တော်မှာ ကြယ်ပွင့်မပြမေးခွန်း မေးမြန်းခဲ့ပြီး ဖြစ်ပါတယ်။ တိုင်းဒေသကြီးအစိုးရရဲ့ အစီအစဉ်ဖြင့် ဆောင်ရွက်ရမယ်လို့ ပြည်ထောင်စုဝန်ကြီးဌာနက အဖြေရတော့ တိုင်းဒေသကြီးအစိုးရအဖွဲ့ကိုလည်း ကျွန်တော် တင်ပြထားပြီး ဖြစ်ပါတယ်။ သို့ပါ သော်လည်း ယနေ့ထိ တစ်စုံတစ်ရာ ဆောင်ရွက်ချက်တွေ မရှိသေးပါဘူး။ ယခုချိန်ထိတိုင် တောင်သူ များဟာ အခက်အခဲ ရှိနေတာကို တွေ့ရပါတယ်။

အထက်ပါ ဝဲကြီးဆည်ရဲ့ ရေလွှတ်ဧရိယာမှာ မပါဝင်သော်လည်းပဲ ဆည်ရေကို သုံးရတဲ့ လယ်မြေများဖြစ်ကြပါတယ်။ အကျိုးပြုဧက စာရင်းမှာလည်း ပါဝင်ခြင်းမရှိသေးပါဘူး။ ဆက်စပ်တင်ပြရခြင်းသာ ဖြစ်ပါတယ်။ ဖြစ်နိုင်မယ်ဆိုလျှင် ဆည်ရေသောက်ဧရိယာထဲကို ထည့်သွင်းပေးနိုင်မှုကို ပြည်ထောင်စုဒုတိယဝန်ကြီးကို ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေတ္တာရပ်ခံလိုပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ အဓိကကတော့ တူးမြောင်းစနစ်တွေ ပီပြင်မှု မရှိခဲ့ခြင်းရဲ့ အကျိုးဆက်ကို ဆိုလိုချင်ပါတယ်။ ရေစီမံကွပ်ကဲမှု မရှိသလောက်ဖြစ်နေခြင်းကြောင့် ဝဲကြီးဆည်ဟာ မူလ ဒီဇိုင်းသတ်မှတ်ချက်ရဲ့ ထက်ဝက်ဖြစ်တဲ့ (၂၂၅၀၀)ဧကထက် မပိုတဲ့အတွက် တောင်သူပိုင်းရော၊ နိုင်ငံတော်အတွက်ပါ များစွာ နစ်နာမှုရှိနေတယ်လို့ သုံးသပ်တင်ပြလိုပါတယ်။ ဆည်ရေသောက်မြေဧရိယာများ မပျောက်ဆုံးစေရေးနှင့် ရေပေး တူးမြောင်းစနစ် သွက်လက်စေရန်မှာ ကျွန်တော် လေ့လာမိသလောက် တူးမြောင်းစနစ်မှာ ပါဝင်တဲ့ အဆောက်အအုံတွေ၊ မူလရှိပြီး ချောင်းတွေ၊ မြောင်းတွေ မပိတ်ဆို့ရေးအပါအဝင် ရေနုတ်မြောင်းများ သွက်လက်စွာ ရေထုတ်နိုင်ရေးတို့ဟာ အလွန်အရေးကြီးလှပါတယ်။ တည်ဆောက်ပြီးခဲ့တဲ့ ဆည်ရေသောက် စနစ်များမှာ ကြုံတွေ့နေရတဲ့ ရေအခက်အခဲပြဿနာများဖြစ်နေတဲ့အတွက် လက်တွေ့ဖြေရှင်းမည်ဆိုလျှင်တော့ ဝန်နဲ့အားမျှတစေရန်အတွက် ကျွန်တော်တင်ပြလိုတာက ထိုက်သင့်တဲ့ စက်ယန္တရားများ၊ အတွဲများ၊ စက်ယန္တရားအတွဲများဖြင့် နေရာအနှံ့ဖြန့်ကျက်ပြီး လုပ်ဆောင်ပေးဖို့ လိုအပ်နေပါကြောင်း တင်ပြလိုပါတယ်။

သို့ဖြစ်ပါ၍ ဆယ်စုနှစ် (၂)နှစ်အထက် နှစ်ရှည်ကြာလယ်မြေများ ရေရရှိရေး၊ ရေမနှစ်မြုပ်ရေးတို့အတွက် လိုလားတောင်းတနေကြတဲ့ တောင်သူများရဲ့ လိုအင်ဆန္ဒတွေကို အကောင်အထည်ဖော်နိုင်တဲ့အချက်များထဲက အဆိုရှင် ဦးမျိုးမြင့် တင်သွင်းသွားတဲ့ အဆိုဟာလည်းပဲ အချက်တစ်ခုအနေနဲ့ အရေးကြီးသည့်အပိုင်းက ပါဝင်နေတဲ့အတွက် ကျွန်တော့်အနေနဲ့ လေးနက်စွာ ထောက်ခံတင်ပြရင်း နိဂုံးချုပ်အပ်ပါတယ်။ ကျေးဇူးတင်ပါတယ်ခင်ဗျား။

**အချိန်၊ ၁၁း၄၄။**

**ဥက္ကဋ္ဌ**။ ။အဆိုနှင့်စပ်လျဉ်း၍ လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး က ပြန်လည်ဆွေးနွေးရန်ရှိပါက ဆွေးနွေးဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၁း၄၄။**

**ဦးခင်ဇော် (ဒုတိယဝန်ကြီး၊ လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ၊ ပြည်ထောင်စုအဆင့် ဒုဝန်ကြီးများ အားလုံးကို ကျွန်တော် မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သရင်း ဂါရဝပြုပါတယ်။ ကျွန်တော်ကတော့ ဦးခင်ဇော်၊ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဖြစ်ပါတယ်။ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆) အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးမျိုးမြင့် ရဲ့ အဆိုအပေါ်မှာ ကျွန်တော် ဖြေကြားရှင်းလင်းသွားမှာ ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ လယ်ယာကဏ္ဍသီးနှံများ စိုက်ပျိုးထုတ်လုပ်ရာတွင် အဓိကလိုအပ်ချက်ဖြစ်တဲ့ စိုက်ပျိုးရေ ရရှိမှုပမာဏ တိုးတက်လာစေရန်အတွက် ဒေသရေမြေ အခြေအနေနှင့်အညီ ဆည်မြောင်းစီမံကိန်းများ၊ မြစ်ရေတင်စီမံကိန်းများနှင့် မြေအောက်ရေ လုပ်ငန်းများကို တည်ဆောက်အကောင်အထည်ဖော်ခြင်း၊ တည်ဆောက်ပြီးလုပ်ငန်းများအား ပြုပြင်ထိန်းသိမ်းခြင်း၊ စိုက်ပျိုးရေပေးဝေခြင်း စတဲ့ လုပ်ငန်းများကို လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနမှ ဆောင်ရွက်လျက်ရှိပါတယ်။ လက်ရှိအခြေအနေတွင် ဆည်မြောင်းဦးစီးဌာနမှ တည်ဆောက်ပြီး ဆည်၊ ကန်၊ ရေလှောင်တမံများအနက် စိုက်ပျိုးရေပေးဝေနိုင်သော ဆည်၊ ကန်၊ ရေလှောင်တမံ(၃၀၄)ခု၏ ၂၀၁၃ ခုနှစ်၊ ဖေဖော်ဝါရီလ အထိ အမှန်ရေပေးဝေနိုင်သော ဧကစာရင်းကို ကောက်ယူထားရှိမှုအရ မူလဧရိယာဧကအပေါ် စိစစ်ပြီးဧကမှာ (၂၀၆၃၀၀၉)ဧကဖြစ်ပြီး ယင်းတို့အနက် အမှန်ရေပေးဝေနိုင်သည့် ဧကမှာ(၁၄၆၆၃၀၄)ဧက ဖြစ်သည့်အတွက် ရေပေးဝေနိုင်သည့် ဧကမှာ (၇၁.၀၈)ရာခိုင်နှုန်းဖြစ်ပြီး ရေမပေးဝေနိုင်သည့် ဧကမှာ (၂၈.၉၂)ရာခိုင်နှုန်း ဖြစ်ပါတယ်။

အဆိုပါ ရေပေးဝေနိုင်သည့် ဧကစာရင်းမှာ နှစ်စဉ်ပြောင်းလဲမှု ရှိနိုင်ပါတယ်။ ထိုသို့ ပြောင်းလဲရသည့် အဓိကအကြောင်းအရင်းများမှာ အောက်ပါအချက်များကြောင့် ဖြစ်ပါတယ်။ (က) ရာသီဥတု ပြောင်းလဲမှုအပေါ်တွင် ဆည်ရေ ဝင်ရောက်မှုနည်းပါးတတ်ခြင်း။ (ခ) စိုက်ပျိုးသည့် သီးနှံပုံစံတွဲအရ ရေအသုံးပြုမှုအပေါ်တွင် စိုက်ဧကပြောင်းလဲမှု ဖြစ်တတ်ခြင်း။ (ဂ) နှစ်ကာလကြာမြင့်လာသည်နှင့်အမျှ ရေပေးမြောင်းနှင့် ရေထိန်းအဆောက်အအုံများ ယိုယွင်းပျက်စီးလာသဖြင့် ထိရောက်သော ရေပေးဝေမှု မဆောင်ရွက်နိုင်ခြင်း။ (ဃ) မြေသား ရေပေးမြောင်းများဖြစ်၍ ရေလေလွင့်ဆုံးရှုံးမှုများခြင်း၊ အချို့သဲဆန်သော အပိုင်းတွင် ရေ ပိုမိုဆုံးရှုံးမှု ရှိရခြင်း။ (င) ရေ အသုံးပြုသူများအဖွဲ့ (Water User Group) များ၏ ရေစီမံမှု အားနည်းချက်အရ ရေလေလွင့်ဆုံးရှုံးမှုများသဖြင့် စိုက်ဧကလျော့နည်းမှု ဖြစ်ပေါ်ခြင်းတို့ ဖြစ်ပါတယ်။

နိုင်ငံတော်မှ တည်ဆောက်ပြီးစီးခဲ့တဲ့ ဆည်မြောင်းစီမံကိန်းနှင့် မြစ်ရေတင် စီမံကိန်းလုပ်ငန်း တစ်ခုချင်းစီအတွက် နှစ်စဉ်ဆည်ရေပေးဝေနိုင်သည့် မြေဧရိယာအတိုး/အလျော့ကို ကွာခြားချက် သိရှိနိုင်စေရန် မူလစီမံကိန်းဧရိယာ၊ စီမံကိန်းအတွင်း ရေသောက်ဧရိယာ၊ ယခင်နှစ်က အမှန်ရေပေးဝေနိုင်ခဲ့သည့် ဧရိယာနှင့် နှစ်အတွင်း ရေပေးဝေနိုင်သည့် ဧရိယာတို့ကို ကွင်းတိုင်နှင့် မြေစာရင်းဦးစီးဌာန၊ ဆည်မြောင်းဦးစီးဌာနနှင့် ရေအရင်းအမြစ်အသုံးချရေးဦးစီးဌာနတို့မှ တာဝန်ရှိသူများနှင့် ဒေသဆိုင်ရာအုပ်ချုပ်ရေး တာဝန်ရှိသူများမှ ပူးတွဲ၍ နှစ်စဉ် စစ်ဆေးစာရင်းပြုစု ဆောင်ရွက်လျက်ရှိပါတယ်။

နိုင်ငံတော်မှ တည်ဆောက်ထိန်းသိမ်းထားသော ဆည်မြောင်းစီမံကိန်းနှင့် မြစ်ရေတင် စီမံကိန်းတစ်ခုချင်းစီမှ စိုက်ပျိုးရေရယူသုံးစွဲသည့် ဧရိယာများအပေါ် ရေခွန်ကောက်ခံရာတွင် မှန်ကန်မှု ရှိစေရန်အတွက်လည်း နှစ်စဉ် အမှန်တကယ် ရေပေးဝေနိုင်သော ဧရိယာကို သက်ဆိုင်ရာ ဒေသရှိ မြေစာရင်းဦးစီးဌာန၊ ဆည်မြောင်းဦးစီးဌာန၊ ရေအရင်းအမြစ်အသုံးချရေးဦးစီးဌာနမှ ကျေးရွာအုပ်စုအဆင့် တာဝန်ခံဝန်ထမ်းများနှင့် ရပ်ကွက်၊ ကျေးရွာအုပ်စုအဆင့် အုပ်ချုပ်ရေးဝန်ထမ်းများ ပါဝင်သော အဖွဲ့က အသေးစိတ် ကွင်းဆင်းစစ်ဆေးပြီး၊ မြို့နယ်အဆင့် မြေစာရင်းဦးစီးဌာနနှင့်

ဆည်မြောင်းဦးစီးဌာနတို့မှ စစ်ဆေး အတည်ပြုထားသော စာရင်းများကို နှစ်စဉ် ဆောင်ရွက်လျက် ရှိပါတယ်။

ဆည်မြောင်းစီမံကိန်း တစ်ခုချင်းနှင့် မြစ်ရေတင်စီမံကိန်း တစ်ခုချင်းစီ၏ ရေပေးဝေနိုင်သော ဧရိယာများ၊ ရေမပေးဝေနိုင်သော ဧရိယာများရှိပါက ရေမပေးဝေနိုင်သည့် မြောင်းလက်တံခွဲ၊ မြောင်းမကြီးတို့တွင် မည်သည့်အကြောင်းကြောင့် ရေမပေးဝေနိုင်သည်ကို အသေးစိတ်ရှင်လင်းချက် အစီရင်ခံစာနှင့် ဆည်ရေသောက်ဧရိယာ ပြောင်းလဲမှု စာရင်းတို့ကို ဦးစီးဌာနများမှ ကျွမ်းကျင်ပညာရှင်များဖြင့် ပူးတွဲ စိစစ်၍ မြေပြင်အခြေအနေနှင့် ကိုက်ညီစေရန် စာရင်းပြုစုစေလျက်ရှိပါတယ်။ ယခုလက်ရှိ ဦးစားပေးဆောင်ရွက်လျက်ရှိသော လယ်ယာမြေလုပ်ပိုင်ခွင့် မှတ်ပုံ တင်ခြင်း၊ လုပ်ပိုင်ခွင့် ခွင့်ပြုလက်မှတ်ထုတ်ပေးခြင်း လုပ်ငန်းများနှင့် တစ်ပြိုင်တည်း လယ်ယာမြေအမှန်ရှိမှု ကိန်းဂဏန်းများ မှန်ကန်ရေးကိုပါ တစ်ပါတည်း လက်တွေ့ ကွင်းဆင်းဆောင်ရွက်လျက်ရှိပါတယ်။

သို့ဖြစ်ပါ၍ လယ်ယာကဏ္ဍကုန်ထုတ်လုပ်မှု တိုးတက်ရေးအတွက် ဘက်စုံထောင့်စုံမှ တွန်းအားပေး ဆောင်ရွက်လျက်ရှိရာတွင် လယ်ယာကဏ္ဍဆိုင်ရာ အခြေခံ စာရင်း ကိန်းဂဏန်း အချက်အလက်များ မှန်ကန်ရေးအတွက် ကိုယ်စားလှယ်တော်ကြီး တင်သွင်းထားတဲ့ ဆည်ရေပေးဝေနိုင်သည့် မြေဧရိယာများ (Irrigable Land Areas) လျော့နည်းသတ်မှတ် ဖော်ပြချက်များအပေါ် လယ်ယာကိန်းဂဏန်းများ မှန်ကန်စေရေး ပြန်လည်စိစစ်ရန်နှင့် ပြည်ထောင်စုအစိုးရအဖွဲ့၏ ခွင့်ပြုသဘောတူညီချက် ရယူထုတ်ပြန်သွားရန် ပြည်ထောင်စုအစိုးရသို့ တိုက်တွန်းကြောင်း အဆိုကို ထောက်ခံပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၁း၅၀။**

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)မှ ဦးမျိုးမြင့် တင်သွင်းတဲ့ ဆည်ရေပေးဝေနိုင်သည့် မြေဧရိယာများ (Irrigable Land Areas) လျော့နည်းသတ်မှတ် ဖော်ပြချက်များအပေါ် လယ်ယာ ကိန်းဂဏန်းများ မှန်ကန်စေရေး ပြန်လည်စိစစ်ရန်နှင့် ပြည်ထောင်စုအစိုးရအဖွဲ့၏ ခွင့်ပြုသဘောတူညီချက် ရယူထုတ်ပြန်သွားရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း အဆိုကို အတည်ပြုရန် သဘောတူမတူ လွှတ်တော်ရဲ့ အဆုံးအဖြတ် ရယူပါမယ်။

လွှတ်တော်၏ အဆုံးအဖြတ် ရယူရာတွင် အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၇၊ နည်းဥပဒေခွဲ(တ)၊ နည်းဥပဒေခွဲငယ်(၁)အရ စက်ခလုတ် အသုံးပြု၍ လျှို့ဝှက်စွာ ဆန္ဒပြုတဲ့ နည်းလမ်းဖြင့် ဆောင်ရွက်မှာ ဖြစ်ပါတယ်။

ယခု လွှတ်တော်ရဲ့ ဆန္ဒရယူပါမယ်။ ဆန္ဒမဲ ပေးကြဖို့ အသင့်ရှိစေလိုပါတယ်။ ဆန္ဒမဲ ပေးနိုင်ကြပါပြီ။ ထောက်ခံမဲ (၁၉၀)မဲ၊ ကန့်ကွက်(မရှိ)၊ ကြားနေ(၂)မဲ ဖြစ်ပါတယ်။

ထောက်ခံမဲများတဲ့အတွက် ဦးမျိုးမြင့် ရဲ့ အဆိုကို အတည်ပြုကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**အချိန်၊ ၁၁:၅၅။**

**ဥက္ကဋ္ဌ။** ။ နေ့လယ်စာ သုံးဆောင်ဖို့ အစည်းအဝေးကို (၁)နာရီ ရပ်နားပါမယ်။

**အချိန်၊ ၁၁:၅၅။**

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီး ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး။** ။ အားလုံး ထွက်ခွာနိုင်ပါပြီခင်ဗျား။

[အစည်းအဝေးကို (၁၁:၅၅)နာရီအချိန်တွင် ခေတ္တရပ်နားပြီး (၁၂:၅၅)နာရီအချိန်တွင် ပြန်လည်ကျင်းပပါသည်။]

**အချိန်၊ ၁၂:၅၅။**

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ အစည်းအဝေး ပြန်လည်စတင်တော့မှာ ဖြစ်ပါတယ်။

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီး ကြွရောက်လာပါပြီခင်ဗျား။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ သည် ဥက္ကဋ္ဌအတွက် သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

**ဒေါက်တာမြင့်ကြည်၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈)၏ တစ်ခုတည်းသော အမျိုးသားစီးပွားရေးဝင်ပေါက် (National Single Window - NSW) တည်ထောင်ထားရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း အဆိုကို လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးခြင်း၊ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်က ပြန်လည်ဖြေရှင်းဆွေးနွေးခြင်းနှင့် အမျိုးသားလွှတ်တော်၏ အဆုံးအဖြတ် ရယူခြင်း**

**အချိန်၊ ၁၂:၅၇။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၁၁)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈) မှ ဒေါက်တာမြင့်ကြည် တင်သွင်းတဲ့ တစ်ခုတည်းသော အမျိုးသားစီးပွားရေးဝင်ပေါက် (National Single Window) တည်ထောင်ထားရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း အဆိုကို ဆွေးနွေးဖို့ လွှတ်တော်ကိုယ်စားလှယ် (၃)ဦး အမည်စာရင်း တင်သွင်းထားပါတယ်။

ပထမဦးစွာ ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၅)မှ ဦးစောထွန်းမြအောင် ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၂:၅၇။**

**ဦးစောထွန်းမြအောင်၊ ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၅)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီး၊ ပြည်ထောင်စုဝန်ကြီးများနှင့် လွှတ်တော်ကိုယ်စားလှယ်များကို မင်္ဂလာပါလို့ ဦးစွာနှုတ်ခွန်းဆက်သပါတယ်။ ကျွန်တော်ကတော့ ကရင်ပြည်နယ် မဲဆန္ဒ

နယ်မြေအမှတ်(၅)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးစောထွန်းမြအောင် ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်မြေအမှတ်(၈)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဒေါက်တာမြင့်ကြည် တင်သွင်းသွားသော် တစ်ခုတည်းသော အမျိုးသားစီးပွားရေးဝင်ပေါက် (National Single Window) ကို ထောက်ခံဆွေးနွေးသွားမှာပဲ ဖြစ်ပါတယ်။

လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ ၂၀၁၅ ခုနှစ်၊ ဒီဇင်ဘာလ ၃၁ ရက်နေ့တွင် အာဆီယံနိုင်ငံများအတွင်း အာဆီယံစီးပွားရေး အသိုက်အဝန်း တစ်ရပ်အဖြစ် AEC သက်ဝင်လှုပ်ရှားတော့မည် ဖြစ်ပါတယ်။ အာဆီယံရဲ့ အရင်းအမြစ် ASEAN Vision 2020 ကို ၁၉၉၇ ခုနှစ်မှာ အာဆီယံခေါင်းဆောင်များက သဘောတူ လက်မှတ်ရေးထိုး ခဲ့ကြပါတယ်။ ၂၀၀၃ ခုနှစ်မှာ အာဆီယံလုပ်ငန်းကြီး(၃)ရပ်အဖြစ် အာဆီယံ လုံခြုံရေးအသိုက်အဝန်း၊ အာဆီယံ လူမှုရေးနှင့် ယဉ်ကျေးမှု အသိုက်အဝန်း၊ အာဆီယံစီးပွားရေး အသိုက်အဝန်းဟူ၍ လုပ်ငန်းကြီး(၃)ရပ်ကို ထူထောင်ရန် Bali Concord Second အဖြစ် ချမှတ်ပြဋ္ဌာန်းခဲ့ပါတယ်။ အာဆီယံနိုင်ငံများအနေဖြင့် ၂၀၀၇ ခုနှစ် နိုဝင်ဘာလ ၂၀ ရက်နေ့မှာ အာဆီယံအသိုက်အဝန်း Blueprint ကို (၁၃)ကြိမ်မြောက် အာဆီယံညီလာခံမှာ အတည်ပြုခဲ့ပါတယ်။ ၂၀၁၆ ခုနှစ်၊ လဆန်း (၁)ရက်နေ့မှာ အာဆီယံစီးပွားရေး ပူးပေါင်းမှုအတွက် လွတ်လပ်သော စီးပွားရေးလုပ်ငန်းများ စီးဆင်း တော့မှာ ဖြစ်ပါတယ်။

အချို့သော ရင်းနှီးမြှုပ်နှံမှုနှင့် စျေးကွက်များ လှုပ်ရှားမှုဟာ မြန်မာနိုင်ငံအတွင်းသို့ စတင်ထိုးဖောက်နေပြီ ဖြစ်ပါတယ်။ ဒေသတွင်းကုန်ပစ္စည်းများ ဝန်ဆောင်မှုများနှင့် ကျွမ်းကျင် လုပ်သား ရင်းနှီးမှု၊ ငွေကြေးအရင်းအနှီး၊ သယ်ယူပို့ဆောင်ရေး၊ ခရီးသွားလာရေး၊ သစ်တောကဏ္ဍများ ဦးစားပေး ပေါင်းစည်းမှုသည် လွတ်လပ်စွာ ဖြတ်သန်းစီးဆင်းလျက် ဒေသတစ်ခုလုံး၏ တစ်ခုတည်း ဖြစ်သောစျေးကွက်၊ ထုတ်လုပ်မှု အခြေခံဒေသကြီးအဖြစ် ဖန်တီးလာမှာ ဖြစ်ပါတယ်။ ဒေသတွင်း (၁၀)နိုင်ငံသာမက အာဆီယံပတ်ဝန်းကျင် မိတ်ဖက်နိုင်ငံများပါ ပါဝင်ပူးပေါင်းလာမှာ ဖြစ်ပါတယ်။ အာဆီယံနိုင်ငံများအချင်းချင်း အာဆီယံနိုင်ငံများအနေဖြင့် မတူညီသော အခြေခံနှင့် အခြေအနေ များကြောင့် ပါဝင်နိုင်စွမ်း မတူညီနိုင်သလို တစ်နေ့မဟုတ်တစ်နေ့ တဖြည်းဖြည်း ရာနှုန်းပြည့် ပါဝင် လာမှာ ဖြစ်ပါတယ်။ ထိုအခါတွင် စွမ်းဆောင်နိုင်သူက အသာစီးရပြီး အားနည်းသူက စျေးကွက် ခေါင်းပါး၍ ကျန်ရစ်မှာ ဓမ္မတာ ဖြစ်ပါတယ်။ ထိုအချိန်တွင် အာဆီယံ စီးပွားရေးအသိုက်အဝန်း အနေဖြင့် စိန်ခေါ်မှုများ၊ အခက်အခဲများနှင့် ရင်ဆိုင်တွေ့ရမှာ မလွဲဧကန်ဖြစ်ပါတယ်။ ထိုအချိန်တွင် နိုင်ငံရေးတည်ငြိမ်မှု အခြေခံအဆောက်အအုံများ တောင့်တင်းခိုင်မာမှု၊ ဖွံ့ဖြိုးတိုးတက်မှု၊ အရှိန်အဟုန် တို့သည် လျင်မြန်စွာ ခရီးရောက်ပြီးမြောက်သူက ထိုအခွင့်အရေးကို ဆုပ်ကိုင်ပြီး အသုံးချသလို ထိုထိုသော အခွင့်အရေး မရှိသူ၊ မရသူက ပြဿနာများဖြင့် လုံးထွေးရစ်ပတ်ပြီး ခရီးနှင်ကြမည်သာ ဖြစ်ပါတယ်။

လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ မြန်မာနိုင်ငံအနေဖြင့် အာဆီယံစီးပွားရေး အသိုက်အဝန်း၊ မောင်းနှင်လည်ပတ်မှုအပိုင်းတွင် နိုင်ငံပိုင် စီးပွားရေး လုပ်ငန်း များကိုသော်လည်းကောင်း၊ ဗဟိုထိန်းချုပ်မှု စီးပွားရေးလုပ်ငန်းသော်လည်းကောင်း၊ ပုဂ္ဂလိက

ကုန်ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုလုပ်ငန်းများသည်လည်းကောင်း အားလုံး ပါဝင်ပတ်သက်လာမှာ ဖြစ်ပါတယ်။ AEC ရဲ့ ရိုက်ခတ်မှုကြောင့် ပြည်ပရှိ ကုန်သွယ်မှုနှင့် ဈေးကွက်များပါ ရိုက်ခတ်လာမှာ ဖြစ်သလို သွယ်ဝိုက်သောနည်းဖြင့်ဖြစ်စေ ပါဝင်ပတ်သက်နေမှာ ဖြစ်ပါတယ်။ ထိုအခြေအနေတွင် နိုင်ငံတော်က ထိန်းချုပ်သော လုပ်ငန်းများ၊ ပုဂ္ဂလိက လုပ်ငန်းကြီးများအနေဖြင့် ထိုအခြေအနေကို တောင့်ခံနိုင်စွမ်း ရှိပေမည်။ ထိုအခြေအနေကို အသေးစား အလတ်စားလုပ်ငန်းရှင်များ တောင့်ခံနိုင်စွမ်း နည်းမှာသေချာပါတယ်။ အထူးသဖြင့် သက်နုစီးပွားရေးလုပ်ငန်းများသည် ဘဏ္ဍာရေး အကျပ်အတည်း၊ ပညာသည် အခက်အခဲ၊ ကျွမ်းကျင်လုပ်သားများ ရှားပါးမှု၊ စီမံခန့်ခွဲမှု အားနည်းမှုကြောင့် ယိမ်းယိုင်ပြိုလဲနိုင်ပါတယ်။

လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ ၂၀၁၃ ခုနှစ်တစ်ဝက် ကျိုးပြီး ရောက်ရှိချိန်တွင် ၂၀၁၄ ခုနှစ်ကို ကြားခံထားပြီး ၂၀၁၅ ခုနှစ်၊ ဒီဇင်ဘာလကို ကာလပန်းတိုင် အဖြစ် သတ်မှတ်ကာ နှစ်နှစ်ခွဲကာလ လပေါင်း(၃၀)အတွင်း အသေးစား၊ အလတ်စား စီးပွားရေး လုပ်ငန်းများကို မည်သို့သွားမည် တိုင်းဒေသကြီးနှင့် ပြည်နယ်အချို့ရှိ အသေးစားကုန်ထုတ်လုပ်မှု၊ ဝန်ဆောင်မှုလုပ်ငန်းရှင် အနည်းစုသာ ထိုအခြေအနေကို သိရှိပြီး ဘာသိဘာသာ လုပ်ရိုးလုပ်စဥ် အတိုင်းသွားနေကြတာကို တွေ့မြင်နိုင်မှာ ဖြစ်ပြီး နောင်ခါလာ နောင်ခါဈေး သဘောမျိုးဖြင့် အသေးစားလုပ်ငန်းရှင်များ ပြောသံကို ကြားနေရ၍ အလွန်ရင်လေးမိပါတယ်။ ၂၀၁၃ ခုနှစ်၊ အလုပ်ရုံ ဆွေးနွေးပွဲတစ်ခုမှာ အစည်းအဝေး တက်ရောက်သူများက အနာဂတ် AEC လုပ်ငန်းများအတွက် ရင်မအေးကြောင်း ဆွေးနွေးခဲ့ကြပါတယ်။ ဆွေးနွေးချက်အပေါ်မှာ ဖော်ထုတ်ချက်အရ ဝန်ကြီးဌာနသို့ တင်ပြရာ အမျိုးသားစီမံကိန်းနှင့် ဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီးဌာနက ကျွမ်းကျင်ပညာရှင်များ ပါဝင်သည့် ပညာရှင်(၁၀)ဦးအား AEC - Pillar, Eminent Persons Group ဆိုပြီးတော့ ဖွဲ့စည်းထားပါတယ်။

၎င်းအဖွဲ့အစည်းသည် ၂၀၁၄ ခုနှစ်၊ မြန်မာနိုင်ငံအနေဖြင့် အာဆီယံဥက္ကဋ္ဌအဖြစ် အလှည့်ကျ တာဝန်ယူသည့်အခါ AEC ဆိုင်ရာ လုပ်ငန်းများ အဆင်ပြေချောမွေ့စွာ ဆောင်ရွက်နိုင်ရန် ဖွဲ့စည်းသည့်သဘောမျိုးသာ တွေ့ရှိရပါတယ်။ ၂၀၁၄ ခုနှစ် AEC အကြိုနှစ်ကာလတွင် ရုံးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန်သာဖြစ်ပြီး AEC ၏ အသေးစား၊ အလတ်စား စီးပွားရေးလုပ်ငန်းများ လုပ်ကိုင်ရန် ပြုပြင်ပြောင်းလဲရန်အချက်သို့ မသက်ရောက်သည်ကို တွေ့ရှိရပါတယ်။ AEC အလုပ်ရုံ ဆွေးနွေးပွဲတစ်ခုတွင် လုပ်ငန်းရှင်များ၏ တင်ပြချက်အရ (၁) အသေးစား အလတ်စားလုပ်ငန်းများ အတွက် အတိုးနှုန်းသက်သာစွာဖြင့် ချေးငွေရရှိရေး၊ (၂) စွမ်းအင်လုံလောက်စွာ ရရှိရေး၊ (၃) စက်ရုံ အလုပ်ရုံ မြေနေရာများ ဈေးနှုန်းချိုသာရေး၊ (၄) လမ်းပန်းဆက်သွယ်မှုနှင့် သယ်ပို့ခ ဈေးလျှော့ချရေး၊ (၅) လုပ်ငန်းထူထောင်ရာတွင် လုပ်သာကိုင်သာရှိအောင် ဥပဒေ၊ အမိန့်၊ ညွှန်ကြားချက်များကို အများပြည်သူ သိရှိအောင် ထုတ်ပြန်ပေးရေးတို့ ပါရှိပါတယ်။ အဓိကအချက်ကတော့ ငွေကြေး အရင်းအနှီး ထူထောင်ပေးဖို့ အဓိက ဆွေးနွေးသွားခဲ့ကြပါတယ်။

လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ လက်ရှိမြန်မာနိုင်ငံသည် ကုန်သည်ကြီးများနှင့် စက်မှုလုပ်ငန်းရှင်များ အသင်းချုပ်ကို အမှုဆောင် (၄)နှစ်ကာလအတွက် ၂၀၁၃ မှ ၂၀၁၆ (၄)နှစ်တာကာလ အမှုဆောင်ကို မေလ ၁၅ ရက်နေ့မှာ အမှုဆောင်အသစ် ရွေးချယ်ဖွဲ့စည်းထားတာ တွေ့ရှိရပါတယ်။ ၎င်းအဖွဲ့သည် မြို့နယ်နဲ့ ပြည်နယ်/တိုင်းဒေသကြီး များတို့ AEC

လုပ်ငန်းများကို ကဏ္ဍအလိုက် လယ်ယာကဏ္ဍ၊ မွေးမြူရေးကဏ္ဍ၊ သစ်တောကဏ္ဍ၊ ပို့ဆောင်ရေး ကဏ္ဍ၊ သတ္တုကဏ္ဍ၊ ခရီးသွားလာရေးကဏ္ဍ အစရှိသည်များကို ဝန်ကြီးဌာနများနှင့် ချိတ်ဆက်ပြီး ပြည်နယ်နှင့် တိုင်းဒေသကြီးများနှင့် ချိတ်ဆက်လျက် အကောင်အထည် ဖော်ဆောင်နိုင်ရန် အကြံပြု အပ်ပါတယ်။

သို့မှသာ နောင်လာမည့် ၂၀၁၆ ခုနှစ် နှစ်ဆန်းပိုင်း National Single Window တစ်ခုတည်းသော အမျိုးသားစီးပွားရေးဝင်ပေါက်အဖြစ် အကောင်အထည်ဖော်နိုင်မှာ ဖြစ်ပါတယ်။ National Single Window အနေဖြင့် တင်ပြရမယ်ဆိုလို့ရှိရင် တစ်နေရာတည်း၊ တစ်ရက်တည်းနှင့် အခြားနေရာသို့ ပြေးလွှားလှုပ်ရှားမှု မရှိဘဲ တစ်နေရာတည်းမှာ ပြည်နယ်နှင့် တိုင်းဒေသကြီး လုပ်ငန်းများ အပြည်ပြည်ဆိုင်ရာက မေးမြန်းလာသည့် လုပ်ငန်းများကို တစ်ထိုင်တည်း တစ်နေရာ တည်းမှာ One Stop Service အဖြစ် နိုင်ငံတော်အတွက် တည်ဆောက်နိုင်မှာ ဖြစ်ပါတယ်။ ထို့အတူပဲ ၎င်းလုပ်ငန်းအတွက် တည်ဆောက်ရန် ရုံးသဘောမျိုးလည်း လိုအပ်ပါတယ်။ National Single Window ရုံး တစ်နေရာတည်းမှာ ရှိခြင်းအားဖြင့် ပြဿနာပေါင်းစုံကို ဖြေရှင်းနိုင်မှာ ဖြစ်ပါတယ်။ သို့အတွက် လိုအပ်တဲ့ ရုံးအဆောက်အဦး နောက်တစ်ခါ နိုင်ငံတကာက မေးမြန်းမယ့် အချက်အလက်များကို ပြန်ဖြေကြားနိုင်မယ့် ဝန်ထမ်းကြီးငယ် IT ဘာသာရပ်များ မွေးထုတ်သလို ပြည်နယ်နှင့် တိုင်းဒေသရှိ အချက်အလက်များကို ကဏ္ဍပေါင်းစုံမှ အချက်အလက်များဖြင့် ကွန်ပျူတာတွင် ထည့်သွင်း၍ Facebook ပေါ်တွင် တင်ပြီး နိုင်ငံတကာမှ မေးမြန်းသည့်အချက်အလက်များကို ဖြေရှင်းနိုင်မှာ ဖြစ်ပါတယ်။ AEC လုပ်ငန်းကြီး တစ်ခုလုံးအနေဖြင့် နေရာ၊ ကျွမ်းကျင်ဝန်ထမ်း၊ စက်ကိရိယာ ကြိုတင်ပြင်ဆင်စုဆောင်းထားသလို လွှတ်တော်သို့လည်း ဥပဒေ၊ နည်းဥပဒေ၊ ပေါ်လစီများ ချမှတ်နိုင်ရန် ကြိုတင်တင်ပြပြီး ဘတ်ဂျက်များကို ရယူထားရမှာ ဖြစ်ပါတယ်။ ၂၀၁၅ မတိုင်မီ Complete အခြေ အထိုင်ချဖို့ လိုအပ်ပါတယ်။ ဥပဒေ၊ နည်းဥပဒေ မရေးဆွဲမီ စီမံချက်ပါ လုပ်ငန်းနှင့် လုပ်ရပ်များကို အရပ်ရပ်ပညာရှင်များနှင့် ညှိနှိုင်းပြီး ဌာနပေါင်းစုံညှိနှိုင်းလျက် ရေးဆွဲပြီးလွှတ်တော်သို့ ရှင်းလင်း တင်ပြခြင်း၊ ဥပဒေ ရေးဆွဲ၍ လွှတ်တော်သို့ တင်ပြခြင်း၊ သို့မှသာ လွှတ်တော်မှ Policy များ ထိန်းကျောင်း တည့်မတ်ပေးနိုင်သလို မူဝါဒများ ချမှတ်ပေးနိုင်မှာ ဖြစ်ပါတယ်။ AEC ၏ လုပ်ငန်းများကို အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု ဝန်ကြီးဌာနမှ တာဝန်ယူ ဆောင်ရွက်နေသည့်အတွက်ကြောင့် ပြည်နယ်နဲ့ တိုင်းမြို့နယ်များမှာ ရုံးခွဲများ ရှိနေသဖြင့် ဒီလုပ်ငန်း သည် အဆင်ပြေချောမွေ့မှာ ဖြစ်ပါတယ်။

လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ နိဂုံးချုပ်အနေဖြင့် တင်ပြ ရသော် တစ်ရုံးတည်း တစ်နေရာတည်းမှာ ကုန်သွယ်ရေးလုပ်ငန်း၊ ငွေကြေးလုပ်ငန်း၊ သိလိုသည့် အချက်များ ပြန်ကြားခြင်း၊ မြေပြင်တွင် တွေ့ကြုံရမည့် လုပ်ငန်းများကို အဆင်ပြေ ချောမွေ့စွာ ဆောင်ရွက်နိုင်မှာဖြစ်သလို ၂၀၀၃ ခုနှစ်က အာဆီယံ လုပ်ငန်းကြီး(၃)ရပ်အနက်မှာ AEC အာဆီယံ စီးပွားရေးအသိုက်အဝန်းလုပ်ငန်းကို Bali Concord - II က ပြဋ္ဌာန်းထားသော လုပ်ငန်းဖြစ်သလို ၂၀၀၇ ခုနှစ်က အာဆီယံနိုင်ငံများက AEC Blueprint ကို အတည်ပြုပြီး ထားရှိသော လုပ်ငန်း ဖြစ်သည့်အတွက် ထိုလုပ်ငန်းများ အောင်မြင်ရန်အတွက် ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈)

မှ ဒေါက်တာမြင့်ကြည် တင်သွင်းသွားသော တစ်ခုတည်းသော အမျိုးသားစီးပွားရေးဝင်ပေါက် (National Single Window) တည်ဆောက်ရန် အဆိုအား လေးလေးနက်နက် ထောက်ခံပါကြောင်း တင်ပြရင်း နိဂုံးချုပ်အပ်ပါတယ်။

**အချိန်၊ ၁၃:၀၈။**

**ဥက္ကဋ္ဌ**။ ။ ဆက်လက်ပြီး စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၅)မှ ဦးကံညွန့် ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၃:၀၈။**

**ဦးကံညွန့်၊ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၅)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ ဒုတိယဥက္ကဋ္ဌကြီး၊ ပြည်ထောင်စုဒုဝန်ကြီး၊ အမျိုးသား လွှတ်တော် ကိုယ်စားလှယ်တော်များ၊ တပ်မတော်သား လွှတ်တော်ကိုယ်စားလှယ်များ၊ ဖိတ်ကြား ထားသူများ အားလုံး စိတ်၏ချမ်းသာခြင်း ကိုယ်၏ကျန်းမာခြင်းနှင့် ပြည့်စုံကြပါစေလို့ ဦးစွာ ဆုမွန်ကောင်း တောင်းလိုက်ပါတယ်။ ကျွန်တော့်ကတော့ စစ်ကိုင်းတိုင်းဒေသကြီး အမှတ်(၅)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးကံညွန့် ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ၂၅-၆-၂၀၁၃ ရက်နေ့က ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈) မှ ဒေါက်တာမြင့်ကြည် အဆို တင်သွင်းခဲ့တဲ့ တစ်ခုတည်းသော အမျိုးသားစီးပွားရေးဝင်ပေါက် (National Single Window - NSW) တည်ထောင်ထားရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း အဆိုကို ထောက်ခံဆွေးနွေး သွားမှာ ဖြစ်ပါတယ်။

လေးစားအပ်ပါသောဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်ရဲ့ ဆွေးနွေးချက်များမှာ အချက်အလက် များနှင့် အင်္ဂလိပ်စာလုံးများ ပါရှိပါ၍ ဖတ်ကြားခွင့်ပြုပါရန် လေးစားစွာ ပန်ကြားအပ်ပါတယ်။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီး ခင်ဗျား။ ရှေးဦးစွာ အာဆီယံပြတင်းတစ်ပေါက် (ASEAN Single Window - ASW) နဲ့ ပတ်သက်၍ တင်ပြရလျှင် ကုန်သွယ်မှုနှင့် အကောက်ခွန်ဆိုင်ရာကိစ္စရပ်များ ရှင်းလင်းလွယ်ကူစေရန် တစ်ပြေးညီဖြစ်စေရန်နှင့် စံချိန်စံညွှန်းကိုက်ညီမှု ရှိစေရန် ကုန်သွယ်မှု လွယ်ကူချောမွေ့စေရေးဆိုင်ရာ လုပ်ထုံးလုပ်နည်းများတွင် ဆက်သွယ်ရေး နည်းပညာ အသုံးပြုမှု အစီအစဉ်များ စသည်တို့ကို အကောင်အထည်ဖော်ဆောင်ခြင်းဟာ ပြီးပြည့်စုံတဲ့ အာဆီယံပြတင်း တစ်ပေါက် (ASW) စနစ် ဖြစ်ပေါ်လာစေမှာပဲ ဖြစ်ပါတယ်။ အဖွဲ့ဝင်တစ်နိုင်ငံစီရဲ့ အမျိုးသား ပြတင်းတစ်ပေါက်စီ စုစုပေါင်းပြတင်းပေါက်(၁၀)ခု ပေါင်းစည်းပြီးတော့မှ ဆောင်ရွက်ခြင်း ဖြစ်ပါ တယ်။ ASW အာဆီယံပြတင်းပေါက်တစ်ပေါက်ဟာ ကုန်စည်များ လွတ်လပ်စွာ စီးဆင်းနိုင်စေရန် Free Flow Goods တစ်ခုတည်းသော ဈေးကွက်နှင့် ထုတ်လုပ်မှုအခြေခံဒေသ Single Market and Single Production Base ဖြစ်စေရန် အရေးကြီးသော Element တစ်ခု ဖြစ်ပါတယ်။ အမျိုးသားပြတင်းတစ်ပေါက် (National Single Window-NSW) စနစ်ဟာ (၁)အချက်အလက်များ၊ Data သတင်းအချက်အလက်များ၊ Information တို့ကို ပြုစုခြင်းနဲ့ တင်ပြခြင်းတို့ ဖြစ်ပါတယ်။ (၂)ကုန်စည်များ အကောက်ခွန် ရှင်းလင်းမှု လျင်မြန်စေနိုင်ရန်အတွက် အဆုံးအဖြတ်ချခြင်းတို့ ဖြစ်ပါတယ်။ (၃) အချိန်နှင့် ကုန်ကျစရိတ် သက်သာစေခြင်း စသည်တို့ဖြင့် ကုန်သွယ်မှုစွမ်းရည်နဲ့ ယှဉ်ပြိုင်နိုင်စွမ်းတို့ကို မြှင့်တင်နိုင်မှာ ဖြစ်ပါတယ်။

ဤကဲ့သို့ NSW များ ဆောင်ရွက်ရာမှာ အာဆီယံ(၆)နိုင်ငံ ဖြစ်တဲ့ ဘရူနိုင်း ဒါရူဆလမ်၊ အင်ဒိုနီးရှား၊ မလေးရှား၊ ဖိလစ်ပိုင်၊ စင်ကာပူနဲ့ ထိုင်းတို့ဟာ အမျိုးသားပြတင်းတစ်ပေါက် (NSW) စနစ်ကို ၂၀၀၈ ခုနှစ်မှာ နောက်ဆုံးထား၍ ဆောင်ရွက်ရန် အာဆီယံ (၄)နိုင်ငံဖြစ်တဲ့ CLMV လို့ ခေါ်တဲ့ ကမ္ဘောဒီးယား၊ လာအို PTR မြန်မာနဲ့ ဗီယက်နမ်တို့ဟာ ၎င်းတို့ရဲ့ အမျိုးသား ပြတင်းပေါက် တစ်ပေါက်စနစ်များကို ၂၀၁၂ ထက် နောက်မကျစေဘဲ ဆောင်ရွက်ရန် အချက်အလက် Data များကို ကမ္ဘာ့အကောက်ခွန်အဖွဲ့အစည်း (WTO) ၏ အချက်အလက်ပုံစံနှင့် ကုလသမဂ္ဂ ကုန်သွယ်မှု စာရင်းစာအုပ် (United Nations Trade Data Element Diary - UNTDED) အပေါ် အခြေခံခြင်း သတင်းဆက်သွယ်ရေးနည်းပညာ ICT စနစ် ကျင့်သုံးမှု အရှိန်မြှင့်တင်ခြင်းဖြင့် လုပ်ငန်းအဆင့်ဆင့်ကို ခေတ်မီတိုးတက်စေရန်နှင့် နည်းပညာဖလှယ်ရန် စသည်တို့ ဆောင်ရွက်ကြရမှာပဲ ဖြစ်ပါတယ်။ Japan Association for Simplification of International Trade Procedure just to December 2012 ရဲ့ Hearing Survey in 2012 Issue to be Study မှ ထုတ်ပြန်တဲ့ ASEAN Single Window စာအုပ်စာတမ်း များအရ လေ့လာတွေ့ရှိချက်များအရ NSW ဖော်ဆောင်ရာမှာ ဖွံ့ဖြိုးသော (၇)နိုင်ငံအနေနဲ့ ၂၀၁၂ မှာ မိမိတို့ရဲ့ NSW များအပြီး ဆောင်ရွက်ထားကြရန်နှင့် ဖွံ့ဖြိုးမှုနောက်ကျတဲ့ ကျန်(၃)နိုင်ငံအနေနဲ့ 2015 မှာ မိမိတို့ရဲ့ NSW များ အပြီးတည်ထောင်ထားရန် ရည်မှန်းဆောင်ရွက်လျက်ရှိကြောင်း သိရှိရပါတယ်။

ASW ဖော်ဆောင်ရာမှာ ကုန်သွယ်မှု လွယ်ကူချောမွေ့စေရေးအတွက် ကုန်သွယ်ရေးနဲ့ အကောက်ခွန်ဆိုင်ရာ စည်းမျဉ်းများ လုပ်ငန်းစဉ်များ လုပ်ထုံးလုပ်နည်းများနှင့် ဆက်သွယ်တဲ့ အချက်အလက်များကို အာဆီယံမှာ Transaction Cost များ လျှော့ချရန်အတွက် ရှင်းလင်း လွယ်ကူအောင် တစ်ပြေးညီဖြစ်ရန် စံသတ်မှတ်ရန် လိုပါတယ်။ သို့မှသာ ပုဂ္ဂလိကများ ယှဉ်ပြိုင်နိုင်မှု မြှင့်တင်ခြင်း အာဆီယံပေါင်းစည်းမှုကို မြန်ဆန်ချောမွေ့စေခြင်း ဖြစ်လာပြီး အာဆီယံအား ကုန်စည် ဝန်ဆောင်မှုနဲ့ ရင်းနှီးမြှုပ်နှံမှုတို့အတွက် တစ်ခုတည်းသော ဈေးကွက်နေရာနဲ့ ထုတ်လုပ်နေရာဒေသ ဖြစ်လာမှာ ဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ဤကဲ့သို့ ဖြစ်လာဖို့ဆိုရင် ဆောင်ရွက်ကြရမှာ တွေကတော့ (၁) အာဆီယံကုန်သွယ်မှု လျင်မြန်ချောမွေ့စေရေး ဆောင်ရွက်ချက်များကို စိစစ်ရန်။ (၂) လျင်မြန်ချောမွေ့သည့် ဘက်စုံကုန်သွယ်မှုတစ်ရပ် ထူထောင်အကောင်အထည်ဖော်ရန် ဒီမှာဆိုရင် ကုန်သွယ်ရေးနဲ့ အကောက်ခွန်ဆိုင်ရာ စည်းမျဉ်းစည်းကမ်း လုပ်ထုံးလုပ်နည်းများ၊ လုပ်ငန်း စဉ်များနဲ့ သတင်းအချက်အလက်များ စီးဆင်းမှုတို့ကို လွယ်ကူစေခြင်း၊ တစ်ပြေးညီ ဖြစ်စေခြင်း၊ စံသတ်မှတ်ခြင်းတို့ ပါဝင်ပါတယ်။ (၃) အပြည်ပြည်ဆိုင်ရာ ကုန်သွယ်မှုစာရင်းများ ပြောင်းရွှေ့မှု အတွက် လုပ်ငန်းရှင်ကြီးများ အားလုံးရဲ့ ဆောင်ရွက်ချက်များ အားလုံးကို ရှင်းလင်း၍ သိသာ မြင်သာမှု ရှိစေရေးကို တိုးမြှင့်ဆောင်ရွက်ရန်။ (၄) ဒေသတွင်းကုန်သွယ်မှု လျင်မြန်ချောမွေ့စေရေး အတွက် ပူးပေါင်းဆောင်ရွက်မှုစနစ်တစ်ရပ်ကို ထူထောင်ရန်။ (၅) အာဆီယံ ကုန်သွယ်မှုလျင်မြန် ချောမွေ့စေရေးဆိုင်ရာ ထိန်းချုပ်ရာဌာန ထူထောင်ရန်။ (၆) အမျိုးသားအဆင့် ဆောင်ရွက်ချက်များကို အထောက်အကူပေးခြင်းနှင့် ဒေသအဆင့် အစီအမံများကို ထိထိရောက်ရောက် အကောင်အထည် ဖော်ခြင်းတို့ကို ဖွံ့ဖြိုးစေရန်နဲ့ (၇) လုပ်ငန်းအစီအစဉ် အကောင်အထည်ဖော်ရာတွင် ချောမွေ့သေချာ

စေရန်အတွက် စွမ်းရည်တည်ထောင်သည့် ဘက်စုံအစီအစဥ်တစ်ရပ် ထူထောင်ဆောင်ရွက်သွားကြရမှာပဲ ဖြစ်ပါတယ်။ အင်ဒိုနီးရှား၊ ထိုင်း၊ စင်ကာပူ၊ ဘရူနိုင်း၊ ဖိလစ်ပိုင်၊ ဗီယက်နမ်နဲ့ မလေးရှားတို့ဟာ Article Phone ကို အသုံးပြုပြီးတော့ ASW ကို စမ်းသပ်ဆောင်ရွက်နေကြပြီး ကမ္ဘောဒီးယားနဲ့ လာအိုတို့ကလည်း NSW ကို စီမံချက်ချ၍ အသေးစိတ် အကောင်အထည်ဖော် ဆောင်ရွက်နေကြပြီ ဖြစ်ပါတယ်။ သို့ဖြစ်ပါ၍ မိမိတို့ မြန်မာနိုင်ငံအနေဖြင့် NSW အတွက် လိုအပ်သော ဥပဒေများ၊ နည်းဥပဒေများ၊ ညှိနှိုင်းဆောင်ရွက်မှုများ ချိတ်ဆက်မှုများ နိုင်ငံအချင်းချင်း ပူးပေါင်းဆောင်ရွက်မှုများ၊ ခုနက ကျွန်တော် တင်ပြတဲ့ လုပ်ငန်းစဉ်(၇)ခုနဲ့ အမြန်ဆုံးဆောလျင်စွာ ပြုလုပ်ပြီး မိမိတို့နိုင်ငံရဲ့ အမျိုးသား ပြတင်းတစ်ပေါက် (National Single Window - NSW) တည်ထောင်ရန်လိုအပ်နေပြီ ဖြစ်ပါတယ်။ သို့ပါသောကြောင့် ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈)မှ ဒေါက်တာမြင့်ကြည် အဆို တင်သွင်းခဲ့တဲ့ တစ်ခုတည်းသော အမျိုးသားစီးပွားရေးဝင်ပေါက် (National Single Window - NSW) တည်ထောင်ထားရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း အဆိုကို ထောက်ခံတင်ပြရင်း နိဂုံးချုပ်လိုက်ပါတယ် ခင်ဗျား။

**အချိန်၊ ၁၃း၁၆။**

**ဥက္ကဋ္ဌ။** ။ ဆက်လက်ပြီး ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၇)မှ ဦးစံပြည့် ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၃း၁၆။**

**ဦးစံပြည့်၊ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၇)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ပြည်ထောင်စု ဒုတိယဝန်ကြီး၊ လွှတ်တော်ကိုယ်စားလှယ်များနဲ့ ဖိတ်ကြားထားသော ဧည့်သည်တော်များအားလုံး မင်္ဂလာပါလို့ ဂါရဝပြု နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၇)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးစံပြည့် ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးမြင့်ကြည် ၏ တစ်ခုတည်းသော အမျိုးသားရေးစီးပွားရေးဝင်ပေါက် (National Single Window - NSW) တည်ထောင်ထားရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း အဆိုအပေါ် ထောက်ခံဆွေးနွေးသွားမှာ ဖြစ်ပါတယ်။ ဆွေးနွေးမယ့် အကြောင်းအရာများဟာ နည်းပညာနဲ့ လုပ်ငန်းစဥ် အယူအဆများဖြစ်တဲ့အတွက် အဓိပ္ပာယ်လွဲမှားမှု မရှိစေရန် ဖတ်ကြားဆွေးနွေးခွင့်ပြုရန်နဲ့ တချို့နေရာများမှာ အင်္ဂလိပ်လို အသုံးပြုခွင့်ပြုပါရန် ပန်ကြားအပ်ပါတယ် ခင်ဗျား။

လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ အာဆီယံအဖွဲ့ဟာ အာဆီယံဒေသအတွင်း လွတ်လပ်သော ကုန်သွယ်ရေးဒေသ AFTA ကို ထူထောင်ပြီး ၎င်းမှတစ်ဆင့် အာဆီယံအဖွဲ့ဝင်နိုင်ငံအချင်းချင်း ကုန်သွယ်မှု ပိုမိုချောမွေ့စေရေးနဲ့ ရင်းနှီးမြှုပ်နှံမှု ပိုမိုတိုးပွားလာစေရေးအတွက် အာဆီယံစီးပွားရေးအသိုက်အဝန်း (ASEAN Economic Community-AEC) ကို ထူထောင်ရန် ၁၅-၁၂-၁၉၉၇ ခုနှစ် ရက်စွဲနဲ့ အာဆီယံမျှော်မှန်းချက် ASEAN Vision 2020 ကြေညာစာတမ်းကို ထုတ်ပြန်ခဲ့ပါတယ်။ အာဆီယံကို သက္ကရာဇ် ၂၀၂၀ ခုနှစ်မှာ တစ်စုတစ်စည်းတည်းသော ဈေးကွက်နဲ့ ထုတ်လုပ်မှု အခြေခံဒေသကြီး ဖြစ်လာစေဖို့၊ တရားမျှတတဲ့ စီးပွားရေး

တိုးတက်အောင်မြင်မှု ရရှိဖို့နဲ့ ဆင်းရဲမွဲတေမှု လျှော့ချဖို့ စသည်တို့ကို ဦးတည်ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။ အာဆီယံစီးပွားရေးအသိုက်အဝန်းကို လက်တွေ့အကောင်အထည်ဖော် ကျင့်သုံးမယ့် နည်းလမ်းတစ်ခုအဖြစ် ဒေသတွင်းအဆင့်၊ နိုင်ငံတော်အဆင့်အလိုက် ကုန်သွယ်မှု စာရွက်စာတမ်းများကို Electronic စနစ်ဖြင့် ဆောင်ရွက်မယ့် လုပ်ငန်းစဉ်များပါဝင်တဲ့ အာဆီယံပြတင်းတစ်ပေါက် (ASEAN Single Window-ASW) ကို ကျင့်သုံးရန် အာဆီယံခေါင်းဆောင်များက ဆုံးဖြတ်ခဲ့ကြပါတယ်။

အာဆီယံပြတင်းတစ်ပေါက် တည်ဆောက်ရေးနဲ့ အကောင်အထည်ဖော် ဆောင်ရွက်ရေး သဘောတူစာချုပ်ကို အာဆီယံစီးပွားရေးဝန်ကြီးဌာနက ၉-၁၂-၂၀၀၅ ရက်နေ့မှာ လက်မှတ်ရေးထိုးခဲ့ကြပါတယ်။ အာဆီယံအဖွဲ့ဝင် တစ်နိုင်ငံစီရဲ့ အမျိုးသားပြတင်းတစ်ပေါက် (National Single Window-NSW) ဖြင့် အာဆီယံအဖွဲ့ဝင်နိုင်ငံများ ပေါင်းစည်းဆောင်ရွက်ရမှာ ဖြစ်ပါတယ်။ အမျိုးသားပြတင်းတစ်ပေါက်စနစ်ဟာ ကိန်းဂဏန်း သတင်းအချက်အလက်များကို တစ်ကြိမ်တည်း တင်သွင်းနိုင်ခြင်း ကိန်းဂဏန်း သတင်းအချက်အလက်များကို တစ်ကြိမ်တည်း၊ တစ်ပြိုင်နက် လုပ်ဆောင်နိုင်ခြင်းနှင့် အကောက်ခွန် ရှင်းလင်းထုတ်ပေးမှုများအတွက် ဆုံးဖြတ်ချက်တစ်ခုတည်း ချမှတ်နိုင်ခြင်းပင် ဖြစ်ပါတယ်။

လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ Single Window System ဆိုတာဟာ အကောက်ခွန် ရှင်းလင်းရေး လုပ်ငန်းစဉ်များမှာ ကုန်သည်လုပ်ငန်းရှင်များအနေနဲ့ အကောက်ခွန်ဆိပ်ကမ်း၊ ကျန်းမာရေးစတဲ့ ဌာနများစွာသို့ လျှောက်လွှာပုံစံများ တင်စရာမလိုဘဲ ဌာနတစ်ခုတည်းမှာ Online ဖြင့် ဆောင်ရွက်နိုင်မယ့် လုပ်ငန်းစဉ်ကို ဆိုလိုတာဖြစ်ပါတယ်။ ASEAN Single Window System ဟာ အာဆီယံ(၁၀)နိုင်ငံမှ National Single Window များနဲ့ ပူးပေါင်းဆောင်ရွက်ခြင်း ဖြစ်ပါတယ်။ အမျိုးသားပြတင်းတစ်ပေါက် (NSW) စနစ်ဟာ အာဆီယံပြတင်းတစ်ပေါက်စနစ် တည်ဆောက်ရေးနဲ့ အကောင်အထည်ဖော် ဆောင်ရွက်ရေး သဘောတူညီချက်မှ Article တစ်ခုသာ ဖြစ်ပါတယ်။ ASEAN Single Window System ကို အာဆီယံ (၆)နိုင်ငံက ၂၀၀၈ ခုနှစ်တွင် ဆောင်ရွက်ပြီး၊ ကမ္ဘောဒီးယား၊ လာအို၊ မြန်မာနဲ့ ဗီယက်နမ် C.L.M.V (၄)နိုင်ငံက ၂၀၁၂ ခုနှစ်မှာ အကောင်အထည်ဖော် ဆောင်ရွက်ရမှာ ဖြစ်ပါတယ်။ ASEAN Single Window System ကို အကောက်ခွန်ဦးစီးဌာနက Focal Point အဖြစ် တာဝန်ယူ ဆောင်ရွက်နေရတာ ဖြစ်ပါတယ်။

အာဆီယံပြတင်းတစ်ပေါက်စနစ် ဖွံ့ဖြိုးတိုးတက်ဖို့အတွက် အာဆီယံအဖွဲ့ဝင်နိုင်ငံများဟာ မိမိတို့ရဲ့ အမျိုးသားပြတင်းတစ်ပေါက် (NSW) စနစ်ကို အချိန်မီ တည်ဆောက်ပြုပြင်ခြင်းနဲ့ အကောင်အထည်ဖော် ဆောင်ရွက်ခြင်းများကို ပြုလုပ်ကြရမှာ ဖြစ်ပါတယ်။ အဖွဲ့ဝင်နိုင်ငံများဟာ NSW စနစ်ကို တည်ဆောက်ပြုပြင်ခြင်းနှင့် အကောင်အထည်ဖော် ဆောင်ရွက်ခြင်းများ ပြုလုပ်ရာမှာ ဆက်နွယ်နေတဲ့ ဝန်ကြီးဌာနများနဲ့အတူ ဆောင်ရွက်ပြီး ဥပဒေနဲ့အညီ လိုအပ်တဲ့ အချက်အလက်များကို စီစဉ်ဆောင်ရွက်တဲ့အခါ သက်ဆိုင်ရာနိုင်ငံများရဲ့ ဥပဒေများနဲ့အညီ သေချာစေရန် ပြုလုပ်ကြရမှာ ဖြစ်ပါတယ်။ အပြည်ပြည်ဆိုင်ရာ လက်ခံကျင့်သုံးနေတဲ့ စံနှုန်းများနဲ့ ညီညွတ်တဲ့ သတင်းဆက်သွယ်ရေးနဲ့ နည်းပညာများ အသုံးပြုခြင်းကို ပြုလုပ်ကြရမှာ ဖြစ်ပါတယ်။ NSW စနစ်

ထူထောင်မှုကို အထောက်အပံ့ ပေးနိုင်ဖို့အတွက် စီးပွားရေးလုပ်ငန်း၊ ကုန်ထုတ်လုပ်ငန်းတို့နဲ့အတူ မိတ်ဖက်လုပ်ကိုင် ဆောင်ရွက်ရမှာဖြစ်ပါတယ်။ အပြည်ပြည်ဆိုင်ရာ သဘောတူစာချုပ်တို့မှာ ပြဋ္ဌာန်းထားတဲ့ အကောက်ခွန်နည်းပညာများနဲ့ လက်တွေ့ဆောင်ရွက်ချက်များကို ခေတ်မီစေဖို့ ဆောင်ရွက်ကြရမှာ ဖြစ်ပါတယ်။

အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ NSW ကို Focal Point အဖြစ် တာဝန်ယူဆောင်ရွက်ရတဲ့ အကောက်ခွန်ဦးစီးဌာနအနေနဲ့ NSW စနစ် အကောင်အထည်ဖော်ဆောင်ရွက်ရေး လုပ်ငန်းစီမံချက်များ ရေးဆွဲတည်ဆောက်လျက်ရှိတာကိုလည်း လေ့လာတွေ့ရှိရပါတယ်။ သို့သော်လည်း ကမ္ဘာ့နောက်ဆုံး နည်းပညာများနဲ့အညီ အသုံးပြုနိုင်ရန် ICT တည်ထောင်မှု လုပ်ငန်းများဟာ အချိန်နဲ့ ရင်းနှီးမြှုပ်နှံမှုများ လိုအပ်လျက်ရှိနေတာကို တွေ့ရပါတယ်။ ဒါကြောင့်မို့ ASW စနစ်ကို အကောင်အထည်ဖော်ရာမှာ အာဆီယံအဖွဲ့ဝင်နိုင်ငံများနဲ့ ဟန်ချက်ညီ ဆောင်ရွက်နိုင်ရန်အတွက် အောက်ပါအချက်များကို အထူးဦးစားပေး တည်ဆောက်ရန် လိုအပ်နေသေးကြောင်း လေ့လာတွေ့ရှိရပါတယ်။

(က) နိုင်ငံတကာစံနှုန်းများအပေါ် အခြေခံ၍ Electronic စနစ်နဲ့ ကူးသန်းရောင်းဝယ်ရေး E-Commerce နဲ့ စပ်လျဉ်းတဲ့ ဥပဒေများ၊ မူဝါဒများကို အမြန်ဆုံးပြဋ္ဌာန်းနိုင်အောင် ဆောင်ရွက်ရမှာ ဖြစ်ပါတယ်။ (ခ) ICT တိုးတက်မှုကို အထောက်အကူပြုဖို့အတွက် ဖွဲ့စည်းထားတဲ့ အမျိုးသားအဆင့် လုပ်ငန်းအဖွဲ့ (E-National Task Force) ရဲ့ လုပ်ငန်းများ ပီပြင်စွာ အချိန်မီ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ဖို့ လိုအပ်မှာ ဖြစ်ပါတယ်။ (ဂ) ICT ကုန်ပစ္စည်းများရဲ့ စံချိန်စံညွှန်းကို အပြန်အလှန် အသိအမှတ်ပြုတဲ့ အစီအစဉ်အတွက် ICT အမျိုးသားစံချိန်စံညွှန်း သတ်မှတ်ရေးကိစ္စကိုလည်း အမြန် ဆောင်ရွက်ရန် လိုအပ်မှာဖြစ်ပါတယ်။ (ဃ) အစိုးရအဖွဲ့အစည်းများ အားလုံးတွင် Paper Works များကို Electronic စနစ်နဲ့ အစားထိုးဆောင်ရွက်နိုင်ဖို့ E-Government ကို တည်ဆောက်ဖို့ လိုအပ်မှာဖြစ်ပါတယ်။ (င) ICT နည်းပညာရှင်များကို မွေးထုတ်ပေးနိုင်ဖို့ သင်တန်းများ ဖွင့်လှစ်ရန် နိုင်ငံခြားမှ ပညာရှင်များရဲ့ အကူအညီများကို ရယူရန်နှင့် အတတ်ပညာရှင်ဖလှယ်ရေး Professional Exchange အစီအစဉ်ကို ဆောင်ရွက်ရန် လိုအပ်မှာ ဖြစ်ပါတယ်။

လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ အာဆီယံအဖွဲ့ဝင်နိုင်ငံ အချင်းချင်း နယ်စပ်ဖြတ်ကျော်ပြီး ကုန်သွယ်မှုများ ဆောင်ရွက်ကြတဲ့အခါမှာ Single Window Inspection နဲ့ Single Stock Inspection များနဲ့ ဆောင်ရွက်ကြရမှာ ဖြစ်ပါတယ်။ Single Stock Inspection ဟာ နှစ်နိုင်ငံအကောက်ခွန် ဝန်ထမ်းများက နှစ်နိုင်ငံ သဘောတူသတ်မှတ်ထားတဲ့ နယ်စပ် Check Point များမှာ အတူပူးတွဲတာဝန်ထမ်းဆောင်ကြရမှာ ဖြစ်ပါတယ်။ ဒါကို ဆောင်ရွက်နိုင်ဖို့အတွက် နှစ်နိုင်ငံ Check Point များကို ညှိနှိုင်းသတ်မှတ်ကြရမှာ ဖြစ်ပါတယ်။ ရုံးအဆောက်အဦးနဲ့ အခြား Infrastructures များ အများအပြား တည်ဆောက်ကြရဦးမှာ ဖြစ်ပါတယ်။ လုပ်နည်းစနစ်တွေကို ကျွမ်းကျင်ရန် သင်တန်းပေးမှု၊ လေ့ကျင့်မှုများလည်း အချိန်ယူပြီး ဆောင်ရွက်ကြရမှာဖြစ်ပါတယ်။

အထက်က ဆွေးနွေးခဲ့တဲ့လုပ်ငန်းများကို အကောက်ခွန်ဦးစီးဌာနက မြန်မြန်အကောင်အထည်ဖော်နိုင်ဖို့ ပြည်ထောင်စုအစိုးရက မူဝါဒများကို အချိန်မီ ချမှတ်ပေးဖို့ Regional Single Window နဲ့ National Single Window System များကို အချိန်မီ တည်ဆောက်ပြီးစီးအောင် အကောင်အထည်

ဖော်နိုင်ဖို့ လိုအပ်တဲ့ ဘတ်ဂျက်များကိုလည်း အပြည့်အဝ ချမှတ်ခွင့်ပြုပေးနိုင်ဖို့ လိုအပ်မှာ ဖြစ်ပါကြောင်း ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ဒေါက်တာမြင့်ကြည် ၏ တစ်ခုတည်းသော အမျိုးသားစီးပွားရေးဝင်ပေါက် (National Single Window - NSW) တည်ထောင်ထားရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်းအဆိုကို ထောက်ခံဆွေးနွေးရင်း နိဂုံးချုပ်အပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၃း၂၅။**

**ဥက္ကဋ္ဌ။** ။ အဆိုနှင့် စပ်လျဉ်းပြီး အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး က ပြန်လည်ဆွေးနွေးရန်ရှိပါက ဆွေးနွေးဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၃း၂၅။**

**ဦးဆက်အောင် (ဒုတိယဝန်ကြီး၊ အမျိုးသားစီမံကိန်းနှင့် စီးပွားရေး ဖွံ့ဖြိုးတက်မှုဝန်ကြီးဌာန)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ကြီးများခင်ဗျား။ အခု ဆွေးနွေးသွားတဲ့အထဲထဲမှာ ပထမဦးဆုံး မြန်မာနိုင်ငံက အာဆီယံနိုင်ငံတစ်ခုဖြစ်တဲ့အတွက် ကျွန်တော်တို့ ASEAN Economic Community ဆိုတဲ့ ဒီအာဆီယံ စီးပွားရေးအသိုက်အဝန်းထဲကို ကျွန်တော်တို့ ၂၀၁၅ ခုနှစ်မှာ ရောက်ရှိမှာ ဖြစ်ပါတယ်။ အဲဒီ ASEAN Economic Community ဆိုတဲ့ အသိုက်အဝန်းများ တည်ထောင်ရခြင်းရဲ့ အဓိကရည်ရွယ်ချက် (၄)ခုရှိပါတယ်။ အဓိကရည်ရွယ်ချက်ကို ကျွန်တော်ပြောရတဲ့ အကြောင်းအရင်းက ကျွန်တော်တို့ National Single Window, ASEAN Single Window နဲ့ ခုနက ပထမဦးဆုံး ရှင်းပြတဲ့ ကရင် ပြည်နယ်က လွှတ်တော်ကိုယ်စားလှယ်ကြီး ရှင်းပြတဲ့ Small and Medium Size Enterprises တွေနဲ့ ပတ်သက်ပြီးတော့ ကျွန်တော်တို့အနေနဲ့ ပြောကြားဖို့ ဖြစ်ပါတယ်။

ပထမဦးဆုံး အဓိကရည်ရွယ်ချက်တစ်ခုကတော့ ကျွန်တော်တို့ Single Market and Production Base လို့ခေါ်တဲ့ တစ်ခုတည်းသော ဈေးကွက်နှင့် ထုတ်လုပ်မှုအခြေခံဒေသတစ်ခု ဖြစ်ဖို့ ဖြစ်ပါတယ်။ ဒုတိယရည်ရွယ်ချက်ကတော့ ကျွန်တော်တို့ Competitive Economic Region လို့ ခေါ်တဲ့ ယှဉ်ပြိုင်နိုင်စွမ်း မြင့်မားသော စီးပွားရေးဒေသတစ်ခု တည်ထောင်ဖို့ ဖြစ်ပါတယ်။ တတိယအချက်ကတော့ ကျွန်တော်တို့ Equitable Economic Development လို့ခေါ်တဲ့ ကမ္ဘာ့စီးပွားရေးဖွံ့ဖြိုးမှု မျှတဖို့ ဖြစ်ပါတယ်။ နောက်ဆုံး စတုတ္ထရည်ရွယ်ချက်ကတော့ Integration into Global Economy လို့ ခေါ်တဲ့ ကမ္ဘာ့စီးပွားရေးမှာ အပြည့်အဝ ပါဝင်နိုင်ဖို့ ဖြစ်ပါတယ်။

အဲဒီရည်ရွယ်ချက်ကြီး(၄)ခုမှာ ပထမရည်ရွယ်ချက်ဖြစ်တဲ့ Single Market and Production Base ကို ကျွန်တော်တို့ တစ်ခုတည်းသော ဈေးကွက်နှင့် ထုတ်လုပ်မှုအခြေခံဒေသကို ဖြစ်ဖို့လို့အတွက်ကို အဓိက ကျွန်တော်တို့ လွတ်လပ်စွာ စီးဆင်းမှုတွေကို ကျွန်တော်တို့ အဓိကထားပြီးတော့ လုပ်ရမှာဖြစ်ပါတယ်။ လွတ်လပ်စွာ စီးဆင်းမှုဆိုတဲ့အချိန်ဆိုတာ ဘာတွေလဲဆိုတော့ Free Flow of Goods ခေါ်တဲ့ ကုန်စည်လွတ်လပ်စွာ စီးဆင်းမှု နောက်ပြီးတော့ Free Flow of Services ဆိုတဲ့ ဝန်ဆောင်မှုလွတ်လပ်စွာ စီးဆင်းမှု Free Flow of Investment လို့ ခေါ်တဲ့ ရင်းနှီးမြှုပ်နှံမှုတွေ Foreign Direct Investment တွေ လွတ်လပ်စွာစီးဝင်မှု တစ်နိုင်ငံနဲ့ တစ်နိုင်ငံ

ကြားပေါ့လေ။ နောက်ပြီးတော့ Free Flow of Skill Labour လို့ခေါ်တဲ့ ကျွမ်းကျင်လုပ်သားတွေ တစ်နိုင်ငံနဲ့ တစ်နိုင်ငံ လွတ်လပ်စွာ စီးဆင်းမှု၊ နောက်ဆုံးတစ်ခုကတော့ Free Flow of Capital လို့ခေါ်တဲ့ အရင်းအနှီး Capital တွေ၊ တစ်နိုင်ငံနဲ့တစ်နိုင်ငံ လွတ်လပ်စွာ စီးဝင်စေဖို့ ဒီ Free Flow တွေ (၅)ခုက ကျွန်တော်တို့ အဓိက Single Market and Production Base ဖြစ်ဖို့အတွက်မှာ (၅)ခုက အဓိက အရေးကြီးဆုံးမှာ ပါဝင်ပါတယ်။ အဲဒီ Free Flow တွေထဲမှာမှ လွတ်လပ်စွာ ကုန်စည်စီးဆင်းမှုဆိုတဲ့ Free Flow of Goods အတွက်က ကျွန်တော်တို့ National Single Window နဲ့ ASEAN Single Window မှာအဓိကကျတဲ့၊ အရေးကြီးတဲ့နေရာမှာ ပါဝင်နေ ပါတယ်။

ဘာဖြစ်လို့လဲဆိုတော့ ကျွန်တော် Goods တွေ၊ ကုန်စည်တွေ လွတ်လပ်စွာ စီးဆင်းပြီဆိုလို့ရှိရင် ကျွန်တော်တို့ ကောင်းကျိုးတွေရှိသလို ဆိုးကျိုးတွေလည်း နောက်က ပါလာပါတယ်။ ကောင်းကျိုးတွေကတော့ ခုနက တင်ပြသွားတဲ့အထဲမှာ အကုန်လုံးပါပြီးသား ဖြစ်ပါတယ်။ ဒီစီးဆင်းလာတဲ့အချိန်မှာ ကျွန်တော်တို့ အဲဒီလို ဆိုးကျိုးတွေ မဖြစ်လာအောင်လို့ ကျွန်တော်တို့ စစ်ဆေးမှုတွေ နိုင်ငံတိုင်းမှာ လုပ်ရပါတယ်။ ဘာကြောင့် စစ်ဆေးရသလဲဆိုတာ ကျွန်တော် ပြောပြမယ်။ ဥပမာဆို အဓိက ကျွန်တော်တို့ International Practices တွေ ဖြစ်နေတဲ့ ကျွန်တော်တို့ ကုန်စည်တွေ စီးဆင်းတဲ့အခါမှာ အန္တရာယ်မဖြစ်စေဖို့၊ အန္တရာယ်မဖြစ်စေဖို့ ဆိုတဲ့နေရာမှာ ခုနကလို စားသောက်ကုန်တွေဆိုရင် စားလို့၊ သောက်လို့ရတဲ့ အကုန်လုံး လက်ခံနိုင်တဲ့ စားသောက်ကုန်တွေ လွတ်လပ်စွာ စီးဆင်းနိုင်ဖို့ လိုပါတယ်။ နောက်ပြီးတော့ အပင်တွေ၊ တိရစ္ဆာန်တွေ ဆိုရင်လည်း ပိုးမွှားတွေ မကျတဲ့၊ ပိုးမွှားမရှိတဲ့၊ ကင်းစင်တဲ့ အပင်တွေ၊ တိရစ္ဆာန်တွေ စီးဆင်းဖို့လိုပါတယ်။ နောက်ပြီးတော့ ကျွန်တော်တို့ International Market တစ်ခုလုံးမှာ အဓိကအရေးကြီးဆုံးဖြစ်တဲ့ Dual Use လို့ ခေါ်ပါတယ်။ Dual Use ဆိုတာကတော့ နှစ်မျိုးသုံးပစ္စည်းတွေ လို့ ခေါ်ပါတယ်။ ဥပမာဆိုရင် ဒါက နောက်ပိုင်းမှာမှ ကျွန်တော်တို့ ဒီ ပေါ်လာတဲ့ကိစ္စတွေပါ။ နောက်ပိုင်းဆိုတာတောင်မှ ကျွန်တော်တို့ မြန်မာနိုင်ငံမှာ အခုမှ ပေါ်လာတာပေါ့နော်။ ကျွန်တော်တို့ လွန်ခဲ့တဲ့ (၅)နှစ်၊ (၆)နှစ်၊ (၇)နှစ် လောက်တုန်းကတည်းက ဒီ Weapon of Mass Destruction ကို ထိန်းချုပ်တဲ့နေရာမှာ ဒီ Dual Use Items တွေ၊ နှစ်မျိုးသုံးပစ္စည်းတွေက ကျွန်တော်တို့ အာဆီယံနိုင်ငံတွေကနေ စီးဆင်းနေတယ် ဆိုပြီးတော့ ကျွန်တော်တို့ လွန်ခဲ့တဲ့ (၇)နှစ်၊ (၈)နှစ်လောက် ထွက်ပေါ်ခဲ့တာ ရှိပါတယ်။ အဲဒါတွေက ဘာလဲဆိုတော့ ကျွန်တော်တို့ ခေါင်းလျှော်ရည် Shampoo မှာ သုံးနေတဲ့ ပစ္စည်းတွေက Shampoo ထုတ်လုပ်မယ်ဆိုတဲ့အခါမှာ Shampoo ခေါင်းလျှော်ရည် ထုတ်လုပ်ဖို့ ယူဆောင်လာတဲ့ပစ္စည်းက Chemical Weapon, Biological Weapon ထုတ်လို့ရပါတယ်။

တစ်ချိန်တည်းမှာပဲ ကျွန်တော်တို့ ခုနကလို ဆောက်လုပ်ရေးမှာ သုံးတဲ့ ဒီ Aluminum နဲ့ လုပ်ထားတဲ့ ပိုက်၊ Steel နဲ့ လုပ်ထားတဲ့ ပိုက်တွေ၊ ဘာတွေ ဒီပိုက်အရွယ်အစားအတိုင်း Dimension ပေါ်မူတည်ပြီးတော့ ကျွန်တော်တို့ အဏုမြူဗုံး လုပ်လို့ရတဲ့ပစ္စည်းတွေ ရှိပါတယ်။ အဲဒါမျိုးကို နှစ်မျိုးသုံး Dual Use Items တွေလို့ ခေါ်ပါတယ်။ ဒီလိုမျိုး နှစ်မျိုးသုံး Dual Use Items တွေကို ဘယ်လိုတားဆီးမလဲ။ နောက်ပြီးတော့ ခုနကလို ကျွန်တော်တို့ စားသောက်ကုန်တွေ၊ အပင် တိရစ္ဆာန်တွေကို ကျွန်တော်တို့ အန္တရာယ်မဖြစ်စေအောင်လို့ ဘယ်လိုတားဆီးမလဲ ဆိုတဲ့ဥစ္စာတွေ ပေါ်မှာ ကျွန်တော်တို့ စစ်ဆေးရတာတွေ ရှိပါတယ်။ ဒါပေမဲ့ အဲဒီလိုစစ်ဆေးတဲ့အခါမှာ ကျွန်တော်တို့

အချက်အလက်တွေ သက်ဆိုင်ရာဌာနတွေကနေ အချက်အလက်ယူတဲ့အခါမှာလည်းကျွန်တော်တို့ စည်းမျဉ်း၊ စည်းကမ်းတွေနဲ့ ညီညွတ်မှုကို စစ်ဆေးလာတဲ့အခါမှာ အဟန့်အတားတွေ မဖြစ်စေဖို့ အဓိက အရေးကြီးပါတယ်။

အဲဒီလို အဟန့်အတားတွေ မဖြစ်စေဖို့လို့ဟာ ဒီအစိုးရဌာနတစ်ခုနဲ့တစ်ခုမှာ လျှောက်လွှာ ပေါင်း မြောက်မြားစွာ တင်နေရတာ မဟုတ်ဘဲနဲ့ National Single Window လို့ခေါ်တဲ့ ဒီ National Computer Online Network ကြီးကို တည်ဆောက်ပြီးတော့ ကျွန်တော်တို့ ဒီအစိုးရ ဌာနတွေရော၊ ဒီ Permits တွေ၊ လိုင်စင်တွေ ပေးတဲ့ အစိုးရဌာနတွေ၊ နောက်ပြီးတော့ Custom စစ်ဆေးမှုတွေ လုပ်တဲ့ Customs ဌာနတွေ၊ နောက်ပြီးတော့ Banks တွေ၊ Insurances တွေ၊ နောက်ပြီးတော့ Change of Country of Origin ကို သတ်မှတ်ပေးတဲ့ Change of Commerce တွေ၊ အဲဒါတွေ အကုန်လုံးကို Online နဲ့ ချိတ်ဆက်ဖို့ ဖြစ်ပါတယ်။ အဲဒီအချိန်မှာ Online နဲ့ ချိတ်ဆက်တဲ့ ဒီNational Single Window ဆိုတဲ့ ဥစ္စာကြီးက One Stop Service နဲ့ မတူတာ ကိုတော့ သတိထားရပါလိမ့်မယ်။ One Stop Service Centre ကတော့ ကျွန်တော်တို့ ဒီဌာန ပေါင်းစုံက လူတွေအကုန်လုံး လာစုပြီးတော့ ဒီမှာလာပြီးတော့ One Stop ဖြစ်အောင် လုပ်တဲ့ဥစ္စာ ဖြစ်ပါတယ်။ ခုနက National Single Window ကတော့ ဌာနတွေလာစုစရာမလိုတဲ့ Online မှာပဲ ဒီဌာနတွေပေါင်းစုံက လိုအပ်တဲ့ စာရွက်စာတမ်းတွေ စစ်ဆေးမှုတွေကို Online မှာပဲ အချိန်နဲ့ တစ်ပြေးညီ လုပ်သွားတာကို ကျွန်တော်တို့ National Singel Window လို့ခေါ်ပါတယ်။ အဲဒီမှာ National Singel Window ဟာ ဘာတွေ အဓိကထားမလဲဆိုတော့ ကျွန်တော်တို့ G to G ဆိုတဲ့ အစိုးရ တစ်ခုနဲ့တစ်ခု Information ဖလှယ်တာတွေ ရှိပါတယ်။ ဥပမာဆို Exporting Country ကနေပြီးတော့ Exporting Country နဲ့ Importing Country နှစ်ခုမှာရှိတဲ့ အစိုးရချင်း ဖလှယ် တာတွေ ဖြစ်ပါတယ်။

နောက်ပြီးတော့ Business G to B ဆိုတဲ့ Government to Business ဆိုတဲ့ အစိုးရ ကနေပြီးတော့ Business Sector ခုနကလို E-Commerce ပြောသွားတဲ့အထဲမှာ ပါပါတယ်။ ဒီ E-Commerce က အစိုးရကနေပြီးတော့ ဒီ Business ကို Information ဖလှယ်တာတွေ အစိုးရနဲ့ Business နဲ့ ဒီလုပ်ငန်းနဲ့ကြားထဲမှာ သတင်းအချက်အလက်တွေ ဖလှယ်တာတွေ ပါဝင်ပါတယ်။ နောက်ပြီးတော့ B to B ဆိုတဲ့ Business to Business သတင်းဖလှယ်တာတွေလည်း ပါဝင်ပါတယ်။ အဲဒါတွေ အကုန်လုံးကို Network ကြီးတစ်ခုလုံး တည်ဆောက် ပြီးတော့ ကျွန်တော်တို့ Online System အဖြစ် အချိန်နဲ့တစ်ပြေးညီ ဆောင်ရွက်တာကို ကျွန်တော်တို့ National Single Window လို့ခေါ်ပါတယ်။ ဒီ National Single Window တွေ တည်ထောင်ပြီးလို့ရှိရင် National Single Window အကုန်လုံး ပေါင်းလိုက်ပြီးတော့ ကျွန်တော်တို့ Asean Single Window ဆိုပြီးတော့ ကျွန်တော်တို့ သွားဖို့လို့ ရှိပါတယ်။ အဲဒါက ခုနက National Single Window နဲ့ပတ်သက်တဲ့ ကျွန်တော်တို့ ပထမဦးဆုံး ရည်ရွယ်ချက်ဖြစ်တဲ့ ဒီတစ်ခုတည်းသော ဈေးကွက်နှင့် ထုတ်လုပ်မှု အခြေခံ ဒေသတစ်ခု ဖြစ်လာဖို့ AEC ရဲ့ ရည်ရွယ်ချက်တစ်ခု Single Market and Production Base တစ်ခုဖြစ်လာဖို့လို့ ရည်ရွယ်ချက်ထဲမှာ ပါရှိပါတယ်။ ခုနကလို Small and Medium Size Enterprises တွေ အသေးစား၊ အလတ်စားတွေကို ဖွံ့ဖြိုးတိုးတက်အောင်လုပ်ဖို့က ကျွန်တော်တို့

တတိယရည်ရွယ်ချက်ဖြစ်တဲ့ AEC ရဲ့ တတိယရည်ရွယ်ချက်ဖြစ်တဲ့ Equitable Economic Development လို့ခေါ်တဲ့ စီးပွားရေးဖွံ့ဖြိုးမှု မျှတစေဖို့ဆိုတဲ့ လုပ်ငန်းစဉ်ထဲမှာ ပါပါတယ်။

ဘာပြုလို့လဲဆိုတော့ Small and Medium Size Enterprises တွေ တော်တော်များများဟာ အကုန်လုံးကို ဘေးဖယ်ထားခြင်း ခံရတဲ့သူတို့မှာ ယှဉ်ပြိုင်ဖို့လို့အတွက် သူတို့မှာ အကြီးကြီးတွေနဲ့ ယှဉ်ပြိုင်ဖို့လို့အတွက် ဘယ်လိုမှ အင်အားမရှိဘူး။ အဲဒါကြောင့်မို့လို့ သူတို့တွေဟာ Equitable မဖြစ်ဘူး။ မျှတမှု မရှိဘူးဆိုပြီးတော့ ဖြစ်လာတဲ့အတွက် ဒီ SME Development က ဒီခုနက တုန်းက တတိယရည်ရွယ်ချက်ထဲမှာ အတိအကျပါပါတယ်။ အဲဒီလို တတိယရည်ရွယ်ချက်ထဲမှာ ပါတဲ့ SME Development အတွက်ကိုလည်း အဓိကလုပ်ဆောင်နေတာကတော့ စက်မှုဝန်ကြီးဌာနကပဲ ဖြစ်ပါတယ်။ ဒီ SME နဲ့ပတ်သက်တဲ့ဥပဒေကိုလည်း ဒီ SME Promotion Law ကို လည်း၊ Draft အဖြစ်နဲ့ ဆွဲပြီးသွားပါပြီ။ ကျွန်တော်တို့ International Consultant အနေနဲ့ အစိုးရဌာနပေါင်းစုံ၊ နောက်ပြီးတော့ Private Sector က လူတွေ အကုန်လုံးပေါင်းပြီးတော့ International Organization တွေဆိုတာ UNS က ပါပါတယ်။ UNIDO ပါပါတယ်။ ကျွန်တော်တို့ GIZ ဂျာမဏီပါပါတယ်။ အဲဒါတွေ အကုန်လုံး ပေါင်းပြီးတော့ ကျွန်တော်တို့ SME ကို ရေးဆွဲပြီးတော့ သက်ဆိုင်ရာလွှတ်တော်မှာ တင်ဖို့လို့ လုပ်ဆောင်ထားပြီး ဖြစ်ပါတယ်။

အဲဒီအချိန်မှာ SME ဆိုတဲ့နေရာမှာ ငွေကြေး Financial နဲ့ပတ်သက်လို့ တစ်ခုတည်း ကျွန်တော်တို့ ကြည့်လို့မရပါဘူး။ ဒီငွေကြေးအရင်းအနှီး လိုအပ်တာက အရမ်းအရေးကြီးပါတယ်။ ဒီ ငွေကြေးအရင်းအနှီး လိုအပ်ချက်က အဓိကအရေးကြီးဆုံးမှာ ပါပါတယ်။ ဒီငွေကြေးအရင်းအနှီး တစ်ခုတည်းရှိရုံနဲ့ ဘာမှ SME ကို Promote လုပ်လို့မရပါဘူး။ Registration ဆိုတဲ့ မှတ်ပုံတင် လုပ်ငန်းစဉ်တွေ၊ အဲဒီမှာ ခုနကတုန်းက ပြောတဲ့ One Stop Service Center ဆိုတာ ပါလာပါပြီ။ မှတ်ပုံတင်ကို လွယ်လွယ်နဲ့ ချောမွေ့စွာလုပ်နိုင်ဖို့ နောက်ပြီးတော့ ဈေးကွက်နဲ့ Information တွေ ရဖို့လို့ ကျွန်တော်တို့ အင်္ဂလိပ်လို ခေါ်မယ်ဆိုရင်တော့ Market Access in Information လို့ ခေါ်ပါတယ်။ နိုင်ငံတကာဈေးကွက်ကို ဘယ်လိုရအောင်လုပ်မလဲဆိုတဲ့ ကိစ္စတွေ၊ Location လို့ ခေါ်တဲ့ ဒီ SME တွေနေစရာနေရာမရှိဘူး။ မြေတွေ ဝယ်မယ်ဆိုလို့ရှိရင် မြေဈေးတွေက အရမ်း ဈေးကြီးနေပြီ။ ဒီ SME တွေ ဘယ်လိုလုပ်မလဲ။ တခြားနိုင်ငံတွေကတော့ ဒီ SME တွေဝယ်လို့ ရအောင်လို့ Factory Apartments ဆိုတာတွေ တည်ထောင်တယ်။ ဒါမျိုးတွေပေါ့နော်။ ဒါမျိုးတွေ ကျွန်တော်တို့ ပြုလုပ်ရမှာတွေရှိပါတယ်။ Human Resource Development ဆိုတဲ့ ကျွန်တော်တို့ လူသား အရင်းအမြစ်တွေ ဖွံ့ဖြိုးအောင်၊ နောက် Techonology သူတို့အတွက် နည်းပညာတွေ ရအောင်လို့ ဒီကိစ္စတွေအများကြီးရှိတော့မှသာ ဒီ SME Development ကျွန်တော်တို့ ရရှိမှာ ဖြစ်ပါတယ်။အဲဒီဥစ္စာတွေ ရဖို့လို့အတွက်ကိုလည်း သူတို့ဒီ SME Promotion Law ထဲမှာ အားလုံး ထည့်ဆွဲထားပြီးတာကို ကျွန်တော့်အနေနဲ့ တွေ့ရှိရပါတယ်။

အဲဒီတော့ ခုနက ဒီဥစ္စာက ကျွန်တော်တို့ ခုနက ပြန်ပြီးတော့ ပထမဦးဆုံး ကရင်ပြည်နယ်က လွှတ်တော်ကိုယ်စားလှယ်ကြီး ဆွေးနွေးလို့ ကျွန်တော် ဒီ SME အကြောင်းလေး နည်းနည်းပြန်ပြော ပြခြင်း ဖြစ်ပါတယ်။ ကျွန်တော်တို့ ဒီအဓိက အဆိုပြုချက်နဲ့ပတ်သက်လို့ ကျွန်တော်တို့ ပြန်လာရမယ် ဆိုလို့ရှိရင် ဒီလုပ်ငန်း National Single Window တည်ထောင်ဖို့လို့အတွက် လုပ်ငန်းလမ်းညွှန်

ကော်မတီကို ဘဏ္ဍာအခွန်ဝန်ကြီးဌာနက ဒုတိယဝန်ကြီး ဦးစီးပြီးတော့ ၂၀၀၇ ခုနှစ်၊ စက်တင်ဘာ ၁၂ ရက်နေ့မှာ စတင်ဖွဲ့စည်းပြီးတော့ လုပ်ဆောင်လျက်ရှိတယ်ဆိုတာ ကျွန်တော့်အနေနဲ့ ပြောကြား ချင်ပါတယ်။ ပထမဦးဆုံးအဖြစ် E-Customs Export System ကို ၂၀၁၁ ခုနှစ်၊ ဩဂုတ် ၂၉ ရက်နေ့မှာ စတင်ပြီးတော့ လည်ပါတယ်။ E-Customs Import System ကို ကျွန်တော်တို့ ၂၀၁၂ ခုနှစ်၊ ဇန်နဝါရီ ၂ ရက်နေ့ကစပြီးတော့ လည်ခဲ့ပါတယ်။ ပြီးတော့ စတင်ခဲ့ပါတယ်။ နောက်ပြီးတော့ ASEAN Web Portal နဲ့လည်း ကျွန်တော်တို့ ၂၀၁၃ခုနှစ်၊ ဧပြီ ၁ ရက်နေ့ ကစပြီးတော့ ASEAN Web Portal နဲ့ ကျွန်တော်တို့ ချိတ်ဆက်ပြီးတော့ သတင်းအချက်အလက်များ ပေးပို့ ဆောင်ရွက် လျက်ရှိပါတယ်။

ယခုအချိန်မှာတော့ ASEAN Single Window ကို ပူးပေါင်းဖို့ရယ်၊ National Single Window ကို တည်ထောင်ဖို့ရယ် ဒီနှစ်ခုနဲ့ ပတ်သက်ပြီးတော့ ကျွန်တော်တို့ ဂျပန်နိုင်ငံကနေ ပြီးတော့ ဒီမြန်မာတစ်နိုင်ငံလုံးမှာရှိတဲ့ National Single Window ကြီး တည်ထောင်ဖို့လို့အတွက်ကို Grant အနေနဲ့ပေးပြီးတော့ သူတို့ ဝင်ပြီးတော့ ကူညီပေးမယ်ဆိုတဲ့ကိစ္စကို ကျွန်တော်တို့ ဂျပန် နိုင်ငံကနေ အဆိုပြုထားတယ်ဆိုတာကို သိရှိရပါတယ်။ အဲဒါနဲ့ ပတ်သက်ပြီးတော့ ဘဏ္ဍာအခွန် ဝန်ကြီးဌာန ကနေပြီးတော့ ဒီ JICA နဲ့ ပူးပေါင်းပြီးတော့ ဒီ National Single Window ကို အမြန်ဆုံးနဲ့ ဒီ Japan Grant နဲ့ တည်ထောင်နိုင်အောင်လို့ ဆွေးနွေးဆောင်ရွက်မှုတွေ ရှိနေပါ တယ်ဆိုတဲ့ အကြောင်းကို ရှင်းလင်းဖြေကြားအပ်ပါတယ်ခင်ဗျာ။

**အချိန်၊ ၁၃း၃၆။**

**ဥက္ကဋ္ဌ။** ။အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ရန်ကုန်တိုင်း ဒေသကြီး မဲဆန္ဒနယ်အမှတ်(၈)မှ ဒေါက်တာမြင့်ကြည် တင်သွင်းတဲ့ တစ်ခုတည်းသော အမျိုးသား စီးပွားရေးဝင်ပေါက် (National Single Window - NSW) တည်ထောင်ထားရန် ပြည်ထောင်စု အစိုးရအား တိုက်တွန်းကြောင်း အဆိုကို အတည်ပြုရန် သဘောတူ/ မတူ လွှတ်တော်ရဲ့ အဆုံးအဖြတ် ရယူပါမယ်။ လွှတ်တော်၏ အဆုံးအဖြတ် ရယူရာတွင် အမျိုးသားလွှတ်တော် ဆိုင်ရာ နည်းဥပဒေ ၁၇၊ နည်းဥပဒေခွဲ (တ)၊ နည်းဥပဒေခွဲငယ်(၁)အရ စက်ခလုတ် အသုံးပြု၍ လျှို့ဝှက်စွာ ဆန္ဒပြုတဲ့ နည်းလမ်းဖြင့် ဆောင်ရွက်မှာ ဖြစ်ပါတယ်။

ယခု လွှတ်တော်ရဲ့ ဆန္ဒရယူပါမယ်။ ဆန္ဒမဲပေးကြဖို့ အသင့်ရှိစေလိုပါတယ်။ ဆန္ဒမဲ ပေးနိုင်ကြပါပြီ။ ထောက်ခံ(၁၇၄)၊ ကန့်ကွက်(၃)၊ ကြားနေ(၁၄)မဲ ဖြစ်ပါတယ်။

ထောက်ခံမဲ များတဲ့အတွက် ဒေါက်တာမြင့်ကြည် ရဲ့ အဆိုကို အတည်ပြုကြောင်း ကြေညာပါတယ်။ (ဩဘာသံများ)

# အမျိုးသားလွှတ်တော်၊ ပြည်သူတို့၏တိုင်ကြားစာနှင့်အသနားခံစာဆိုင်ရာကော်မတီက ဧရာဝတီတိုင်းဒေသကြီး၊ ဟင်္သာတခရိုင်၊ လေးမျက်နှာမြို့နယ်၊ ကိုးတဲကျေးရွာအုပ်စု၊ ကျောင်းစုရွာမှ ဒေါ်စန်း ၏ အမှုကိစ္စနှင့်စပ်လျဉ်း၍ ကွင်းဆင်းစစ်ဆေးတင်ပြချက် အစီရင်ခံစာကို လွှတ်တော်သို့ ဖတ်ကြားတင်သွင်းခြင်း

**အချိန်၊ ၁၃း၃၇။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၁၂)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ အမျိုးသားလွှတ်တော်၊ ပြည်သူတို့၏ တိုင်ကြားစာနှင့် အသနားခံစာဆိုင်ရာကော်မတီက ဧရာဝတီတိုင်းဒေသကြီး၊ ဟင်္သာတခရိုင်၊ လေးမျက်နှာမြို့နယ်၊ ကိုးတဲကျေးရွာအုပ်စု၊ ကျောင်းစုရွာမှ ဒေါ်စန်း၏ အမှုကိစ္စနှင့် စပ်လျဉ်း၍ ကွင်းဆင်းစစ်ဆေးတင်ပြချက် အစီရင်ခံစာကို လွှတ်တော်သို့ ဖတ်ကြားတင်သွင်းမှာ ဖြစ်ပါတယ်။

**အချိန်၊ ၁၃း၃၇။**

**ဦးအောင်ကြည်ညွန့်( အမျိုးသားလွှတ်တော်၊ ပြည်သူတို့၏ တိုင်ကြားစာနှင့် အသနားခံစာဆိုင်ရာ ကော်မတီဝင်)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ၊ ကြွရောက်လာသော ဧည့်သည်တော်များ အားလုံးကို လေးစားစွာ ဂါရဝပြု နှုတ်ခွန်းဆက်သပါတယ်။ ကျွန်တော် မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၄)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးအောင်ကြည်ညွန့် ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးရဲ့ ခွင့်ပြုချက်နှင့် အမျိုးသားလွှတ်တော် ပြည်သူတို့ရဲ့ တိုင်ကြားစာနဲ့ အသနားခံစာဆိုင်ရာကော်မတီ ဥက္ကဋ္ဌ ရဲ့ တာဝန်ပေးချက်အရ ဧရာဝတီတိုင်းဒေသကြီး၊ ဟင်္သာတခရိုင်၊ လေးမျက်နှာမြို့နယ် ကိုးတဲကျေးရွာအုပ်စု ကျောင်းစုရွာနေ ဒေါ်စန်း ရဲ့ တိုင်ကြားစာကိစ္စကို ကွင်းဆင်းစစ်ဆေးချက်နဲ့ ပတ်သက်တဲ့ အစီရင်ခံစာ ပထမပိုင်းကို ကျွန်တော် ဖတ်ကြားတင်သွင်းသွားမှာ ဖြစ်ပါတယ်။ ဒုတိယပိုင်းကို ကော်မတီရဲ့ ဥက္ကဋ္ဌက ဆက်လက်ဖတ်ကြားသွားမှာ ဖြစ်ပါတယ်။

ပထမပိုင်းရဲ့ နိဒါန်းအနေအထားနဲ့ ကျွန်တော်တို့ ပထမအကြိမ် အမျိုးသားလွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေးရဲ့ ၁၉-၃-၂၀၁၃ ရက်နေ့မှာ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)က အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးနု က အမျိုးသားလွှတ်တော် ပြည်သူတို့ရဲ့ တိုင်ကြားစာနဲ့ အသနားခံစာဆိုင်ရာကော်မတီရဲ့ ၁/၂၀၁၃ အစီရင်ခံစာကို ဖတ်ကြားတင်သွင်းစဉ်အခါမှာ အကြံပြု ဆွေးနွေးခဲ့ပါတယ်။ အဲဒီလို ဝင်ပြီးအကြံပြုဆွေးနွေးတဲ့အခါမှာ ဧရာဝတီတိုင်းဒေသကြီး၊ လေးမျက်နှာ မြို့နယ်၊ ကိုးတဲကျေးရွာအုပ်စုက ကျောင်းစုရွာနေ ဒေါ်စန်း ရဲ့ ငွေချေးယူမှုနဲ့ပတ်သက်တဲ့ အခြေအနေ မှန်ကို သိရှိစေရန်အတွက် ပထမအကြိမ် အမျိုးသားလွှတ်တော်၊ စတုတ္ထပုံမှန်အစည်းအဝေး သတ္တမ မြောက်နေ့ ၁၂-၇-၂၀၁၂ ရက်နေ့မှာ ကြယ်ပွင့်ပြတဲ့မေးခွန်း မေးမြန်းခဲ့ရာမှာ ပြည်ထောင်စုလွှတ်တော် တရားသူကြီး ဦးမြသိန်း က ခရိုင်တရားရုံး အဆုံးအဖြတ် မှန်ကန်ကြောင်း ဖြေကြားခဲ့တဲ့အကြောင်း၊ နောက် တရားလွှတ်တော်ရဲ့ အောက်ခြေ ဖြစ်ရပ်မှန်များ အခြေခံခြင်း မရှိတဲ့အတွက် အမှန် ဖြစ်စေရန် ခုံဖွဲ့ပြီးတော့ မဖြစ်မနေ ပြန်လည်စစ်ဆေးပေးပါရန်နဲ့ ပကတိဖြစ်ရပ်မှန်များကို တိတိကျကျ သိနိုင်ပါရန် အမျိုးသားလွှတ်တော်ကလည်း စုံစမ်းစစ်ဆေးရေးကော်မရှင်တစ်ရပ် ဖွဲ့စည်းတာဝန် ပေးအပ်၍ အောက်ခြေဖြစ်ရပ်မှန် များကို ဖော်ထုတ်ပေးပါရန် အကြံပြုတင်ပြသွားပါတယ်။

ဒီအကြံပြုတင်ပြချက်အပေါ်မှာ ကျွန်တော်တို့ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌက အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးနု ရဲ့ တင်ပြချက်အရ အချင်းဖြစ်ဒေသကို အမျိုးသားလွှတ်တော် ပြည်သူတို့ရဲ့ တိုင်ကြားစာနဲ့ အသနားခံစာဆိုင်ရာကော်မတီက ကွင်းဆင်းစစ်ဆေးပြီးတော့ အခြေအနေမှန်ကို ပြန်လည်တင်ပြရန် တာဝန်ပေးအပ်လာတဲ့ အတွက်ကြောင့် ကျွန်တော်တို့ ကော်မတီဟာ ဧရာဝတီတိုင်းဒေသကြီးကို ၂၈-၃-၂၀၁၃ ကနေပြီးတော့ ၃-၄-၂၀၁၃ ရက်နေ့အထိ ကွင်းဆင်းပြီးတော့ စစ်ဆေးဆောင်ရွက်ခဲ့ပါတယ်။ ကွင်းဆင်းစစ်ဆေးတဲ့၊ ဆောင်ရွက်တဲ့ အဖွဲ့အစည်းမှာ ပြည်သူတို့ရဲ့ တိုင်ကြားစာနဲ့ အသနားခံစာဆိုင်ရာကော်မတီ ဥက္ကဋ္ဌ ဖြစ်တဲ့ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၂)က ဦးအောင်ငြိမ်း၊ နောက် မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)က ဦးကြည်ထွန်း၊ နောက် မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)က ဦးအောင်ကြည်ညွန့် နဲ့ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)က ဦးမှတ်ကြီး တို့ (၄)ဦးဖွဲ့စည်းပြီးတော့ ဥက္ကဋ္ဌအဖြစ် ဦးအောင်ငြိမ်း နဲ့ အတွင်းရေးမှူး အဖြစ် ဦးမှတ်ကြီး တို့က တာဝန်ယူပြီးတော့ ကျွန်တော်တို့ သွားရောက်စစ်ဆေးခဲ့တာ ဖြစ်ပါတယ်။

အမှုဖြစ်စဉ် အကျဉ်းချုပ်အနေနဲ့ အနေအထားနဲ့ ပြောရမယ်ဆိုရင် ဧရာဝတီတိုင်းဒေသကြီး၊ ဟင်္သာတခရိုင်၊ လေးမျက်နှာမြို့နယ် တရားရုံးရဲ့ တရားမကြီးမှု အမှတ်၊ ၂၃/၂၀၀၉ မှာ တရားလို ဦးစိုးဝင်း ဆိုတဲ့ သူက တရားပြိုင် ဒေါ်မစန်း နှင့် ဦးမောင်စစ်(ခ)ဦးသစ္စာ တို့ နှစ်ဦး အပေါ်ကို တစ်လလျှင် (၆)ရာခိုင်နှုန်း အတိုးနဲ့ (၃)ကြိမ်ခဲ့ပြီးတော့ ချေးငွေ စုစုပေါင်း(၇)သိန်း အတွက် (၁၃)လခန့်အကြာမှာ အတိုးအရင်းအတွက် စုစုပေါင်း ငွေကျပ်(၁၂)သိန်း (၂)သောင်း ရလိုကြောင်းနဲ့ ၈-၄-၂၀၀၉ ရက်နေ့မှာ တရားစွဲခဲ့ပါတယ်။ အမှတ်(၁) တရားပြိုင် ဒေါ်မစန်း က ၎င်းရဲ့ခင်ပွန်းဖြစ်တဲ့ ဦးမောင်ပြုံး (ကွယ်လွန်)သူနဲ့ တရားလို ဦးစိုးဝင်း တို့ဟာ အကျိုးတူစီးပွား လုပ်ခြင်းသာ ဖြစ်တဲ့အကြောင်း၊ မိမိနဲ့ မသက်ဆိုင်တဲ့အကြောင်း၊ ၎င်းရဲ့ခင်ပွန်း မသေမီ ရေးမှတ်ထားတဲ့စာအုပ်မှာ လူအမည်၊ ယူငွေနေ့ရက်၊ အတိုးအတိအကျနဲ့ အခြားသူများကို ချေးထားတာကိုသာ တွေ့ရကြောင်းနဲ့ ချေပအငြင်းပွားရာမှ စတင်လာတဲ့အမှု ဖြစ်ပါတယ်။

လေးမျက်နှာတရားရုံးက (၁)တရားပြိုင် ဒေါ်မစန်း နှင့် (၂)တရားပြိုင် ဦးမောင်စစ် တို့ကို တရားလို ဦးစိုးဝင်း သို့ မူလစွဲဆိုတဲ့အတိုင်း စရိတ်နှင့်တကွ ကျွန်တော်တို့ (၁၂)သိန်း (၂)သောင်းကို စရိတ်နဲ့တကွ ပြန်ပေးစေဆိုပြီးတော့ ၂၉-၁၀-၂၀၀၉ ရက်နေ့မှာ အမိန့်ဒီကရီ ချမှတ်ခဲ့ပါတယ်။ (၁)တရားပြိုင် ဒေါ်မစန်း က ဟင်္သာတခရိုင်တရားရုံးကို တရားမအယူခံမှုအမှတ်၊ ၃၉/၂၀၀၉ နဲ့ အယူခံဝင်ရောက်ခဲ့တဲ့အခါမှာတော့ အယူခံရုံးက အယူခံကို တစ်စိတ်တစ်ဒေသ ခွင့်ပြုပြီးတော့ တရားပြိုင် ဒေါ်မစန်း နဲ့ ဦးမောင်စစ် တို့ နှစ်ဦးစလုံးက တရားလို ဦးစိုးဝင်း ကို ငွေ(၁၀)သိန်း (၅)သောင်းကျပ်ကို စရိတ်နှင့်တကွ ပေးစေရန်ဆိုပြီးတော့ ၁၃-၂-၂၀၁၀ ရက်နေ့မှာ ပြောင်းလဲပြီးတော့ အမိန့်ချခဲ့ ပါတယ်။

အဲဒီအမိန့်နဲ့ ပတ်သက်ပြီးတော့ ၂-၂-၂၀၁၀ ရက်နေ့မှာ တရားနိုင် ဦးစိုးဝင်း က (၁)တရားရှုံး ဒေါ်မစန်း နှင့် (၂)တရားရှုံး ဦးမောင်စစ် တို့ နှစ်ဦးစလုံးအပေါ်ကို တရားမဇာရီမှု အမှတ်၊ ၇/၂၀၁၀ နဲ့ ဒီကရီကို အတည်ပြုပေးဖို့ ဆောင်ရွက်လိုက်တဲ့အခါမှာ ၂၅-၃-၂၀၁၀ ရက်နေ့မှာ အမှတ်(၁)တရားရှုံး ဒေါ်မစန်း က ဒီကရီကျငွေရဲ့တစ်ဝက်ကို (၃)ရစ်ခွဲပေးသွင်းဖို့ ဆိုပြီးတော့ တရားရုံးက အမိန့်ချပေးခဲ့

ပါတယ်။ နောက်လဖြစ်တဲ့ ၂၂-၄-၂၀၁၀ ရက်နေ့မှာတော့ (၂)တရားရှိုး ဦးမောင်စစ် က ရုံးခေါ်စာ အတည်ဖြစ်သော်လည်းပဲ ရုံးကို လာရောက်ခြင်းမရှိခဲ့တဲ့အတွက် ၎င်းအပေါ်မှာ ဆက်လက် အတည်ပြုရန်၊ (၂)တရားရှိုး ဦးမောင်စစ် နေထိုင်တဲ့ အင်္ဂပူတရားရုံးကို (၁)တရားရှိုး ဒေါ်မစန်း အပေါ်မှာ အတည်ပြုပြီးတော့ အမှုကို လွှဲပြောင်းပေးမယ်လို့ အမိန့်ချမှတ်ခဲ့ပါတယ်။ အဲဒီအမိန့် အပေါ်မှာ တရားနိုင် ဦးစိုးဝင်း က အယူခံ ဝင်ရောက်ခဲ့ခြင်းမရှိပါဘူး။ ဒီအမိန့်ကို တရားနိုင် ဦးစိုးဝင်း က လက်ခံတဲ့သဘော ရှိပါတယ်။ အဲဒီနောက် ဒေါ်မစန်း က ၎င်းအပေါ်မှာ ကျရောက်တဲ့ ဒီကရီကျပ်ငွေရဲ့ တစ်ဝက်ကို အရစ်ကျပေးဖို့ ပျက်ကွက်တဲ့အတွက် (၁)တရားရှိုး ဒေါ်မစန်း ပိုင်တဲ့ အိမ်နဲ့မြေကို ကြမ်းခင်းဈေး(၆)သိန်းနဲ့ ၁၅-၁၀-၂၀၁၀ ရက်နေ့မှာ လေလံတင် ရောင်းချဖို့ အမိန့် ချမှတ်ခဲ့တဲ့အခါမှာ အဲဒီနေ့မတိုင်မီ (၁)ရက်ဖြစ်တဲ့ ၁၄-၁၀-၂၀၁၀ ရက်နေ့မှာ (ဒေါ်မစန်း ရဲ့ မောင်ဝမ်းကွဲတော်တဲ့ ဦးထွန်းမြင့် က) ဒီကရီကျငွေအနက် ဒေါ်မစန်း မှာ တာဝန်ရှိတဲ့ ငွေ(၅)သိန်း (၃)သောင်းကျပ်ကို ပေးသွင်းခဲ့ကြောင်း တွေ့ရပါတယ်။

နောက်တစ်နေ့ဖြစ်တဲ့ ၁၅-၁၀-၂၀၁၀ ရက်နေ့မှာ တရားနိုင် ဦးစိုးဝင်း က အဲဒီငွေကို ရုံးကနေလာပြီး ထုတ်ယူသွားပြီးတဲ့နောက် (၅)ရက်အကြာဖြစ်တဲ့ ၂၀-၁၀-၂၀၁၀ ရက်နေ့မှာကျတော့ ထပ်ပြီးတော့ ကျန်ငွေအတွက် (၁)တရားရှိုး ဒေါ်မစန်း ရဲ့ အိမ်နှင့် မြေကိုပဲ လေလံတင်ရောင်းချ ပေးဖို့ ဆိုပြီးတော့ ထပ်ပြီးတော့ လျှောက်ပါတယ်။ အဲဒီလို လျှောက်တဲ့အခါမှာ မြို့နယ်တရားရုံးက ဒီကရီက တရားရှိုးနှစ်ဦးစလုံး (ဒေါ်မစန်း နဲ့ ဦးမောင်စစ်) တို့အပေါ်မှာ ချမှတ်ထားတာ ဖြစ်တဲ့ အတွက်ကြောင့် နှစ်ဦးစလုံးအပေါ်မှာ တာဝန်ရှိတယ်။ ဒါကြောင့်မို့လို့ (၂)တရားရှိုး ဦးမောင်စစ် အပေါ်မှာ ဆက်လက်အတည်ပြုသွားမယ်။ တရားနိုင် ဦးစိုးဝင်း ရဲ့ လျှောက်ထားမှုကို လက်မခံဘူး။ ပလပ်တယ်လို့ ကျွန်တော်တို့ရုံးက ဆုံးဖြတ်ပေးလိုက်ပါတယ်။ အဲဒီအမိန့်ကို ဦးစိုးဝင်း က မကျေနပ် တဲ့အတွက် တရားမအယူခံမှုအမှတ်၊ ၃၇/၂၀၁၀ နဲ့ ဟင်္သာတခရိုင်တရားရုံးကို အယူခံ ဝင်ရောက်တဲ့ အခါမှာတော့ ဟင်္သာတခရိုင်တရားသူကြီး ဦးမြင့်ဌေး က မူလရုံးအမိန့်ကို ပယ်ဖျက်ပြီးတော့ တရားနိုင် ဦးစိုးဝင်း အတွက် ဆက်လက်အတည်ပြုရမယ်လို့ ဆုံးဖြတ်ပေးခဲ့တဲ့အတွက် တရားရှိုး ဖြစ်သူ ဒေါ်မစန်း အပေါ်မှာသာ ဆက်လက်အတည်ပြုပြီးတော့ အိမ်နှင့် မြေကို ကြမ်းခင်းဈေး (၆)သိန်းနဲ့ လေလံတင်ရောင်းချခဲ့တဲ့အခါမှာ တရားနိုင် ဦးစိုးဝင်း က သူ ရစရာရှိတဲ့ ဒီကရီကျငွေကို ခုနှိမ်ပြီးတော့ အဲဒီအိမ်နဲ့ ခြံကို ဝယ်ခဲ့ပါတယ်။ ၁၉-၆-၂၀၁၁ ရက်နေ့မှာတော့ တရားရှိုး ဒေါ်မစန်း ပိုင် ပစ္စည်းတွေကို အိမ်ပေါ်က ဆွဲချပြီးတော့ တရားနိုင် ဦးစိုးဝင်း ကို အိမ်နှင့်မြေကို အပ်ဝရမ်း အတည်ပြုပေးခဲ့ပါတယ်။ အဲဒီနေရာမှာ ဆင့်စာ အတည်ဖြစ်ပြီးတော့ တရားရုံးကို လုံးဝ လာရောက် ရင်ဆိုင်ခြင်းမရှိတဲ့ (၂)တရားရှိုး ဦးမောင်စစ် ကတော့ အမှုပါ တာဝန်ကနေ လုံးဝလွတ်မြောက် သွားခဲ့ ပါတယ်။ (၁)တရားရှိုး ဒေါ်မစန်း က လက်ရှိအခြေအနေမှာ အိုးမဲ့အိမ်မဲ့ ဖြစ်ပြီးတော့ အိမ်ပေါ်မှာရှိတဲ့ မိမိပိုင်ပစ္စည်းများလည်း မိမိလက်ဝယ်ကို ပြန်လည်မရရှိနေတဲ့ အတွက်ကြောင့် တင်ပြတိုင်ကြားလာရင်းနဲ့ စတဲ့အမှု ဖြစ်ပါတယ်။

ဆက်စပ်ပေါ်ပေါက်ချက်များ ကျွန်တော် ဆက်လက်တင်ပြသွားဖို့ ဖြစ်ပါတယ်။ ဒီအကြောင်းအရာတွေဟာ လွန်ခဲ့တဲ့ ၈-၁၁-၂၀၁၁ ရက်စွဲ နဲ့ အမျိုးသားလွှတ်တော်၊ ပြည်သူတို့ရဲ့ တိုင်ကြားစာနှင့် အသနားခံစာဆိုင်ရာကော်မတီကို ဒေါ်မစန်း ကအမှန်တကယ် ငွေချေးယူ၍

ပြန်လည်ပေးဆပ်ခြင်းမရှိသူတွင် လုံးဝအပြစ်မရှိ၊ အသိသက်သေပြုမိသော ကွယ်လွန်သူ ခင်ပွန်းကိုယ်စား မိရိုးဖလာ လယ်ယာလုပ်ကိုင်စားသောက်နေသူ ဇနီးသည်မုဆိုးမအား ငွေကြေးပေးလျော်အိမ်ခြံမြေသိမ်းစေတဲ့ တရားစီရင်မှုအပေါ် အမြန်ပြန်လည်စစ်ဆေး ဆောင်ရွက်ပေးနိုင်ပါရန် အသနားခံစာ တင်ပြလာပါတယ်။ ပြည်သူတို့ရဲ့ တိုင်ကြားစာနှင့် အသနားခံစာဆိုင်ရာကော်မတီက စိစစ်သုံးသပ်ချက်အရ ပြန်လည်စစ်ဆေး ဆောင်ရွက်ပေးနိုင်ရေးအတွက် ပြည်ထောင်စုအစိုးရအဖွဲ့ထံကို အမှုတွဲနှင့်တကွ ၂၀-၁၂-၂၀၁၁ ရက်နေ့မှာ ပေးပို့ခဲ့ပါတယ်။ နောက်ဆက်တွဲ(က)နဲ့ ကျွန်တော်တို့ တင်ပြထားပါတယ်။

ဒီအမှုဖြစ်ရပ်နှင့်ပတ်သက်ပြီးတော့ ပထမအကြိမ် အမျိုးသားလွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး သတ္တမနေ့ ၁၂-၇-၂၀၁၂ ရက်နေ့မှာ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)က အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးနု ရဲ့ ကြယ်ပွင့်ပြ မေးခွန်းနဲ့ ဧရာဝတီတိုင်းဒေသကြီး၊ ဟင်္သာတခရိုင်၊ လေးမျက်နှာမြို့နယ်၊ ကိုးတဲကျေးရွာအုပ်စု၊ ကျောင်းစုရွာနေ လယ်သမား မစန်းအား တရားစီရင်မှု မမျှတခြင်းနဲ့ စပ်လျဉ်းတဲ့ မေးခွန်းအဖြစ် မေးမြန်းတဲ့အခါမှာတော့ ပြည်ထောင်စု တရားလွှတ်တော်ချုပ် တရားသူကြီး ဦးမြသိမ်း က မြို့နယ်တရားရုံးနှင့် ခရိုင်တရားရုံးများရဲ့ ဆောင်ရွက်ချက်များဟာ ဥပဒေ၊ လုပ်ထုံးလုပ်နည်းနဲ့ ညီတဲ့အတွက် ဒီတရားရုံးရဲ့ ဆောင်ရွက်ချက်များအပေါ် ပြင်ဆင်ပေးရန် လိုမည်မဟုတ်ကြောင်းလို့ ကျွန်တော်တို့ ဖြေကြားသွားခဲ့ပါတယ်။

ပထမအကြိမ် အမျိုးသားလွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေးကို ၃၀-၁-၂၀၁၃ ရက်နေ့မှာ တင်သွင်းတဲ့ ပြည်သူတို့ရဲ့ တိုင်ကြားစာနှင့် အသနားခံစာဆိုင်ရာကော်မတီရဲ့ လုပ်ငန်းဆောင်ရွက်မှု အခြေအနေ အစီရင်ခံစာ၊ ၁/၂၀၁၃ အပေါ်ကို ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးနု က အကြံပြုဆွေးနွေး တင်ပြတဲ့အခါမှာ ဒီ ဒေါ်မစန်း ရဲ့ အမှုကို ပမာပြုတင်ပြပြီးတော့ ဒီအမှုကို ပြည်ထောင်စုတရားလွှတ်တော်ချုပ်က ဖြစ်ရပ်မှန်ဖော်ထုတ် သုံးသပ်အဆုံးအဖြတ် ပြုနိုင်ရေးအတွက် ခုံရုံးဖွဲ့၍ မဖြစ်မနေ ပြန်လည်စစ်ဆေးပေးနိုင်ရေး တွန်းအားပေး ဆောင်ရွက်ပေးနိုင်ပါရန်နဲ့ ပကတိဖြစ်ရပ်မှန်များကို တိတိကျကျ သိရှိနိုင်ပါရန် အမျိုးသားလွှတ်တော် ကလည်း စုံစမ်းရေးကော်မရှင်တစ်ရပ် ဖွဲ့စည်းတာဝန်ပေးအပ်၍ အောက်ခြေဖြစ်ရပ်မှန်များ ဖော်ထုတ် ပေးပါရန် တရားရေးမဏ္ဍိုင် ခိုင်မြဲစေလိုသော စေတနာအရင်းနဲ့ ၁၉-၃-၂၀၁၁ ရက်နေ့မှာ အမျိုးသားလွှတ်တော်၌ အကြံပြုဆွေးနွေးခဲ့ပါတယ်။

ဒီဆွေးနွေးချက်အပေါ်မှာ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးက ပြည်သူတို့ရဲ့ တိုင်ကြားစာနှင့် အသနားခံစာဆိုင်ရာကော်မတီ အနေအထားနဲ့ ကွင်းဆင်းစစ်ဆေးဖို့ ညွှန်ကြားချက်အရ ကော်မတီဝင် (၄)ဦးနဲ့ ရုံးဝန်ထမ်း(၄)ဦးတို့ဟာ ၂၈-၃-၂၀၁၃ရက်နေ့ ကနေပြီးတော့ ၃-၄-၂၀၁၃ ရက်နေ့အထိ ကွင်းဆင်းစစ်ဆေးခဲ့ပါတယ်။ ၂၉-၄-၂၀၁၃ ရက်နေ့မှာတော့ အမှုကို ကိုယ်တိုင်စစ်ဆေးခဲ့ကြတဲ့ ယခင် ဟင်္သာတခရိုင် တရားသူကြီး ဦးမြင့်ဌေး၊ ယခင် လေးမျက်နှာမြို့နယ် တရားသူကြီးများ ဖြစ်ကြတဲ့ ဒေါ်ခင်မေယု၊ ဒေါ်စန်းစန်းဌေး တို့ကိုလည်းကောင်း၊ ၁၃-၅-၂၀၁၃ ရက်နေ့မှာကတော့ ဟင်္သာတခရိုင် တရားသူကြီး ဒေါ်အေးသိန်း ကိုလည်းကောင်း၊ နေပြည်တော်ကို ခေါ်ယူပြီးတော့ စစ်ဆေးခဲ့ပါတယ်။ အဲဒီတော့ သက်သေတွေကို စစ်ဆေးတဲ့အခါမှာတော့ ၂၉-၃-၂၀၁၃ ရက်နေ့မှာ ဟင်္သာတမြို့နယ်မှာ ဟင်္သာတခရိုင် တရားသူကြီး၊ လက်ရှိ တာဝန်ထမ်းဆောင်နေတဲ့ ဒေါ်မြင့်မြင့်စိန်၊ နောက်

တရားပြိုင်ရဲ့ တရားလွှတ်တော်ရှေ့နေဖြစ်တဲ့ ဦးတင့်ဆန်း၊ နောက် ဒေါ်မစန်း ရဲ့ မောင်ဝမ်းကွဲ တော်စပ်ပြီးတော့ ဒေါ်မစန်း အတွက် ငွေ(၅)သိန်း (၃)သောင်းကျပ် ပေးသွင်းခဲ့တဲ့ ဦးထွန်းမြင့်၊ နောက် (၂)တရားပြိုင်ဖြစ်တဲ့ ဦးသစ္စာ(ခ)ဦးမောင်စစ် တို့ကို ၂၉ ရက်နေ့မှာ ဟင်္သာတမြို့နယ်မှာ စစ်ပါတယ်။ ၃၀-၃-၂၀၁၃ ရက်နေ့ မနက်ခင်းမှာကတော့ ဦးကျော်ရွှေ၊ ဦးလှကံ၊ ဒေါ်စန်းစန်းဝင်း ဆိုတဲ့ သက်သေ(၃)ယောက်ကို စစ်ပါတယ်။ ၃၀-၃-၂၀၁၃ ရက်နေ့ (ညနေပိုင်း)မှာကတော့ လက်ရှိ လေးမျက်နှာမြို့နယ် တရားသူကြီးဖြစ်တဲ့ ဒေါ်ခင်ဆွေမြင့်၊ နောက် တရားရုံးက (ဘီလစ်)စာရေး ဖြစ်တဲ့ ဒေါ်လင်းလင်းချစ်၊ နောက် အပ်ဝရမ်းကို အတည်ပြုပေးခဲ့တဲ့ အငယ်တန်းလက်နှိပ်စက် စာရေး ဒေါ်သင်းသင်းခိုင်၊ နောက် အပ်ဝရမ်း အတည်ပြုပေးတဲ့ နေရာမှာပါတဲ့ မြေတိုင်းစာရေး ဦးနေလင်းထွန်း နဲ့ အပ်ဝရမ်း အတည်ပြုပေးခဲ့တဲ့နေရာမှာ လိုက်ပါခဲ့တဲ့ ရဲစခန်းက ရဲဒုတပ်ကြပ် ရန်လင်းအောင် တို့ကို ကျွန်တော်တို့ စစ်ဆေးခဲ့ပါတယ်။ ၃၁-၃-၂၀၁၃ ရက်နေ့မှာကတော့ ကိုးတဲ ကျေးရွာအထိ အရောက်သွားပြီးတော့ တိုင်လျှောက်သူ ဒေါ်မစန်း၊ တရားနိုင်ဖြစ်သူ ဦးစိုးဝင်း၊ နောက် တရားနိုင် ဦးစိုးဝင်း က အချင်းဖြစ် အိမ်ခြံမြေတွေကိုရပြီးတော့မှ အိမ်ခြံမြေကို (၈)သိန်းနဲ့ ပြန်ရောင်း လိုက်တဲ့အခါ ဝယ်ယူထားတဲ့ ဦးတင်အုန်း၊ နောက် ရ.ယ.က ဥက္ကဋ္ဌ ဖြစ်တဲ့ ဦးသိန်းထွန်း တို့ကို ကျွန်တော်တို့ စစ်ဆေးခဲ့ပါတယ်။

အဲဒီတော့ ကွင်းဆင်းစစ်ဆေးရာမှာ သက်သေများရဲ့ ထွက်ဆိုချက်များနဲ့ ပတ်သက်ပြီး ကျွန်တော် ကောက်နုတ်တင်ပြသွားပါမယ်။ ဒီလို ကွင်းဆင်းစစ်ဆေးတဲ့အခါမှာ သက်သေများရဲ့ ထွက်ဆိုချက်ကို ကျွန်တော် လွှတ်တော်ကို ကောက်နုတ်တင်ပြရတဲ့ အကြောင်းကနောက်ဆက်တွဲ ဖော်ပြလာရမယ့် အခြေအနေ အရပ်ရပ်များရဲ့ သုံးသပ်ချက်များဟာ ဒီထွက်ချက်တွေထဲမှာ ပါဝင်နေ လို့ ဖြစ်ပါတယ်။ ပထမဦးဆုံး လက်ရှိခရိုင်တရားသူကြီး ဖြစ်တဲ့ ဟင်္သာတမြို့နယ် တရားရုံးက ဒေါ်မြင့်မြင့်စိန် ရဲ့ ထွက်ဆိုတဲ့နေရာမှာကတော့ ဟင်္သာတခရိုင်တရားရုံးရဲ့ တရားမ အယူခံမှုအမှတ်၊ ၃၉/၂၀၀၉ မှာ ပါတဲ့ စီရင်ချက် အချက်အလက်တွေကို ထွက်ဆိုပါတယ်။ ပြီးတော့ ချေးငွေများနဲ့ ပတ်သက်ပြီးတော့ အရေးကြီးတဲ့ ၁၉၄၅ ခုနှစ်၊ ငွေတိုးချေးစားသူများ အက်ဥပဒေကို လိုက်နာ ကျင့်သုံးလျက်ရှိပြီးတော့ ဒီ ဥပဒေပုဒ်မ ၉ အရ ငွေတိုးချေးစားခွင့် မှတ်ပုံတင်ထားခြင်း မရှိလျှင် တရားရုံးများက ငွေအတွက် ဒီကရီချပေးလို့ မရကြောင်း၊ မူလရုံးမှ တရားပြိုင် နှစ်ဦးစလုံးကို ချမှတ်ထားတဲ့ ဒီကရီအတိုင်း အတည်ပြုပေးရမယ်ဖြစ်တယ်။ (၂)တရားပြိုင်အား ဖယ်ထုတ်ရန် အကြောင်းမရှိဘူး၊ လေးမျက်နှာတရားရုံး တရားမကြီးမှုအမှတ်၊ ၂၃/၂၀၀၉ မှာ ၂၉-၁၀-၂၀၀၉ ရက်နေ့က (၁)တရားပြိုင်ဒေါ်မစန်းနှင့် (၂)တရားပြိုင် ဦးမောင်စစ်တို့က တရားလို ဦးစိုးဝင်းသို့ ငွေ(၁၂)သိန်း(၂)သောင်းကို စရိတ်နှင့်တကွ ပေးစေရန် ချမှတ်သည့်ဒီကရီအစား ငွေကျပ်(၁၀) သိန်း(၅)သောင်းကိုသာ စရိတ်နှင့်တကွ ပေးဆပ်စေရန်လို့ အယူခံရုံးက ပြောင်းလဲအမိန့်ချပေးတဲ့ အကြောင်း ထွက်ဆိုခဲ့ပါတယ်။

နောက် တရားပြိုင်ဒေါ်မစန်း၏ တရားလွှတ်တော်ရှေ့နေဖြစ်တဲ့ ရှေ့နေ ဦးတင့်ဆန်း ကို စစ်ဆေးတဲ့အခါမှာတော့ မူလ လေးမျက်နှာမြို့နယ်တရားရုံး ဇာရီမှုအမှတ်၊ ၇/၂၀၁၀ မှာ ၂၅-၃-၂၀၁၀ ရက်နေ့က ချမှတ်လိုက်တဲ့ တရားရှုံး ဒေါ်မစန်း က ဒီကရီကျငွေ၏ထက်ဝက်ကို (၃)ရစ်ခွဲပေးရန် အမိန့်ချမှတ်ခဲ့တဲ့အကြောင်း၊ ၂၂-၄-၂၀၁၀ ရက်နေ့တွင် ဒီကရီကျငွေ ပေးသွင်းခြင်း

မရှိတဲ့အတွက်ကြောင့် (၁)တရားရှိုး ဒေါ်မစန်း ပိုင် နေအိမ်နှင့် မြေကွက်ကို ပညတ်မိန့်ထုတ်ပြီးတော့ လေလံတင် ရောင်းချပေးရန် တရားနိုင် ဦးစိုးဝင်း က တင်ပြချက်အရ (၁)တရားရှိုး ဒေါ်မစန်း ပိုင် နေအိမ်နှင့် မြေကွက်ကို ပညတ်မိန့် ထုတ်ဆင့်ခဲ့ကြောင်း၊ မြို့နယ်တရားရုံးတော်က (၂)တရားရှိုး ဦးမောင်စစ်မှာ ရုံးခေါ်စာ အတည်ဖြစ်သော်လည်း လာရောက်ခြင်း မရှိတဲ့အတွက် ၎င်းအပေါ် ဆက်လက် ဇာရီအတည်ပြုရန် (၂)တရားရှိုး ဦးမောင်စစ် နေထိုင်ရာ အင်္ဂပူရုံးသို့ (၁)တရားရှိုး ဒေါ်မစန်း အပေါ်မှာ အတည်ပြုပြီးမှ လွှဲပြောင်းပေးမယ်လို့ နေ့စဉ်မှတ်တမ်းတွင် အတည်ပြု အမိန့် ချထားကြောင်း ထွက်ဆိုပါတယ်။ ဒီကရီကျငွေ (၁၀)သိန်း(၅)သောင်းမှာ တစ်ဝက်ကို ဒေါ်မစန်းက တာဝန်ရှိတယ်၊ တစ်ဝက်ပဲ ဒေါ်မစန်းက ပေးရမယ်လို့ ရုံးကအမိန့်ချပါတယ်။ ကျန်တဲ့တစ်ဝက် ကတော့ (၂)တရားရှိုးက တာဝန်ရှိတဲ့အတွက် (၂)တရားရှိုးနေထိုင်တဲ့ တရားရုံးမှာ ဆက်ပြီးအတည် ပြုမယ်လို့ အမိန့်ချ ထားတာ ဖြစ်ပါတယ်။

၁၂-၅-၂၀၁၀ ရက်နေ့မှာ (၁)တရားရှိုး ဒေါ်မစန်း က အမိန့်(၂၁)၊ နည်းဥပဒေ(၁၃) အရ ဝရမ်းကပ်တဲ့နေရာမှာ အမိန့်(၂၁)၊ နည်းဥပဒေ(၁၃)အရ ညီညွတ်မှုမရှိလို့ ဝရမ်းပယ်ဖျက် ပေးဖို့လို့ လျှောက်တဲ့အခါမှာ တရားနိုင် ဦးစိုးဝင်း ဘက်က ဘာပြောလဲဆိုတော့ အမိန့်(၂၁)၊ နည်းဥပဒေ(၁၃)အရ ဝရမ်းကပ်ခိုင်းတဲ့ မြေရဲ့ မြေပုံကို ကူးယူတင်ပြပေးပါမယ်လို့ ပြောခဲ့သော် လည်းပဲ ၂၀-၅-၂၀၁၀ ရက်နေ့တွင် မြေပုံတင်ပြခြင်းမရှိဘဲ တရားရှိုး ဒေါ်မစန်း ပိုင် နေအိမ်နှင့် မြေတည်နေရာကို မြေခွန်ပြေစာရယ်၊ ရယကထောက်ခံချက်ဖြင့်သာ ပညတ်မိန့်ကို ထုတ်ဆင့်ထား ခဲ့ကြောင်း ရှေ့နေက ထွက်ဆိုသွားခဲ့ပါတယ်။ ၂၈-၉-၂၀၁၀ ရက်နေ့မှာ တရားရှိုး ဒေါ်မစန်း မှ ဒီအိမ်ဟာ အမွေဆိုင်အိမ်နှင့် ခြံဖြစ်တယ်၊ တောင်သူလယ်သမားပိုင် အိမ်နှင့်ခြံ ဖြစ်တယ်ဆိုပြီးတော့ မြို့နယ် တရားရုံးကို လျှောက်ထားတဲ့အခါမှာ (၁)တရားရှိုး ဒေါ်မစန်း ၏ တင်ပြချက်များအား တစ်စုံတစ်ရာ ဆောင်ရွက်ပေးခဲ့ခြင်း မရှိကြောင်း ထွက်ဆိုထားပါတယ်။ ၁၅-၉-၂၀၁၀ ရက်နေ့မှာ သက်သေ ရ.ယ.ကဥက္ကဋ္ဌ ဦးသိန်းထွန်း (တရားနိုင် ဦးစိုးဝင်း ၏ တူတော်စပ်သူ) ကို စစ်ဆေးတဲ့ အခါမှာ သူရဲ့ထွက်ဆိုချက်အရ ဒေါ်မစန်း ၏ နေအိမ်နှင့် အိမ်ခြံမြေဟာ ကျပ်(၆)သိန်း ကြမ်းခင်းဈေး သတ်မှတ်ပြီး အဲဒီထွက်ချက်အရပဲ ကြမ်းခင်ဈေးကျပ်(၆)သိန်း သတ်မှတ်ပြီးတော့ အရောင်း ကြော်ငြာစာ ထုတ်ဆင့်ခဲ့ကြောင်း၊ (၁)တရားရှိုး ဒေါ်မစန်း က ရောင်းချမည့်နေ့မတိုင်မီ ၁၄-၁၀- ၂၀၁၀ ရက်နေ့မှာ ၎င်းမှာ တာဝန်ရှိတဲ့ ငွေကျပ်(၅)သိန်း (၃)သောင်းကို ပေးသွင်းခဲ့တဲ့အတွက်ကြောင့် ၁၅-၁၀-၂၀၁၀ ရက်နေ့မှာ တရားနိုင် ဦးစိုးဝင်း က လက်ခံရယူသွားပြီး ဖြစ်ပါတယ်။

အဲဒီလို လက်ခံရယူပြီးတော့ (၅)ရက်အကြာ ၂၀-၁၀-၂၀၁၀ ရက်နေ့မှာ တရားနိုင်ရဲ့ ရှေ့နေကနေပြီးတော့ ဒီကရီ ကျန်ငွေအတွက် (၁)တရားရှိုး ဒေါ်မစန်း ရဲ့ နေအိမ်ကို လေလံတင် ရောင်းချပေးမှု ထပ်မံလျှောက်တဲ့အခါကျတော့ မြို့နယ်တရားရုံး တရားသူကြီး ဒေါ်ခင်မေယု က ဒီကရီမှာ တရားရှိုးနှစ်ဦးစလုံးအပေါ်မှာ တာဝန်ရှိတာဖြစ်တဲ့အတွက်ကြောင့် (၂)တရားရှိုး ဦးမောင်စစ် အပေါ်မှာ ဆက်လက်အတည်ပြုသွားမယ်လို့ အမိန့်ချမှတ်ခဲ့ပါတယ်။

ဒီအမိန့်ကို တရားနိုင်ဦးစိုးဝင်းက ဟင်္သာတခရိုင်တရားရုံးသို့ တရားမအယူခံမှုအမှတ်၊ ၃၇/၂၀၁၀ ဖြင့် အယူခံဝင်ရောက်တဲ့အခါမှာတော့ ခရိုင်တရားရုံးက ယခင် ခရိုင်တရားသူကြီး ဦးမြင့်ဌွေး က မြို့နယ်ရုံး၏အမိန့်ကို ပယ်ဖျက်ပြီးတော့ ဇာရီမှုအမှတ်၊ ၇/၂၀၁၀ ကို ဆက်လက်

ဆောင်ရွက်ရမယ်လို့ အမိန့်ချပေးလိုက်ပါတယ်။ ခရိုင်ရုံးရဲ့ တရားမအယူခံမှုအမှတ်၊ ၃၉/၂၀၀၉ အမှုမှာ အယူခံတရားလို ဒေါ်မစန်း ၏ ရှေ့နေအနေနဲ့ အမှုမှာ ပေါ်ပေါက်နေတဲ့ ငွေကြေးများကို ဒီရှေ့နေက ငွေတိုးဖြင့် ချေးယူသော ချေးငွေနဲ့ ငွေတိုးချေးတာဖြစ်လို့ ၁၉၄၅ ခုနှစ်၊ ငွေတိုးချေးစားသူများ အက်ဥပဒေပုဒ်မ ၉ အရ ဒီကရီ ရထိုက်ခွင့် မရှိတဲ့အတွက် မူလစွဲဆိုထားသော အမှုကို ပလပ်ပေးပါရန် ရေးသားလျှောက်လဲချက် တင်သွင်းခဲ့ကြောင်း၊ လယ်ပြန်ငွေပြန်နဲ့ ဒီငွေအပေါ်မှာ အတိုးခံစား ခွင့်ပေးခြင်းဟာ ဥပဒေအရ မှန်ကန်မှု မရှိကြောင်းနဲ့ လယ်ပြန်ငွေပြန် ဆိုတဲ့ အသုံးအနှုန်းဟာလည်းပဲ ငွေတိုးချေးစားတဲ့သဘော သက်ရောက်နေတဲ့အတွက် ဒီသဘော တူညီချက်များဟာ ဥပဒေအရ ပျက်ပြယ်သော ပဋိညာဉ်ဖြစ်ကြောင်း တင်ပြခဲ့တယ်ဆိုတာကို ရှေ့နေက ထွက်ဆိုအစစ်ခံသွားပါတယ်။

နောက် ဦးမောင်စစ်(ခ)ဦးသစ္စာ (၂)တရားရှုံးကို စစ်မေးတဲ့အခါမှာတော့ အဓိကအားဖြင့် ဒေါ်မစန်းက သူ (၅)သိန်း(၃)သောင်း ပေးစရာကျန်တာကို မငြင်းတဲ့အကြောင်းနဲ့ အင်ပူရုံးမှာ အဲဒီကာလတုန်းက တခြားရုံးမှာ တရားစွဲခံထားရတဲ့ တခြားအမှုမှာ ငွေကျပ်(၄)သိန်းအတွက် အကြွေးငွေ လစဉ်(၁)လလျှင် (၃)သောင်း ပေးဆပ်နေရတဲ့အတွက်ကြောင့် ဒေါ်မစန်း ရဲ့ ငွေကို မပေးဆပ်ခဲ့နိုင်ခြင်းသာ ဖြစ်ပါတယ်လို့ ထွက်ဆိုပါတယ်။ နောက် ၂၁-၄-၂၀၀၉ နေ့မှာ ရ.ယ.ကဥက္ကဋ္ဌ ဦးကျော်ရွှေ အပါအဝင် ရပ်ကွက်ရုံးမှာ ဒေါ်မစန်း ရဲ့ ခင်ပွန်းကို ဦးမောင်စစ်က ပြန်ပေးဖို့ရာ ငွေ(၅)သိန်း (၈)သောင်း(၉)ထောင်ကျပ်ဖြစ်ကြောင်း ဝန်ခံချက်ထိုးထားရာမှာ လက်မှတ်ရေးထိုးပေးခဲ့ကြောင်းနဲ့ အဲဒီလို လက်မှတ်ရေးထိုးထားတဲ့ လက်မှတ်ဟာလည်း မှန်ကန်ကြောင်း ဝန်ခံကတိပေါ်၌ ခြိမ်းခြောက်မှုများ၊ ဖြားယောင်းမှုများ မရှိပါကြောင်း ထွက်ဆိုအစစ်ခံပါတယ်။ အဲဒီကိစ္စကို ဝင်ရောက်ညှိနှိုင်းပေးတဲ့ ဥက္ကဋ္ဌဖြစ်တဲ့ ဦးကျော်ရွှေ ကို စစ်တဲ့အခါမှာ ဦးကျော်ရွှေ ရဲ့ အရှေ့မှာ ဦးမောင်စစ် က ညှိနှိုင်းစဉ်အခါတုန်းက ဒီ ဦးမောင်စစ် ရဲ့ ထွက်ဆိုထားချက်တွေထဲမှာ သူတို့ ညှိနှိုင်းစဉ်က (၈)သောင်း(၉)ထောင်ကျပ်က အတိုးဖြစ်တယ်လို့ ဦးမောင်စစ်က ထွက်ဆိုပြောကြားခဲ့ခြင်း မရှိဘူးဆိုတဲ့ဟာကို ထောက်ခံထွက်ဆိုထားပါတယ်။

နောက် ဒေါ်ခင်ဆွေမြင့် ဆိုတာ လက်ရှိ မြို့နယ်တရားသူကြီးကို စစ်ဆေးတဲ့အခါမှာတော့ မြို့နယ်တရားရုံး၏ ဇာရီမှုမှာ ၂၀-၁၀-၂၀၁၀ ရက်က ချမှတ်ခဲ့တဲ့ အမှတ်(၂)တရားရှုံး ဦးမောင်စစ်(ခ) ဦးသစ္စာ အပေါ်မှာ ဒီကရီကျငွေအတွက် အတည်ပြုပါမယ်လို့ ဆုံးဖြတ်ခဲ့တာဟာ အဲဒီအမှုမှာပဲ ၂၅-၃-၂၀၁၀ ရက်နေ့မှာ အမှုတွဲနေ့စဉ်မှတ်တမ်းအမိန့်မှာ (၁)တရားရှုံး ဒေါ်မစန်း က ဒီကရီကျငွေရဲ့ ထက်ဝက် ပေးသွင်းပြီး၊ ပေးသွင်းဖို့ရာ ချမှတ်ထားတဲ့ အမိန့်နှင့် ရှေ့နောက် ဆီလျော်မှုရှိတယ်ဆိုတဲ့ အကြောင်း ထောက်ခံထွက်ဆိုသွားပါတယ်။ ဒီကရီကျငွေ၏ ထက်ဝက်ကိုသာ တရားရှုံး ဒေါ်မစန်း အပေါ်မှာ တာဝန်ပေးအပ်ခဲ့တာကို မကျေနပ်ဘူးဆိုပြီး တရားနိုင် ဦးစိုးဝင်း အနေဖြင့် အဲဒီအဆင့်မှာ အထက်တရားရုံးကို အယူခံတက်ရောက်ရမှာဖြစ်ပြီးတော့ ကာလစည်းကမ်းသတ် ရက်ပေါင်း(၃၀) အတွင်း အယူခံတက်ရောက်မှာဖြစ်ကြောင်း အစစ်ခံပါတယ်။ ၂၀-၁၀-၂၀၁၀ ရက်နေ့ အမိန့်ကို (၁၀)လပိုင်း (၂၀)ရက်နေ့မှာ လုပ်တဲ့အမိန့်ကို မကျေပ်နပ်လို့ အယူခံတက်တဲ့အခါမှာတော့ ၂၅-၃-၂၀၁၀ မှာ ချမှတ်ခဲ့တဲ့ အမိန့်နဲ့ဆိုရင် အချိန်ကာလအားဖြင့် (၇)လနီးပါး ကွာခြားနေတဲ့ အတွက်ကြောင့် အယူခံတရားသူကြီးအနေနဲ့ အယူခံမှု ဖွင့်လှစ်ဆောင်ရွက်တဲ့အခါမှာ မူလရုံးရဲ့

အမှုဖြစ်စဉ်၊ အမှုတွဲနေ့စဉ်မှတ်တမ်းနဲ့ အမိန့်စသည်တို့ကို လေ့လာစိစစ်ကြည့်ရှုရန် လိုအပ်တယ်လို့ ထွက်ဆိုသွားပါတယ်။

အိမ်အပ်ဝရမ်း အတည်ပြုဆောင်ရွက်တဲ့နေရာမှာ တရားရုံးများဟာ တရားရုံးဘီလစ်စာရေးကို တာဝန်ပေး အပ်ရမှာဖြစ်တဲ့အကြောင်းနဲ့ ဒီအမှုမှာကတော့ တရားရုံးဘီလစ်စာရေးက (၆)လပိုင်း (၁၈)ရက်ကနေပြီးတော့ (၆)လပိုင်း(၂၀)ရက်နေ့အထိ ခွင့်(၃)ရက်ယူထားတဲ့ ဘီလစ်ခွင့်ယူထားတဲ့ ရက်အတွင်းမှာပဲ ယခင် မြို့နယ်တရားသူကြီး ဒေါ်စန်းစန်းဌေး က အငယ်တန်းလက်နှိပ်စက်စာရေး ဒေါ်သင်းသင်းခိုင် ကို နှုတ်မိန့်နဲ့ ဘီလစ်တာဝန်ပေး စေလွှတ်ခဲ့ကြောင်းကို ထွက်ဆိုသွားပါတယ်။ နောက် ဒေါ်လင်းလင်းချစ် ကို ဆက်စစ်ခဲ့ပါတယ်။ ဒေါ်လင်းလင်းချစ် က ဘီလစ်စာရေးပါ။ ဒီအမှုမှာ သူ ဝရမ်းကို အတည်ပြုပေးတဲ့အထဲမှာ မပါပါဘူး။ နောက်ဝရမ်းကို အတည်ပြုပေးခဲ့တဲ့ အပ်ဝရမ်း အတည်ပြုပေးခဲ့တဲ့ ဒေါ်သင်းသင်းခိုင် ကို စစ်တဲ့အခါမှာတော့ အငယ်တန်းလက်နှိပ်စက်စာရေး ဒေါ်သင်းသင်းခိုင် က အိမ်အပ်ဝရမ်း အတည်ပြုပေးတဲ့အခါမှာ တရားရှုံး ဒေါ်မစန်း က တောင်သူလယ်သမားအိမ်ဖြစ်လို့ ဖယ်မပေးနိုင်ဘူးလို့ ပြောခဲ့တဲ့အကြောင်း ထွက်ဆိုပါတယ်။ မိမိနဲ့ကျေးရွာအုပ်ချုပ်ရေးမှူး ဦးသိန်းထွန်း၊ ဒု-ရဲအုပ်၊ တရားနိုင် ဦးစိုးဝင်း ခေါ်ပေးသော အလုပ်သမား(၃)ဦးတို့နဲ့ အိမ်ထဲသို့ဝင်ပြီးတော့ အလုပ်သမားများကို ပစ္စည်းများ ဖယ်ထုတ်ခိုင်းကာ အိမ်ရှေ့တာလမ်းပေါ် လူသွား/လူလာလွတ်အောင် စုပုံထားခဲ့ကြောင်းနဲ့ ပစ္စည်းများမှာ စားအိုး၊ စားခွက်များ အပါအဝင် အမှတ်စဉ်(၁)မှ (၂၅)အထိ ပစ္စည်းစာရင်း ရေးမှတ်ထားတဲ့ စာရင်းမိတ္တူကိုလည်း ကျွန်တော်တို့ကို တင်ပြခဲ့ပါတယ်။ နေ့လယ်(၁၁း၀၀)နာရီ (၁၂း၀၀)နာရီခန့်မှာ ဒေါ်မစန်း အိမ်ပေါ်မှ ပစ္စည်းအားလုံး ထုတ်ပုံပြီးဖြစ်တဲ့အတွက်ကြောင့် ဒေါ်မစန်း ရဲ့ အိမ်နဲ့ခြံကို တရားနိုင် ဦးစိုးဝင်းအား အပ်ပြီးကြောင်း ပြောဆိုခဲ့ပါတယ်။ ပစ္စည်းများကို တာလမ်းဘေးမှာ လူသွား/လူလာလွတ်အောင် နေရာချန်လှပ်ပြီးတော့ ဝန်ကျဉ်းနိုင်သမျှကျဉ်းအောင် စုပုံပြီး ကျေးရွာအုပ်ချုပ်ရေးမှူး ဦးသိန်းထွန်း အား အပ်ပေးခဲ့တယ်လို့ ဒေါ်သင်းသင်းခိုင် က ထွက်ဆိုခဲ့ပါတယ်။

နောက် ဦးသိန်းထွန်း၊ ကိုးတဲကျေးရွာအုပ်စု ရ.ယ.ကဥက္ကဋ္ဌ ကို စစ်ဆေးတဲ့အခါမှာလည်း ဒီမြေကွက်ကြီးတစ်ခုလုံးဟာ ဒေါ်မစန်း ရဲ့ဖခင် ဦးကံထွန်း အမည်ပေါက်တဲ့ အမွေဆိုင်အိမ်ဖြစ်ကြောင်း၊ ဧရိယာ(၀.၅၆)ဧကဟု ဖော်ပြထားသော်လည်းပဲ အတောင်(၁၀၀)၊ ပေအားဖြင့်(၁၅၀)ပေ၊ အနံထိပ်ဝ အတောင်(၃၀)၊ ပေအားဖြင့်(၄၅)ပေ၊ အနောက်ဘက်ထိပ်ဝ(၂၇)တောင်၊ ပေအားဖြင့်(၄၀.၅)ပေကိုသာ ထောက်ခံစာမှာ ဖော်ပြထားတဲ့အတိုင်း ထွက်ဆိုခဲ့ခြင်း ဖြစ်ပါတယ်လို့ ထွက်ဆိုပါတယ်။ ကြမ်းခင်းဈေးအတွက် ကျွန်တော်တိုင်ပင်ခဲ့တဲ့ ဦးလှတင့် မှာ တရားနိုင် ဦးစိုးဝင်း နဲ့ မယားညီအစ်ကို တော်စပ်သူဖြစ်တယ်လို့လည်း အစစ်ခံထွက်ပါတယ်။ အိမ်ရဲ့တန်ဖိုးကို ဘယ်လောက်တန်ဖိုး သင့်မလဲလို့ တိုင်ပင်တဲ့အခါမှာ တရားနိုင်ရဲ့တူဖြစ်တဲ့ ဥက္ကဋ္ဌက တရားနိုင်ရဲ့ မယားညီအစ်ကိုဖြစ်တဲ့ ဦးလှတင့် နဲ့ တိုင်ပင်ပြီးတော့ တန်ဖိုးဖြတ်ခဲ့တယ်လို့ ပြောဆိုလိုတာ ဖြစ်ပါတယ်။ ယခုအခါမှာ မြေကွက်အလွတ်သက်သက်ကို တရားနိုင် ဦးစိုးဝင်း က ဦးတင်အုန်း ဆိုသူကို (၈)သိန်းနဲ့ ရောင်းချပြီးဖြစ်လို့ အိမ်မပါဘဲ မြေကွက်ချည်းပင်လျှင် (၈)သိန်းတန်တဲ့အကြောင်းနှင့် ဒေါ်မစန်း ဟာ လယ်ယာလုပ်ကိုင်သူဖြစ်ပြီးတော့ ခင်ပွန်းဖြစ်သူ ဦးဖိုးပြုံး(ခ)ဦးစိုးတင့် ကွယ်လွန်ပြီးတဲ့နောက်မှာလည်းပဲ ဒေါ်မစန်း ကိုယ်တိုင်ပဲ လယ်လုပ်နေသူဖြစ်ကြောင်း ထွက်ဆိုသွားပါတယ်။

လေလံတင်ရောင်းချသည့် ပစ္စည်းမှာ စာရင်းထဲမှာ မပါဝင်တဲ့ ပျဉ်းကတိုးသစ်များနဲ့ ပေပျဉ်များ မပါရှိဘဲနဲ့ အိမ်နောက်ဘေး ဝါးအဖီမှာထားတဲ့ (၅ x ၂) သစ်များနဲ့ (၃ x ၂)သစ်များ နောက် ပေပျဉ်များဟာလည်း အိမ်မကြီးနှင့်မဆိုင်ဘဲ သီးခြားဖြစ်တဲ့အကြောင်း၊ ဒီသစ်များဟာ ရောင်းချရန် ဝရမ်းတွင် ပါဝင်ခြင်းမရှိကြောင်းနှင့် ဒေါ်မစန်း ပိုင်အဖြစ် ကျန်ရှိသော ပစ္စည်းများမှာလည်းပဲ ဒီသစ်တွေဟာ မပါရှိတဲ့အတွက်ကြောင့် ဦးစိုးဝင်းထံ မှာ သစ်တွေပါသွားမည်ဖြစ်ကြောင်း၊ ကျွန်တော့်မှာ အပ်ထားတဲ့ ပစ္စည်းများအားလုံး စမ်းပိုင်းရွာမှာရှိတဲ့ ကျွန်တော့်နေအိမ်ကို သယ်ယူပြီးတော့ နွားတင်းကုပ်တွင်တစ်ချို့၊ အိမ်ပေါ်မှာ တချို့၊ သိမ်းဆည်းထားကြောင်း၊ ပျောက်ဆုံး၊ ပျက်စီးမှုရှိရင် ကျွန်တော့်မှာ တာဝန်ရှိပါတယ်လို့ ဥက္ကဋ္ဌက ထွက်ဆိုသွားပါတယ်။ တရားနိုင် ဦးစိုးဝင်း ကို ကျွန်တော်တို့ ဆက်လက်စစ်ဆေးတဲ့အခါမှာတော့ ယခုလက်ရှိ အုပ်ချုပ်ရေးမှူး ဖြစ်နေတဲ့ ရ.ယ.က ဥက္ကဋ္ဌ ဦးသိန်းထွန်း ဟာ မိမိရဲ့တူဝမ်းကွဲတော်စပ်ကြောင်း၊ အိမ်အပ်ပြီး (၂)လကြာမှ အိမ်ကို ဖျက်ယူပြီးတော့ ကျွန်တော့် အိမ်ခြံအတွင်း စပါးကျီအဖြစ် ဆောက်ခဲ့ကြောင်း၊ ခြံမြေမှာ (၀.၅၆)ဧကလို့ အမှုတွင် ပါသော်လည်းပဲ မူလပိုင်ရှင် အမည်ပေါက်မှာ ဒေါ်မစန်း ရဲ့ ဖခင် ဦးကံထွန်း အမည်ပေါက်ကြောင်း၊ ကျွန်တော်က ဒေါ်မစန်း ရဲ့ အိမ်တည်နေရာဖြစ်သော အလျား (၁၆၇)ပေနဲ့ အနံ(၄၆) ပေသာ သက်ဆိုင်ကြောင်းကို ဘီလစ်စာရေး ယာယီတာဝန်ထမ်းဆောင်တဲ့ အငယ်တန်းလက်နှိပ်စက် စာရေး ဒေါ်သင်းသင်းခိုင် ကို ပြောတဲ့အခါမှာ ရုံးစာမှာ (၀.၅၆)ဧကပါတယ်။ ကျန်တာကို ဦးစိုးဝင်း အနေနဲ့ အလကားပဲပေးပေး၊ အကုန်ပဲပေးပေးလို ပြောခဲ့တဲ့အကြောင်း၊ ကျွန်တော့်အနေအထားနဲ့ (၀.၅၆)ဧက ခြံကြီးမှာ အမွေဆိုင် ဖြစ်တဲ့အတွက် ခြံအတွင်းထဲမှာလည်း ဦးအောင်တင်စိန် မိသားစုနေအိမ်နှင့် ဦးစောဝင်းနိုင် မိသားစုနေအိမ်တို့ အိမ်နှစ်အိမ် ရှိနေတာကြောင့် ဒေါ်မစန်း အိမ်တည်နေရာ မြေကွက်ကိုသာ ပိုင်းဖြတ်ယူလိုခြင်း ဖြစ်တဲ့အကြောင်း၊ နောက် ဒေါ်မစန်း ရဲ့ အိမ်အကွက်လွတ်ကို (၈)သိန်းနဲ့ ဈေးခေါ်ရောင်းတာဟာ (၈)သိန်းတန်တယ်လို့ ယုံကြည်ပြီး ရောင်းချခြင်းဖြစ်ကြောင်း၊ မူလက အိမ်ရောခြံကိုပါ (၆)သိန်းတန်တယ် လို့ တန်ဖိုးဖြတ်တင်ပြခြင်းကတော့ ဒေါ်မစန်း တို့ ပြန်ယူမည်ထင်၍ ဈေးနှုန်းလျှော့၍ သတ်မှတ်ခဲ့ခြင်း ဖြစ်ပါတယ်။ ဒီထက်မကတန်တာ ကျွန်တော် သိပါတယ်လို့ ထွက်ဆိုထားတယ်။

အိမ်ပေါ်မှဆွဲချသော ပစ္စည်းများမှာ ဒေါ်မစန်း ပြန်မရသေးကြောင်း သိတဲ့ အကြောင်းနဲ့ ကိုးတဲကျေးရွာအုပ်စု ဥက္ကဋ္ဌ ဦးသိန်းထွန်း ထံမှာ ရှိမည်ထင်တဲ့အကြောင်း၊ နောက် ပျဉ်းကတိုး (၃x၂)၊ အရှည်(၁၂)တောင် (၁၂)ချောင်း၊ နောက် (၅x၂)သစ် အရှည်(၁၂)တောင် (၃)ချောင်း၊ ကုက္ကိုလ်ပေပျဉ် (၅)တောင် (၁၀)ချပ်တို့ဟာ အိမ်နောက်ဖေး အဖီထဲမှ ကျွန်တော်သယ်ယူတဲ့ အထဲမှာ ပါဝင်ပါတယ်။ သစ်တန်(၀.၂၅)တန်လောက် ရှိမည်ဖြစ်ပြီးတော့ ကုက္ကိုလ်ပေပျဉ်မှာ (၁)သောင်း (၅)ထောင်ကျပ်ခန့် တန်မည်ထင်ပါတယ်။ ပျဉ်းကတိုးသစ်များအတွက် ခန့်မှန်း(၁)သိန်းကျပ်ခန့် တန်မည်ထင်တယ်လို့ တရားနိုင်က အစစ်ခံ ထွက်ဆိုထားပါတယ်။ အဲဒီနေရာမှာ ရဲ ဒု-တပ်ကြပ် ရန်လင်းအောင် ကို စစ်တဲ့အခါမှာ ကျွန်တော်တို့ စိတ်ဝင်စားစရာအချက်တစ်ခု တွေ့ပါတယ်။ အဲဒါကတော့ ဘာလဲဆိုတော့ သူတို့ သွားတဲ့အခါမှာ ရ.ယ.ကဥက္ကဋ္ဌ ဦးသိန်းထွန်း မှာ လေးမျက်နှာမြို့သို့ သွားနေသဖြင့် ဒေါ်မစန်း ၏ အိမ်ပေါ်မှ ပစ္စည်းများ သယ်ချ၊ စုပုံပြီးချိန်မှ ရောက်ရှိလာပါသည်။ ရာအိမ်မှူး၊ ဆယ်အိမ်မှူးများ ရှိပါသည်လို့ ထွက်ဆိုပါသည်။ တရားနိုင် ဦးစိုးဝင်း လည်း မလှမ်းမကမ်းမှာ ရှိပါသည်။ ဦးစိုးဝင်း အိမ်နဲ့လည်း နီးပါသည်။ ထို့နောက် တရားရုံး အငယ်တန်း

လက်နှိပ်စက်စာရေး ဒေါ်သင်းသင်းခိုင် အပါအဝင် ကျွန်တော်တို့အားလုံး တရားနိုင် ဦးစိုးဝင်း အိမ်တွင် ထမင်းစားပြီး ပြန်ခဲ့ကြပါသည်။ ဒီလိုထွက်ဆိုပါတယ်။

နောက်မြေတိုင်းစာရေး ဦးနေလင်း ကတော့ (၁) ဒေါ်မစန်း ရဲ့ မြေနေရာ (၀.၅၆)ဧက ရှိ/မရှိဘဲ တိုင်းပေးခဲ့ရပါတယ်။ ဒေါ်မစန်းအိမ်ပေါ်မှ ပစ္စည်းများထုတ်ပြီး တာလမ်းဘေးမှာ စုပုံထားပြီး နောက်မှ ကျွန်တော်က ဝင်ရောက်တိုင်းတာခြင်း ဖြစ်ပါတယ်။ ခြံဝင်းအတွင်း အခြားအိမ်နှစ်လုံးလည်း ရှိပါတယ်။ မြေတိုင်းပြီး ကျွန်တော်အရင်ပြန်နှင့်ပါတယ်လို့ ထွက်ဆိုပါတယ်။ အဲဒီတော့ တိုင်လျှောက်သူ ဒေါ်မစန်းအား စစ်ဆေးတဲ့အခါမှာတော့ အမှုမှာ ရင်ဆိုင်နေခဲ့ရတဲ့ အကြောင်းအရာတွေလည်း ပြောပြပါတယ်။ တီဗွီ၊ စက်ဘီး၊ လှည်း၊ ဘီဒို၊ ကြောင်အိမ် အစရှိသော တန်ဖိုးရှိပစ္စည်းများ ယခုထိ ဘာမျှပြန်မရသေးကြောင်း ပြောပါတယ်။ အိမ်တန်ဖိုးဟာ ယခုဆောက်မည် ဆိုလျှင် ကျပ်(၂၅)သိန်း ထက်မနည်း ကုန်ကျမည်ဖြစ်ကြောင်းနဲ့ ပျဉ်ဦးကတိုးတိုင်၊ ပျဉ်ခင်း၊ သွပ်မိုး အဆောက်အဦး ဖြစ်ကြောင်း၊ ခြံချည်းသက်သက် ကျပ်(၁၀)သိန်းထက်မနည်းတန်ကြောင်း၊ ရုံးချိန်းတစ်လျှောက် လုံးမှာ (၇)မိုင်ခန့် ခရီးကို ခြေလျင်သာ သွားရောက်နိုင်ပါကြောင်း၊ နေစရာအိမ် မရှိတဲ့အတွက် ဉာဏ်ရည်မမှီသော သားတစ်ယောက်နှင့် အခြားသူများ၏အိမ်မှာ သွားရောက်နေထိုင်ရကြောင်း၊ ၎င်း ဆုံးရှုံးသွားသော ပစ္စည်းစာရင်းကို တင်ပြထားပြီးတော့ တန်ဖိုးအားဖြင့် ကျပ်သိန်း(၆၀)ခန့် ရှိကြောင်း တင်ပြအစစ်ခံပါတယ်။

နောက် ဒေါ်မစန်း ရဲ့ မောင်ဝမ်းကွဲတော်တဲ့ ငွေ(၅)သိန်း(၃)သောင်း အစားထိုးပြီး ပို့ပေးခဲ့တဲ့ ဦးထွန်းမြင့် ကို စစ်ဆေးတဲ့အခါမှာ အဓိကအားဖြင့် အမွေဆိုင်ခြံဖြစ်ကြောင်း၊ လယ်သမားပိုင်ဖြစ်ကြောင်း တို့ကို ကန့်ကွက်လွှာ တင်ခဲ့သော်လည်းပဲ အရာမရောက်ခဲ့တဲ့အကြောင်း၊ ဒေါ်မစန်းကိုယ်စား ညီအစ်ကိုမောင်နှမများက စိုက်သွင်းလိုက်လျှင် ပြီးသွားမည်ဖြစ်ကြောင်း၊ လေးမျက်နှာမြို့နယ် တရားသူကြီး ဒေါ်ခင်မေယု က ပြောတဲ့အတွက် မိမိနေထိုင်ရာ ကျောင်းစုရွာသို့ ချက်ချင်းပြန်ပြီး ငွေရှာချေးငှားပြီးတော့ ကိုယ်တိုင် တရားရုံးသို့ သွားရောက်ပေးဆပ်ခဲ့ကြောင်း၊ သက်သေအဖြစ် တစ်ရွာတည်းနေ ဦးဝင်းနိုင် အတူ ပါရှိပြီးတော့ တရားသူကြီး ဒေါ်ခင်မေယု က အိမ်ခြံအတွက် နောက်ထပ် ဘာမျှမဖြစ်တော့ပါဘူး ဟု ပြောကြောင်း၊ နောက် ရက်အတော်ကြာတဲ့ အခါမှာ အစ်မဖြစ်သူ ဒေါ်မစန်း လယ်ထဲမှပြန်လာတဲ့အခါ အိမ်ပေါ်အတက်မှာ စာရွက်လိပ်(၁)လိပ်တွေ့တော့ ယခင် တစ်ကြိမ်တုန်းကလိုပဲ ဝရမ်းကပ်ထားသည့်စာမျိုး ဖြစ်နေတဲ့အတွက်ကြောင့် လေးမျက်နှာ တရားရုံးသို့ ချက်ချင်းသွားပြီး မြို့နယ်တရားသူကြီး ဒေါ်ခင်မေယု ကို ပြောတဲ့အခါမှာ ဟင်္သာတခရိုင်တရားရုံး အမိန့်ကြောင့်လို့ ပြောတဲ့အကြောင်း၊ ၎င်းက ငွေပြန်ပေးပါလို့ တောင်းတဲ့အခါကျတော့ တရားသူကြီးက ရုံးစာပြန်တင်ပါလို့ ပြောတဲ့အတွက် နောက်နေ့မှာ အဆိုပါ ဒေါ်မစန်း အိမ်နှင့် ခြံမြေကို ကျွန်တော်က စိုက်သွင်း၍ ဝယ်ယူပြီးကြောင်း ရုံးတော်မှာလည်း အခိုင်အမာ ပြောဆို၍ တရားသူကြီး ဒေါ်ခင်မေယု အာမခံချက်ဖြင့် ပေးအပ်ခဲ့ပြီးကြောင်း စာတင်ပေးခဲ့ပါတယ်။

အဲဒီလို စာတင်ခဲ့ပြီးနောက် (၇)ရက်အကြာမှာ စာလာတင်ရန် လေးမျက်နှာတရားရုံးက ထပ်မံအကြောင်းကြားတဲ့အတွက် ကျွန်တော်သွားရောက်ပြီး ယခင် စာတင်ထားပြီးကြောင်း ပြောရာမှာ တရားသူကြီး ဒေါ်ခင်မေယု ပြောင်းသွားပြီဖြစ်ကြောင်း၊ နောက် ရောက်လာတဲ့ တရားသူကြီး

ဒေါ်စန်းစန်းဌေး က အရင်တရားသူကြီးထံ တင်ပြထားသည်ကို ကိုင်မည်မဟုတ်ကြောင်း၊ ရုံးစာရေးမ မသွင်သွင်စိန် က ပြောသဖြင့် ထပ်မံ၍ အကြောင်းချင်းရာများကို ရေးသားတင်ပြခဲ့သော်လည်း မအောင်မြင်ဘဲ တရားသူကြီးအသစ် ဒေါ်စန်းစန်းဌေး က တရားခွင်ကနေပြီးတော့ ဒေါ်မစန်း အတွက် ဦးထွန်းမြင့် စိုက်သွင်းထားသော ငွေကျပ်(၅)သိန်း(၃)သောင်းကို ကိုယ့်ဘာသာကိုယ် ပြန်ဆပ်လိုက်တော့ ဟု ပြောပါသည် စသဖြင့် ထွက်ဆိုထားပါတယ်။ အိမ်အပ်ဝရမ်းအတည်ပြုသည့်နေ့က အဖြစ်အပျက်များနဲ့ အိမ်ပြင်ရန် ဝယ်ယူထားတဲ့ ငွေကျပ်(၄)သိန်းဖိုးလောက်ရှိတဲ့သစ်တွေလည်း ဦစိုးဝင်း တို့ ယူသွားကြောင်း အစစ်ခံ ထွက်ဆိုထားပါတယ်။ ဒါ ကျွန်တော်တို့ သက်သေတွေရဲ့ ထွက်ဆိုချက်တွေ တင်ပြခြင်းဖြစ်ပါတယ်။

ကွင်းဆင်းစစ်ဆေးချက်များအပေါ်မှာ ကျွန်တော်တို့ ပဏာမ တွေ့ရှိစိစစ်၊ သုံးသပ်ချက် တင်ပြလိုပါတယ်။ လွှတ်တော်ကို လေးစားစွာ တင်ပြလိုပါတယ်။ တိုင်ကြားစာမှာ ကျွန်တော်တို့ အပိုဒ်(က)မှာ တိုင်ကြားစာမှာ ဖော်ပြထားချက်များနဲ့ ကွင်းဆင်းစစ်ဆေးတွေ့ရှိချက်အရ မြေပြင် ပကတိ ဖြစ်ရပ်အချို့ ကွဲလွဲမှုရှိတာ တွေ့ရပါတယ်။ အပိုဒ်(ခ)အရ တိုင်ကြားစာမှာ ပါသလို ငွေရှင်နဲ့ ငွေချေးသူ ဦးစိုးဝင်း က အခြားသူများကို ငွေတိုးနှင့် ချေးပေးရာမှာ တိုင်လျှောက်သူ ဒေါ်မစန်း ရဲ့ ခင်ပွန်း ဦးဖိုးပြုံး(ကွယ်လွန်)က အာမခံပေးခဲ့မိရုံ သက်သက်မျှမဟုတ်ဘဲနဲ့ ဒေါ်မစန်း ရဲ့ ခင်ပွန်း ဦးဖိုးပြုံး ကိုယ်တိုင် ဦးစိုးဝင်း ထံမှ တိုက်ရိုက်ငွေတိုးဖြင့် ချေးယူပြီးတော့ ဦးဖိုးပြုံး မကွယ်လွန်မီ အခြားပုဂ္ဂိုလ် ဦးမောင်စစ်၊ ဦးလှကံ စသူတို့အား တစ်ဆင့်ပြန်လည်ချေးပေးခဲ့ခြင်းဖြစ်ကြောင်းနဲ့ မူလငွေရှင် ဦးစိုးဝင်း နဲ့ နောက်ဆုံး ငွေချေးယူထားသူ ဦးမောင်စစ် နှင့် ဦးလှကံ တို့ တိုက်ရိုက် ဆက်သွယ်မှု မရှိကြောင်း တွေ့ရပါတယ်။

အပိုဒ်(ဂ) ဒါပေမယ့်လို့ တိုင်ကြားစာပါ အခင်းဖြစ် အကြောင်းအချင်းအရာ ဖြစ်စဉ် တစ်လျှောက် စိစစ်တွေ့ရှိချက်အရ တိုင်ကြားသူ ဒေါ်မစန်း ဟာ တည်ဆဲဥပဒေများရဲ့ ကာကွယ် စောင့်ရှောက်မှု အပြည့်အဝ မရခဲ့ကြောင်း၊ တစ်နည်းဆိုသော် ဥပဒေနဲ့မညီတဲ့ နစ်နာဆုံးရှုံးမှုများ အမှန်ရှိခဲ့ကြောင်း စိစစ်တွေ့ရှိရပါတယ်။

အပိုဒ်(ဃ) တရားရုံးများရဲ့ တရားစီရင်မှု အရည်အသွေးနဲ့ စီမံခန့်ခွဲမှု အားနည်းခြင်းများ ကြောင့် အမှုသည် အထူးသဖြင့် ဆင်းရဲနွမ်းပါးသူတို့ နစ်နာကြရကြောင်းနဲ့ အဆိုပါ နစ်နာမှု တိုင်ကြား ချက်များအပေါ် တာဝန်ရှိအဆင့်မြင့် တရားရေးမဏ္ဍိုင်တို့က အလေးအနက်ထား စိစစ်၊ တည့်မတ်၊ လမ်းညွှန်မှု အားနည်းလျက်ရှိကြောင်း ပဏာမအားဖြင့် စိစစ်တွေ့ရှိချက်ကို သုံးသပ် တင်ပြအပ်ပါတယ်။ နောက်ပိုင်းကို ဥက္ကဋ္ဌက ဆက်လက်ဖတ်ကြားပါမယ်။ ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၄း၁၅။**

**ဥက္ကဋ္ဌ။** ။ အစည်းအဝေးကို (၁၅)မိနစ် ခေတ္တရပ်နားပါမယ်။

**အချိန်၊ ၁၄း၁၅။**

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီး ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး**။ ။ အားလုံးပြန်လည်ထွက်ခွာနိုင်ပါပြီ။

[အစည်းအဝေးကို (၁၄း၁၅) နာရီအချိန်တွင် ခေတ္တရပ်နားပြီး (၁၄း၃၅) နာရီအချိန်တွင် ပြန်လည်ကျင်းပပါသည်။]

**အချိန်၊ ၁၄း၃၅။**

**အခမ်းအနားမှူး**။ ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ အစည်းအဝေး ပြန်လည်စတင်တော့မှာ ဖြစ်ပါတယ်။

**အခမ်းအနားမှူး**။ ။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ကြွရောက်လာပါပြီ ခင်ဗျား။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ သည် ဥက္ကဋ္ဌအတွက် သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**အခမ်းအနားမှူး**။ ။ အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

**အချိန်၊ ၁၄း၃၅။**

**ဥက္ကဋ္ဌ**။ ။ ပြည်သူတို့၏ တိုင်ကြားစာနှင့် အသနားခံစာဆိုင်ရာကော်မတီက ဆက်လက် ရှင်းလင်းတင်ပြဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၄း၃၅။**

**ဦးအောင်ငြိမ်း၊ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနဲ့တကွ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ မင်္ဂလာပါလို့ ဦးစွာနှုတ်ခွန်းဆက်သ ဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)မှ ဦးအောင်ငြိမ်း ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ပြည်သူတို့ရဲ့ တိုင်ကြားစာနှင့် အသနားခံစာဆိုင်ရာကော်မတီ ရဲ့ ဥက္ကဋ္ဌတာဝန်ယူ ဆောင်ရွက်နေသူလည်း ဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်အနေနဲ့ ဧရာဝတီတိုင်းဒေသကြီး၊ ဟင်္သာတခရိုင်၊ လေးမျက်နှာမြို့နယ်၊ ကိုးတဲကျေးရွာအုပ်စု၊ ကျောင်းစုရွာမှ ဒေါ်စန်း ရဲ့ တိုင်ကြားစာနဲ့ ပတ်သက်ပြီး ကွင်းဆင်းစစ်ဆေးတွေ့ရှိချက်များအပေါ် အမှုစစ် တရားသူကြီးများအား စစ်ဆေးချက်နှင့် ပတ်သက်၍ သုံးသပ်တင်ပြချက်၊ တရားစီရင်မှုဆိုင်ရာ စစ်ဆေးတွေ့ရှိချက်၊ တရားစီရင်ရေးဆိုင်ရာ ဆုံးဖြတ်ချက်များအပေါ် ကောက်နှုတ်တင်ပြချက်၊ နစ်နာသူ ဒေါ်မစန်း အနေဖြင့် ဥပဒေ၏ အကာအကွယ်ကို မရရှိခဲ့သောအချက်များ အနှစ်ချုပ်၊ ဒေါ်မစန်း နစ်နာဆုံးရှုံးမှုအပေါ် လတ်တလော ဖြေရှင်းဆောင်ရွက်ပေးသင့်သောအချက်များ၊ နိဂုံးချုပ် အကြံပြုချက် စသည့်အချက်များကို ဆက်လက် ဖတ်ကြား ရှင်းလင်းတင်ပြမှာ ဖြစ်ပါတယ်။

ပထမဦးစွာ အမှုစစ်တရားသူကြီးများအား စစ်ဆေးချက်နှင့် ပတ်သက်ပြီးတော့ သုံးသပ် တင်ပြချက်ကို တင်ပြပါမယ်။ လေးမျက်နှာမြို့နယ်တရားရုံးနှင့် ဟင်္သာတခရိုင်တရားရုံးများမှာ ဒေါ်မစန်း အမှုကို ကိုယ်တိုင်စစ်ဆေးခဲ့ကြတဲ့ ယခင် တရားသူကြီးများအဖြစ် တာဝန်ထမ်းဆောင်ခဲ့ ကြသော တရားသူကြီး(၄)ဦးကို နေပြည်တော် အမျိုးသားလွှတ်တော်ရုံးသို့ ဖိတ်ခေါ်စိစစ်မေးမြန်းခဲ့ ပါတယ်။ ၎င်းတို့ရဲ့ ထွက်ဆိုချက်များအပေါ် သုံးသပ်တွေ့ရှိချက်များကတော့ ဒေါ်မစန်း အမှု၊

တရားမဇာရီ အယူခံကို ဆုံးဖြတ်ခဲ့တဲ့ ဟင်္သာတခရိုင် တရားသူကြီး ဦးမြင့်ဌေး ရဲ့ အပေါ်မှာ လေးမျက်နှာတရားရုံးက ဇာရီမှုအမှတ်၊ ၇/၂၀၁၀ တွင် ဒီကရီကျငွေ၏ထက်ဝက်ကို တရားရှုံး ဒေါ်မစန်း က တာဝန်ကျေ ပေးဆောင်ပြီးဖြစ်၍ ကျန်တစ်ဝက်ကို အမှတ်(၂)တရားရှုံး ဦးမောင်စစ် အပေါ် အတည်ပြုရန် ၂၀-၁၀-၂၀၁၀ ရက်နေ့တွင် ချမှတ်ခဲ့သော မြို့နယ်တရားရုံးအမိန့်ကို ပယ်ဖျက်ခဲ့သည့် ထိုစဉ်က ဟင်္သာတခရိုင်တရားသူကြီးပဲ ဖြစ်ပါတယ်။

ဒေါ်မစန်း အပေါ် အတည်ပြုတဲ့ ဒီကရီဟာ ဟင်္သာတခရိုင်တရားရုံး၏ တရားမ အယူခံမှု အမှတ်၊ ၁၉/၂၀၀၉ အမှုမှာ ၁၃-၁-၂၀၁၀ ရက်နေ့ ချမှတ်သော အမိန့်ဒီကရီဖြစ်ပါတယ်။ အမိန့်မှာ (၁)တရားပြိုင် ဒေါ်မစန်း နှင့် (၂)တရားပြိုင် ဦးမောင်စစ် တို့သည် တရားလို ဦးစိုးဝင်း သို့ ငွေကျပ် (၁၂)သိန်း (၂)သောင်း ပေးဆပ်ရန် ချမှတ်သည့် ဒီကရီအစား ငွေကျပ်(၁၀)သိန်း (၅)သောင်းကို စရိတ်နှင့်တကွ ပေးဆပ်စေရန် ဖြစ်ပါတယ်။

စိစစ်တွေ့ရှိချက်ကို တင်ပြရမယ်ဆိုရင် အတည်ပြုသောဒီကရီမှာ တရားရှုံးနှစ်ဦးစလုံး ဒေါ်မစန်း နှင့် ဦးမောင်စစ် တို့အပေါ်တွင် တာဝန်ရှိကြောင်း၊ အတိအလင်း ပြဋ္ဌာန်းပြီးဖြစ်သည့်အပြင် ဒီကရီကျငွေ၏ ထက်ဝက်ကို (၁)တရားရှုံး ဒေါ်မစန်း က တာဝန်ကျေ ပေးဆပ်ပြီးဖြစ်၍ ကျန်ထက်ဝက်ကို (၂)တရားရှုံး ဦးမောင်စစ် အပေါ် ဆက်လက်အတည်ပြုမည်ဖြစ်ကြောင်း၊ မူလမြို့နယ်ရုံး အမိန့်ကို ပယ်ဖျက်လိုက်ခြင်းကြောင့် (၂)တရားရှုံး ဦးမောင်စစ်မှာ အမှုပါတာဝန်မှ လုံးဝကင်းလွတ်ခွင့် ရရှိစေပြီး ဒေါ်မစန်းအတွက် အတိုင်းအဆမျှားစွာ နစ်နာစေခဲ့သော အခြေခံအကြောင်းရင်း ဖြစ်နေကြောင်း တွေ့ရှိရပါတယ်။

ဒါ့အပြင် မူလ ရုံးဇာရီအမှုတွဲ၊ နေ့စဉ်မှတ်တမ်းအရ တရားနိုင် ဦးစိုးဝင်း က ကျေနပ်လက်ခံပြီး အယူခံမတက်ခဲ့တဲ့ ၂၅-၃-၂၀၁၀ ရက်စွဲပါ အမိန့်အရ ဒီကရီကျငွေထက်ဝက်ကို (၁)တရားပြိုင် ဒေါ်မစန်း ပေးဆပ်ရန် အမိန့်မှာ အတည်ဖြစ်လျက်ရှိပါတယ်။ တစ်ခါ ၂၂-၄-၂၀၁၀ နေ့စဉ် မှတ်တမ်းမှာလည်း (၂)တရားရှုံး ဦးမောင်စစ် မှာ ရုံးခေါ်စာ အတည်ဖြစ်သော်လည်း လာရောက်ခြင်း မရှိသဖြင့် ၎င်းအပေါ် ဆက်လက် ဇာရီအတည်ပြုရန် (၂)တရားရှုံး ဦးမောင်စစ် နေထိုင်ရာ အင်္ဂပူရုံးသို့ (၁)တရားရှုံး ဒေါ်မစန်း အပေါ် အတည်ပြုပြီးမှ လွှဲပြောင်းပေးမည်ဟု မှတ်ချက်ချထားပြီးကြောင်းလည်း တွေ့ရပါတယ်။

၎င်းအမိန့်နဲ့ ဆီလျော်တဲ့ နောက်ဆုံးအမိန့်ဖြစ်တဲ့ (၂)တရားရှုံး ဦးမောင်စစ် အပေါ် ဆက်လက်အတည်ပြုမည့် အမိန့်ကို ပယ်ဖျက်လိုက်သည့်အတွက် လွန်ခဲ့သော(၇)လခန့်က တရားနိုင် ဦးစိုးဝင်း ကိုယ်တိုင် အယူခံဝင်ရောက်ခဲ့ခြင်း မရှိသည့်အမိန့်ကိုပါ ဆန့်ကျင်အကျိုး သက်ရောက်စေခြင်းဖြင့် (၁)တရားရှုံး ဒေါ်မစန်း အပေါ် ထိခိုက်နစ်နာစေခဲ့ကြောင်း တွေ့ရှိရပါတယ်။ တရားသူကြီး ဦးမြင့်ဌေး ကိုယ်တိုင်က အယူခံရုံး တရားသူကြီးအနေဖြင့် အမှုတွဲတစ်ခုလုံးကို စိစစ်လေ့လာရပါသည်ဟု ထွက်ဆိုသော်လည်းပဲ ဆောင်ရွက်တဲ့နေရာမှာ တကယ် ဆောင်ရွက်တဲ့နေရာမှာ လစ်ဟာခဲ့ကြောင်း တွေ့ရှိရပါတယ်။

၎င်းအား စစ်မေးစဉ် ဇာရီ အတည်ပြုလုပ်သော တရားမအယူခံမှုအမှတ်၊ ၁၉/၂၀၀၉ အမိန့်မှာ မူလရုံးက တရားပြိုင်နှစ်ဦးစလုံး ဒေါ်မစန်း နှင့် ဦးမောင်စစ် တို့အပေါ် ချမှတ်သည့် ဒီကရီ အတိုင်း အတည်ပြုရမည် ဖြစ်ပေသည်။ (၂)တရားပြိုင်အား ဖယ်ထုတ်ရန် အကြောင်းမရှိ ဟု ပါရှိ

သည်မှာ မှန်ကန်ကြောင်းလည်း ဖြေဆိုထားပါတယ်။ သို့ရာတွင် ၎င်း၏အမိန့်အရပဲ (၂)တရားပြိုင် ဦးမောင်စစ် အား အမှုပါ ဒီကရီကျငွေမှ လုံးဝကင်းလွတ်သွားစေခဲ့ကြောင်း တွေ့ရပါတယ်။

ဆက်လက်ပြီး လေးမျက်နှာတရားရုံးမှာ ဒေါ်မစန်း အမှုကို မူလတရားမကြီးမှုအမှတ်၊ ၂၃/၂၀၀၉ ကို ပြီးဆုံးသည်အထိနှင့် ဇာရီမှုမှာ ဒေါ်မစန်း၏ အိမ်နှင့်မြေအား လေလံတင် ရောင်းချရန် အရောင်းကြော်ငြာ ထုတ်သည်အထိ တာဝန်ယူ စစ်ဆေးခဲ့တဲ့ တရားသူကြီး ဒေါ်ခင်မေယု ကို စစ်ဆေးတဲ့အခါမှာတော့ စိစစ်တွေ့ရှိချက်အနေနဲ့ မူလအမှုမှာ အရင်းငွေကျပ်(၇)သိန်းအတွက် (၁၂)သိန်း (၂)သောင်းပေးဆပ်စေရန် ချမှတ်ခဲ့သည်မှာ တည်ဆဲဥပဒေ၊ တရားမကျင့်ထုံးဥပဒေ၊ တရားရုံး လက်စွဲတို့နှင့် ညီညွတ်မှုမရှိသည်ကို တွေ့ရပါတယ်။ ယင်းအမိန့်ကို ဟသ်ာတခရိုင်ရုံး ကလည်း ပြင်ဆင်ခဲ့ပါတယ်၊ ဟသ်ာတခရိုင်ရုံးရဲ့ ထပ်မံပြင်ဆင်ခဲ့သော အမိန့်မှာလည်းပဲ ဥပဒေ များနှင့် တိကျညီညွတ်သည်ဟု မဆိုနိုင်သည်များလည်း တွေ့ရပါတယ်။ ဥပဒေပြဋ္ဌာန်းချက်များကို နောက်ဆက်တွဲ(ခ)ဖြင့် တင်ပြအပ်ပါတယ်။

ဒီနေရာမှာ နောက်ဆက်တွဲ(ခ)ကို အကျဉ်းချုံးတင်ပြရမယ်ဆိုရင် ကျွန်တော်တို့ တရားမ ကျင့်ထုံးဥပဒေပုဒ်မ ၃၄(ခ)အရ တရားရုံးများ၌ ငွေတိုးချေးစားမှုကို အတိုးတွက်ချက်ဆုံးဖြတ်ခွင့် ပေးနိုင် သော်လည်းပဲ တရားရုံးလက်စွဲ အပိုဒ် ၁၇၃ မှာ တရားမကျင့်ထုံးပုဒ်မ ၃၄ အရ ဒီကရီအနိုင် ရသူတို့သို့ ခွင့်ပြုသည့် ရုံးအတိုးနှုန်းကို သာမန်အားဖြင့် ငွေ(၁၀၀)ကျပ်လျှင် (၉)ကျပ်နှုန်း သို့မဟုတ် ၎င်းနှုန်းထက်လျော့သည့် ပဋိညာဉ်တွင် အတိအလင်းသော်လည်းကောင်း သဘောသက်ရောက်ခြင်း ဖြင့်သော်လည်းကောင်း ပါရှိသောနှုန်းအတိုင်း သတ်မှတ်ရမည်ဟု ဖော်ပြထားပါတယ်။ ဇာရီမှုကို ဆောင်ရွက်ရာမှာ တရားရှုံးနှစ်ဦးလုံး ဒေါ်မစန်း နှင့် ဦးမောင်စစ် တို့ အပေါ် အတည်ပြုရေးဆောင်ရွက် ရာမှာ သာ/နာညီမျှမှုနှင့် တရားမျှတမှု ရှိကြောင်းလည်း တွေ့ရှိရပါတယ်။

သို့ရာတွင် တရားရှုံးဒေါ်မစန်းရဲ့ နေအိမ်နှင့်မြေအား ကြမ်းခင်းဈေး သတ်မှတ်ရာမှာ တရားရှုံး ဒေါ်မစန်း ၏ မျက်ကွယ်တွင် ရယကဥက္ကဋ္ဌတစ်ဦးတည်းရဲ့ ထွက်ဆိုချက်ကိုသာ ရယူပြီး မရွှေ့မပြောင်းနိုင်သော ပစ္စည်းများနှင့် ပတ်သက်၍ ဒီကရီအတည်ပြုရာတွင် အလေးအနက် လိုက်နာရန် ပြဋ္ဌာန်းထားသော တရားမကျင့်ထုံးအမိန့်၊ ၂၁၊ နည်းဥပဒေ ၁၃ တို့ကို လိုက်နာရန် ပျက်ကွက်ခြင်း တို့ကြောင့် တရားရှုံး ဒေါ်မစန်း အနေဖြင့် နစ်နာမှုများ ဖြစ်စေခဲ့ကြောင်း တွေ့ရ ပါတယ်။ ဒီနေရာမှာ တရားနိုင် ဦးစိုးဝင်း က အိမ်ဖျက်ယူပြီး မြေကွက်လွတ်ကို ရောင်းချရာမှာလည်း ငွေကျပ်(၈)သိန်း ရရှိခဲ့ပါတယ်။

နောက်ဆက်လက်ပြီးတော့ (၁)တရားရှုံးဒေါ်မစန်းနဲ့ အိမ်နှင့်ခြံကို တရားနိုင်ဦးစိုးဝင်းက ဒီကရီကျငွေ ခုနှိမ်ဝယ်ယူခွင့် ပြုသည်မှစပြီးတော့ တရားနိုင် ဦးစိုးဝင်း သို့ အိမ်အပ်ဝရမ်းဖြင့် လက်ရောက်အပ်ပေးခဲ့တဲ့ တရားသူကြီး ဒေါ်စန်းစန်းဌေး ကို စစ်ဆေးတဲ့အခါမှာ စိစစ်တွေ့ရှိချက် အနေနဲ့ ဒေါ်စန်းစန်းဌေး ရဲ့ ထွက်ဆိုချက်အရ တရားရှုံး ဒေါ်မစန်း ၏ အိမ်နှင့်ခြံကို ဒုတိယအကြိမ် ဝရမ်းကပ် လေလံတင်ရောင်းချပြီးနောက် ၁၄-၃-၂၀၁၁ ရက်နေ့တွင် ဒေါ်မစန်း၏ မောင်ဝမ်းကွဲ (ဦးထွန်းမြင့်)က ပထမအကြိမ် ဝရမ်းကပ်စဉ်က ဒီကရီကျငွေအတွက် ၎င်းအနေဖြင့် ပေးသွင်းခဲ့ပြီး ဖြစ်သဖြင့် အိမ်နှင့် မြေမှာ မိမိနှင့်သာ သက်ဆိုင်ပြီး ဒေါ်မစန်း နှင့် မဆိုင်သောကြောင့် တင်ပြ ကန့်ကွက်မှုအပေါ် လေလံတင်ရောင်းချပြီးဖြစ်၍ ဝရမ်းခွာပေးရန် လျှောက်ထားခွင့် မရှိတော့

ကြောင်းဖြင့် တရားမအထွေထွေအမှု(၁/၂၀၁၁)ကို ပိတ်သိမ်းပြီး ဆက်လက်ဆောင်ရွက်ခဲ့ကြောင်း တွေ့ရပါတယ်။ ရောင်းချပြီးဖြစ်သည့်အတွက် ရောင်းချပြီး (၁)လအတွင်း ရောင်းချမှု ပယ်ဖျက်ပေးရေး လျှောက်ထားရန် အသိပေးညွှန်ကြားခဲ့ခြင်း မပြုဘဲ ဆောင်ရွက်ခဲ့သည်မှာ သာမန်ပြည်သူပြည်သား များအား တရားဥပဒေပါ အခွင့်အရေးကို အသိပေးစောင့်ရှောက်ခြင်း အားနည်းကြောင်း တွေ့ရ ပါတယ်။

မရွှေ့မပြောင်းနိုင်သောပစ္စည်း အပ်ဝရမ်း အတည်ပြုရာတွင် ဘီလစ်စာရေးကိုသာ ဆောင်ရွက်စေခွင့်ရှိသည်မှာ မှန်ကန်ကြောင်း ထွက်ဆိုသော်လည်းပဲ ဘီလစ်စာရေး ဒေါ်လင်းလင်းချစ် ရှောင်တခင်ခွင့်(၃)ရက်ယူသည့် ကာလအတွင်း အငယ်တန်းလက်နှိပ်စက်စာရေး ဒေါ်သင်းသင်းခိုင် အား နှုတ်မိန့်ဖြင့် စေခိုင်းခဲ့ခြင်း၊ တရားနိုင် ဦးစိုးဝင်း သို့ လွှဲအပ်ပေးရာတွင် မပါသော သစ်ခွဲသား များကိုပါ မှားယွင်းပေးအပ်ခဲ့ခြင်းများ ပေါ်ပေါက်သဖြင့် ဒေါ်မစန်း အား နစ်နာစေမှုများ ဖြစ်ပေါ် စေခဲ့ပါတယ်။ ဒီနေရာမှာ ကျွန်တော် တရားရုံးချုပ်နှင့် တရားရုံးအဆင့်ဆင့်ရှိ အရာထမ်း၊ အမှုထမ်း တစ်ဦးချင်း၏ လုပ်ငန်းတာဝန်များကို နောက်ဆက်တွဲ(ဂ)ဖြင့် တင်ပြထားပါတယ်။ နောက်ဆက်တွဲ (ဂ) ရဲ့ အကျဉ်းကို တင်ပြရရင် ၁၉၉၉ ခုနှစ်၊ စက်တင်ဘာလ(၁၈)ရက်စွဲပါ ထုတ်ပြန်ထားတဲ့ တရားရုံးချုပ်နှင့် တရားရုံးအဆင့်ဆင့်ရှိ အရာထမ်း၊ အမှုထမ်းများ တစ်ဦးချင်းရဲ့ လုပ်ငန်းတာဝန် များမှာ အငယ်တန်းလက်နှိပ်စက်စာရေးရဲ့ လုပ်ငန်းတာဝန်တွင် ဘီလစ်တာဝန် ထမ်းဆောင်ရန် တာဝန်ပေးမထားပါဘူး။ အငယ်တန်းလက်နှိပ်စက်ရဲ့ လုပ်ငန်းတာဝန်တွေက မြို့နယ်တရားရုံးရဲ့ ဝင်စာ၊ ထွက်စာတွေကို အားလုံးကို ရိုက်ပေးရပါတယ်။ အထက်အရာရှိများက တာဝန်ပေးအပ်သော အခြား တာဝန်များကို ဆောင်ရွက်ခြင်း၊ ဒါ တာဝန်ပေးထားတာ တွေ့ရပါတယ်။ အခြားတာဝန် ဆိုသည်မှာလည်းပဲ ကျွန်တော်တို့ အခြားသော ရုံးလုပ်ငန်းများ၊ အခြားသော သန့်ရှင်းရေးလုပ်ငန်း များကို ဆိုလိုခြင်းပဲ ဖြစ်ပါတယ်။ ကွင်းဆင်းသွား ရောက်စစ်ဆေးစဉ် မြင်တွေ့ခဲ့ရသည်များအရ ယခု အချိန်အထိ တရားရှုံးဒေါ်မစန်းပိုင် ပစ္စည်းများမှာ ၎င်း၏ လက်ဝယ်သို့ မရောက်ရှိသေးဘဲ ကျေးရွာ အုပ်စုအုပ်ချုပ်ရေးမှူး ဦးသိန်းထွန်း ၏ နေအိမ်တွင် တီဗွီကဲ့သို့သော ပစ္စည်းများ၊ ပျက်စီးဆုံးရှုံး စေမည့် စုပုံထားရှိသည့်အခြေအနေများကို တွေ့ရှိခဲ့ရပါတယ်။

ဆက်လက်ပြီးတော့ ဟင်္သာတခရိုင်တရားရုံး အယူခံတရားလိုဒေါ်မစန်းနှင့် အယူခံတရား ပြိုင်များဖြစ်သော ဦးစိုးဝင်း နှင့် ဦးသစ္စာ(ခ)ဦးမောင်စစ် တို့ရဲ့ အယူခံမှုအမှတ်၊ ၃၉/၂၀၀၉ ကို ကြားနာစစ်ဆေးခဲ့တဲ့ တရားသူကြီး ဒေါ်အေးသိန်း ကို ဆက်လက်စိစစ်တဲ့အခါမှာတော့ စိစစ် တွေ့ရှိချက်အနေနဲ့ မူလရုံးက အရင်းငွေကျပ်(၇)သိန်းအပေါ် အတိုး(၅)သိန်း (၂)သောင်းကျပ် ချမှတ် ထားသည်မှာ အတိုးများနေကြောင်း သုံးသပ်ပြီး တရားရုံးက အတိုးခံစားခွင့်ပြုနိုင်သည်မှာ (၁)နှစ်လျှင် (၉)ရာခိုင်နှုန်း အတိုးသာဖြစ်ကြောင်း ဖော်ပြထားပြီးမှ မိမိကိုယ်တိုင်က လယ်ပြန်ငွေပြန်အရ အောက်ခြေတွင် ညှိနှိုင်းဖူးသည်ကို ထောက်ပြီးတော့ အတိုး(၃)သိန်း (၅)သောင်းကျပ် သတ်မှတ်ပြီး (၁၀)သိန်း (၅)သောင်းကျပ် ပေးစေရန် ဆုံးဖြတ်ခဲ့သည်မှာ မိမိရည်ညွှန်းသော တရားမကျင့်ထုံး ဥပဒေ ပုဒ်မ ၃၄ နှင့် တရားရုံးများလက်စွဲ အပိုဒ် ၁၇၃ တို့နှင့် ကိုက်ညီမှု မရှိတော့ဘဲ ဒေါ်မစန်း အပေါ် နစ်နာမှုဖြစ်သည်ကို တွေ့ရှိရပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ တရားစီရင်မှုဆိုင်ရာ စိစစ်တွေ့ရှိချက်များကို ဆက်လက် တင်ပြပါမယ်။ လေးမျက်နှာတရားရုံး မူလတရားမကြီးမှုအမှတ်၊ ၂၃/၂၀၀၉၊ ၂၉-၁၀-၂၀၀၉ စီရင်ချက်မှာ တရားမကျင့်ထုံးဥပဒေ ပုဒ်မ ၃၄ နှင့် တရားရုံးများလက်စွဲ အပိုဒ် ၁၇၃ တို့အရ တရားရုံးများက အတိုးသတ်မှတ်ပေးရာတွင် (၁)နှစ်လျှင် (၉)ရာခိုင်နှုန်းထက် မပိုရကြောင်း ရည်ညွှန်း ကိုးကားပြီး အရင်းငွေကျပ်(၇)သိန်းအတွက် အတိုးအရင်းပေါင်း (၁၂)သိန်း (၂)သောင်း ပေးဆပ်စေရန် ဆုံးဖြတ်ခဲ့ကြောင်း စိစစ်တွေ့ရှိရပါတယ်။

တစ်ခါ ဟသ်ာတခရိုင်တရားရုံးကလည်းပဲ တရားမအယူခံမှုအမှတ်၊ ၃၉/၂၀၀၉၊ ၁၃-၁-၂၀၁၀ စီရင်ချက်မှာ အရင်းငွေကျပ်(၇)သိန်းအပေါ် အတိုးငွေကျပ်(၃)သိန်း(၅)သောင်း ပေးဆောင်ခြင်းသည်သာ တရားမျှတမှန်ကန်သည် ဟု သုံးသပ်ထားကြောင်းလည်း စိစစ်တွေ့ရှိရပါသည်။ တရားမဥပဒေအရ အများဆုံးတစ်နှစ် (၉)ရာခိုင်နှုန်းအတိုးဖြင့် အရင်း(၇)သိန်းအတွက် (၁၃)လ အပေါ် အပြည့်အဝတွက်လျှင်ပင် စုစုပေါင်း အတိုးကျသင့်ငွေမှာ (၆၈၂၅၀)ကျပ်သာ ရှိပါတယ်။ ချေးငွေကို အကြိမ်ကြိမ် အရစ်နှင့် ချေးပေးထားခဲ့ရာ ငွေချေးကာလအလိုက် တွက်ချက်မယ်ဆိုလျှင် (၅၀၂၅၀)ကျပ်သာ ရှိပါတယ်။

အဆိုလွှာအရ ကျွန်တော်တို့သိရတာကတော့ ၃၀-၄-၂၀၀၈ ရက်(ဗုဒ္ဓဟူးနေ့)မှာ (၁)သိန်း၊ ၁၀-၅-၂၀၀၈ ရက်(စနေနေ့)မှာ (၅)သိန်း၊ ၃-၃-၂၀၀၉ ရက်(အင်္ဂါနေ့)မှာ (၁)သိန်းအသီးသီး ချေးယူထားပြီးတော့ စတင်တရားစွဲဆိုသည့်နေ့ကတော့ ၈-၄-၂၀၀၉ ရက်နေ့ဖြစ်ကြောင်း စိစစ်တွေ့ရှိရပါတယ်။ ဟသ်ာတခရိုင်တရားရုံးက ဇာရီအယူခံမှုတွင် ၁၂-၁-၂၀၁၁ ရက်နေ့တွင် ချမှတ်သော အမိန့်သည် ဟသ်ာတခရိုင်တရားရုံး တရားမ အယူခံမှုအမှတ်၊ ၃၉/၂၀၀၉ အမှုတွင် ၁၃-၁-၂၀၁၀ ရက်နေ့က ချမှတ်ခဲ့သော စီရင်ချက်အမိန့်တွင် ပါရှိသည့် မူလရုံးက တရားပြိုင်နှစ်ဦးလုံးအပေါ် ချမှတ်သည့်ဒီကရီအတိုင်းသာ အတည်ပြုရမည် ဖြစ်ပေသည်၊ (၂)တရားပြိုင်အား ဖယ်ထုတ်ရန် အကြောင်းမရှိပေ ဟု သုံးသပ်ပြီးတော့မှ (၁)တရားပြိုင် ဒေါ်မစန်း နှင့် (၂)တရားပြိုင် ဦးမောင်စစ် တို့က တရားလို ဦးစိုးဝင်း သို့ ငွေကျပ်(၁၂)သိန်း (၂)သောင်းကျပ်ကို စရိတ်နှင့်တကွ ပေးဆပ်စေရန် ချမှတ်သည့် ဒီကရီအစား ငွေကျပ်(၁၀)သိန်း (၅)သောင်းကျပ်ကို စရိတ်နှင့်တကွ ပေးဆပ်စေရန် ပြောင်းလဲချမှတ်လိုက်သည် ဟူသော အမိန့်ကို ဆန့်ကျင်ပြီးတော့ (၂)တရားရှုံး ဦးမောင်စစ်(ခ) ဦးသစ္စာ အား အမှုမှ ဖယ်ထုတ်လိုက်ရာ ရောက်သွားတာ တွေ့ရပါတယ်။

တစ်ခါ လေးမျက်နှာတရားရုံး မူလဇာရီမှုအမှတ်၊ ၇/၂၀၁၀ ရဲ့ ၂၅-၃-၂၀၁၀ ရက်နေ့ ချမှတ်သော ဒီကရီကျငွေထက်ဝက်အား (၁)တရားရှုံး ဒေါ်မစန်းက (၃)ရစ်ခွဲ၍ ပေးဆပ်စေရန် အတည်ဖြစ်နေသော အမိန့်၊ တစ်ခါ ၂၂-၄-၂၀၁၀ ရက်နေ့ ချမှတ်ထားသော (၁)တရားရှုံး ဒေါ်မစန်း အပေါ် အတည်ပြုပြီးနောက် (၂)တရားရှုံး ဦးမောင်စစ် အပေါ် ဆက်လက်အတည်ပြုရန် အင်္ဂပူရုံးသို့ လွှဲပြောင်းပေးမည် ဟူသော အမိန့်၊ တစ်ခါ ၁၄-၁၀-၂၀၁၀ ရက်နေ့တွင် (၁)တရားရှုံး ဒေါ်မစန်း က ဒီကရီကျငွေအနက် ၎င်းတွင် တာဝန်ရှိသည့် ငွေကျပ်(၅)သိန်း (၃)သောင်းကျပ်ကို ပေးသွင်းခဲ့ခြင်း၊ တစ်ခါ ၁၅-၁၀-၂၀၁၀ ရက်နေ့တွင် တရားနိုင် ဦးစိုးဝင်း က လက်ခံရယူပြီးတော့ ယင်းတို့ကို မျက်ကွယ်ပြုထားရာ ရောက်နေပါတယ်။ အထက်ပါ ဖော်ပြခဲ့တဲ့ ၂၅-၃-၂၀၁၀ ရက်နေ့ အမိန့်နဲ့

၂၂-၄-၂၀၁၀ ရက်နေ့အမိန့်တို့ကို တရားနိုင် ဦးစိုးဝင်း က အယူခံတက်ခဲ့ခြင်း မရှိကြောင်းလည်း စိစစ်တွေ့ရှိရပါတယ်။

ဆက်လက်ပြီး ပညတ်မိန့်ထုတ်ရာမှာလည်းပဲ တရားမကျင့်ထုံးအမိန့် ၂၀၊ နည်းဥပဒေ ၁၃ အရ တိကျစွာ ဆောင်ရွက်ထားမှု မရှိခြင်းကိုလည်း စိစစ်တွေ့ရှိရပါတယ်။ နည်းဥပဒေအရ ဝရမ်းကပ်ရောင်းချခြင်းဖြင့် ဒီကရီကို အတည်ပြုပေးရန် လျှောက်ထားလျှင် လျှောက်လွှာနှင့်အတူ ယင်းမြေရဲ့အလားအလာကို ထင်ရှားသိသာသော ဆေးရောင်ဖြင့် မှတ်သားထားသည့် နောက်ဆုံး ကွင်းမြေပုံ သို့မဟုတ် မြို့မြေပုံမှ တာဝန်ခံကောက်နုတ်ချက်မြေပုံ ပါရှိရမယ့်အပြင် မြေတစ်ကွက်ရဲ့ အစိတ်အပိုင်းမျှသာဖြစ်လျှင် ယင်းအစိတ်အပိုင်းနဲ့ စပ်လျဉ်းတဲ့အချက်အလက်များ၊ နောက်ဆုံးထုတ် မြို့မြေပုံ၊ ဦးပိုင်အမှတ်၊ မြေပုံ၏ခုနှစ်၊ မြေ၊ အဆောက်အအုံကို မည်သို့ အသုံးပြုကြောင်း ဆောက်လုပ်ပစ္စည်းနှင့် သက်တမ်း၊ အရပ်ရပ်ကြွေးမြီတာဝန်များ စသည်တို့ကို ဖော်ပြရမှာ ဖြစ်ပါတယ်။ ထို့အပြင် ယင်းပစ္စည်းတွင် တရားရှုံး၏ အစု(သို့မဟုတ်)အကျိုးသက်ဆိုင်ခွင့်ကိုလည်း ဖော်ပြရမည် ဖြစ်ပါသည်။

ဆက်လက်ပြီး အမွေဆိုင်မြေကွက်ဟု ကန့်ကွက်တင်ပြထားသော မြေဧရိယာ(၀.၅၆)ဧက တစ်ကွက်လုံးနဲ့ နေအိမ်၏တန်ဖိုး ကြမ်းခင်းဈေး သတ်မှတ်ရာမှာ တရားရှုံးများ လာရောက်ခြင်း မရှိသည့်နေ့၌ ကျေးရွာအုပ်ချုပ်ရေးမှူး၏ ထွက်ဆိုချက်တစ်ခုတည်းကို အသုံးပြုပြီး ကျပ်(၆)သိန်း ဟု သတ်မှတ်ခဲ့ခြင်း၊ တရားနိုင်၏ လက်ဝယ်ရောက်ရှိပြီးအိမ်ကို ဖျက်သိမ်းရယူပြီးသည့် နောက်တွင် အိမ်တည်ရှိရာ မြေနေရာ သတ်မှတ်တစ်ကွက်ကိုပင် ကျပ်(၈)သိန်းနှင့် ရောင်းချနိုင်ခဲ့ခြင်းတို့ကို စိစစ်တွေ့ရှိရပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ တရားစီရင်ရေးဆိုင်ရာ ဆုံးဖြတ်ချက်များအပေါ် ကောက်နုတ်သုံးသပ် တင်ပြသွားပါမယ်။ လေးမျက်နှာတရားရုံး တရားမကြီးမှု မူလအမှုအမှတ်၊ ၂၃/၂၀၀၉ အမှုတွဲမှာ တရားလို ဦးစိုးဝင်း ဘက်မှ တင်ပြထားသော သက်သေခံငွေပေး၊ ငွေယူ စာရင်းစာအုပ်နှင့် (၁)တရားပြိုင် ဒေါ်မစန်း မှ တင်ပြသောစာတမ်း သက်သေခံတို့အရ တရားလို ဦးစိုးဝင်း အနေဖြင့် တစ်ယောက်မက အများကို အတိုးဖြင့် ငွေချေးသူဖြစ်ကြောင်း ပေါ်လွင်နေ သော်လည်း တည်ဆဲဖြစ်သည့် ၁၉၄၅ ခုနှစ်၊ ငွေတိုးချစားသူများ အက်ဥပဒေ၏အကာအကွယ်ကို တရားပြိုင်များ ဒေါ်မစန်း နှင့် ဦးမောင်စစ် တို့ မခံစားရဘဲ ငွေရှင် ဦးစိုးဝင်း ကိုသာ အသာရစေခဲ့ ကြောင်း သုံးသပ်ရပါတယ်။ တရားလို ဦးစိုးဝင်း ကို လိုင်စင်မဲ့ ငွေတိုးချေးစားသူ မဟုတ်ဟု တရားရုံး က လက်ခံဆုံးဖြတ်သည်ဆိုလျှင်ပင် ယင်း ငွေအရင်း(၇)သိန်းကျပ်အတွက် ကျသင့်သောအတိုးကို တရားရုံးကခွင့်ပြုနိုင်သည်မှာ တစ်နှစ်လျှင် (၉)ရာခိုင်နှုန်းတိုးသာ အများဆုံးပေးနိုင်သည်ကို စီရင်ချက် များတွင် ဖော်ပြထားပါလျက် လေးမျက်နှာတရားရုံးက အရင်းငွေကျပ်(၇)သိန်းအတွက် အတိုးငွေ (၅)သိန်း (၂)သောင်း ခွင့်ပြုထားခြင်း၊ တစ်ခါ ဟင်္သာတခရိုင်တရားရုံးက အရင်းငွေကျပ်(၇)သိန်း အတွက် အတိုးငွေကျပ် (၃)သိန်း (၅)သောင်း ခွင့်ပြုခြင်းတို့သည် ဥပဒေပါ လုပ်ပိုင်ခွင့်ထက် ပိုလွန် လွဲမှားသဖြင့် တရားပြိုင်များကို နစ်နာမှုများ ဖြစ်စေခဲ့တယ်လို့ သုံးသပ်ရပါတယ်။ ဇာရီမှုအမှတ်၊ ၇/၂၀၁၀ အမှုမှာ မူလမြို့နယ်တရားရုံးက ၂၀-၁၀-၂၀၁၀ ရက်နေ့တွင် ချမှတ်ခဲ့သော (၂)တရားရှုံး ဦးမောင်စစ် အပေါ် ဆက်လက်အတည်ပြုမည်ဖြစ်ကြောင်း အမိန့်သည် ၂၅-၃-၂၀၁၀ ရက်နေ့တွင်

ချမှတ်ခဲ့သော ဒီကရီကျငွေ ထက်ဝက်အား (၁)တရားရှုံး ဒေါ်မစန်း က (၃)ရစ်ခွဲ၍ ပေးဆပ်ရန် အမိန့်။ တစ်ခါ ၂၂-၄-၂၀၁၀ ရက်နေ့တွင် ချမှတ်ခဲ့သော (၁)တရားရှုံးဒေါ်မစန်း အပေါ် အတည်ပြုပြီးပါက (၂)တရားရှုံး ဦးမောင်စစ် အပေါ် ဆက်လက်အတည်ပြုရန် အင်ပူရုံးသို့ လွှဲပြောင်းပေးမည်ဖြစ်ကြောင်း၊ ဆုံးဖြတ်ချက်များနှင့် ဆီလျော်မှုရှိပါလျက် ၂၀-၁၀-၂၀၁၀ ရက်နေ့အမိန့်ကို ခရိုင်ရုံးသို့ တရားနိုင် ဦးစိုးဝင်း က အယူခံတက်သည့်အခါ အသစ်ပြောင်းရွှေ့ ရောက်ရှိလာသော ခရိုင် တရားသူကြီး ဦးမြင့်ဌေး က တရားနိုင် ဦးစိုးဝင်း အနေဖြင့် ယခင်အယူခံ မတက်ခဲ့သော အမိန့်များ ကိုပါ ဆန့်ကျင် အကျိုးသက်ရောက်စေပြီး (၁)တရားရှုံး ဒေါ်မစန်း အပေါ် ဆိုးရွားစွာ နစ်နာစေခြင်းနှင့် တရားနိုင် ဦးစိုးဝင်း အတွက် အသာစီးရစေခြင်းတို့ကြောင့် အဓိကအားဖြင့် ဒေါ်မစန်း အပေါ် နစ်နာမှုဖြစ်စေခဲ့ခြင်းကြောင့် အမှုတွင် ပေါ်ပေါက်လျက်ရှိသော ဆက်စပ် အခြင်းအရာများကို လေ့လာရာ၌ ထိုက်သင့်သော သတိပြုခြင်းနှင့် စိတ်အာရုံပြုခြင်းကင်းခဲ့သည်။ တစ်နည်း သဘောရိုးနှင့် ပြုလုပ်ခြင်းမဟုတ် ဟု သုံးသပ်ရပါတယ်။

ခရိုင်တရားရုံးရဲ့ အမိန့်အရ လေးမျက်နှာတရားရုံးက ဇာရီမှုကို ဆက်လက်ဆောင်ရွက်ရာမှာ ငွေပေးဆပ်ရန် ဒီကရီအတွက် မရွှေ့မပြောင်းနိုင်သောပစ္စည်းကို ဝရမ်းကပ် လေလံတင် ရောင်းချရာတွင် တရားမကျင့်ထုံးအမိန့်၊ ၂၁၊ နည်းဥပဒေ ၁၃ ပြဋ္ဌာန်းချက်များကို အလေးဂရုပြု လိုက်နာရန် ပျက်ကွက်ခြင်း တွေ့ရှိရပါတယ်။ တရားမကျင့်ထုံးဥပဒေပုဒ်မ ၆၀(၁)(ခ)နှင့်(ဂ)တို့အရ တောင်သူလယ်သမားပိုင် ကိရိယာတန်ဆာပလာ၊ ကျွဲ၊ နွား၊ မျိုးစေ့ စသည်တို့နှင့် တောင်သူ လယ်သမားတစ်ဦးပိုင်၍ လက်ရှိနေထိုင်သည့် အိမ်နှင့်အခြား အဆောက်အအုံများ၊ ဆောက်လုပ်ရေး ပစ္စည်းနှင့် တည်နေရာ မြေကွက်များနှင့်တကွ ထိုအိမ်အဆောက်အအုံတို့နှင့် တစ်ဆက်တည်း တည်ရှိပြီး ယင်းတို့ကို ခံစားနိုင်ရန် လိုအပ်သော မြေအပါအဝင်တို့ကို ဝရမ်းကပ်ခြင်း၊ ရောင်းချခြင်း မခံထိုက်စေရဟု ပြဋ္ဌာန်းထားရှိပါလျက် ၂၈-၅-၂၀၁၀ ရက်နေ့တွင် တရားရှုံး ဒေါ်မစန်း မှ လယ်သမားပိုင် အိမ်နှင့် ခြံမြေဖြစ်ကြောင်း လျှောက်ထားချက်များအပေါ် တရားရုံးက မည်သို့မျှ ဆောင်ရွက်ပေးခဲ့ခြင်းမရှိဘဲ ဦးအောင်ဝင်း ဆိုသူမှ အမွေဆိုင် အိမ်ခြံမြေဖြစ်ကြောင်း ဝရမ်းခွာ ပေးရန် လျှောက်ထားခဲ့မှုအပေါ်တွင်သာ စုံစမ်းမှုပြုရန်၊ တရားမအထွေထွေအမှု ဖွင့်လှစ်ရန် အမိန့် ချမှတ်ခဲ့ကြောင်း တွေ့ရခြင်း စသည်တို့ကြောင့် တိုင်လျှောက်လာသူ (၁)တရားရှုံး ဒေါ်မစန်း အပေါ် ဥပဒေ၏ အကာအကွယ်မရရှိခဲ့ကြောင်း သုံးသပ်ရပါတယ်။

ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးနု ၏ ကြယ်ပွင့်ပြမေးခွန်းကို စတုတ္ထပုံမှန်အစည်းအဝေး သတ္တမနေ့တွင် ပြည်ထောင်စုတရား လွှတ်တော်ချုပ်တရားသူကြီး ဦးမြသိမ်း မှ ပြန်လည်ဖြေကြားရာတွင် ကြမ်းခင်းဈေး ကျပ်(၆)သိန်း သတ်မှတ်ခဲ့သည်မှာ ဒေါ်မစန်း တင်ပြခဲ့သည့် သက်သေ ရ.ယ.ကဥက္ကဋ္ဌ ဦးသိန်းထွန်း ကို စစ်ဆေးပြီး သတ်မှတ်ခဲ့ကြောင်း မှားယွင်းစွာဖြေကြားသွားသည်ကို တွေ့ရပါသည်။ အမှုတွဲ နေ့စဉ်မှတ်တမ်းများ အရ မြေပြင်အမှန်တကယ် ဖြစ်ရပ်မှာ ၈-၉-၂၀၁၀ ရက်နေ့တွင် တရားရှုံး ဒေါ်မစန်းနှင့် ဦးမောင်စစ် ရုံးချိန်း မရောက်ရှိဘဲ တရားနိုင် ဦးစိုးဝင်း သာ ရှိပြီး တရားရုံးက တရားနိုင် ဦးစိုးဝင်း ၏ တင်ပြချက် သို့မဟုတ် မိမိသဘောအလျောက် ကြမ်းခင်းဈေး သတ်မှတ်နိုင်ရေးအတွက် ရ.ယ.က ဥက္ကဋ္ဌအား

ခေါ်ယူစစ်ဆေးရန် ဆင့်ခေါ်ပါ ဟု ဆုံးဖြတ်ပြီး ၁၅-၉-၂၀၁၀ ရက်နေ့တွင် တရားရုံးများ ဒေါ်မစန်း နှင့် ဦးမောင်စစ် မျက်ကွယ်၌ တစ်ဖက်သတ်စစ်ဆေးအတည်ပြုခဲ့ကြောင်းတွေ့ရပါတယ်။

ဒါ့အပြင် အထက်ပါဖြေဆိုချက်၌ လေးမျက်နှာတရားရုံး တရားမကြီးမှုအမှတ်၊ ၂၃/၂၀၀၉ တွင် တရားလို ဦးစိုးဝင်း က ဒေါ်မစန်း အပေါ် ချေးငွေကျပ်(၁၂)သိန်း(၂)သောင်း ရလိုမှု စွဲရာ လေးမျက်နှာမြို့နယ်တရားရုံးက ခွင့်ပြုခဲ့ကြောင်း၊ ဟင်္သာတခရိုင် တရားရုံးအယူခံမှု အမှတ်၊ ၃၉/၂၀၀၉ တွင် ဟင်္သာတခရိုင်ရုံးက ကျပ်(၁၀)သိန်း (၅)သောင်းပေးစေရန် ပြင်ဆင်အမိန့် ချမှတ်ခဲ့ကြောင်းသာ ဖြေဆိုသွားပါတယ်။ အမှန်တကယ် မြေပြင်မှာ အရင်းငွေ ကျပ်(၇)သိန်းအတွက် လေးမျက်နှာ တရားရုံးက အတိုးငွေကျပ်(၅)သိန်း (၂)သောင်းပေးစေခဲ့ပြီး ဟင်္သာတခရိုင်တရားရုံးက အတိုးကို ကျပ်(၃)သိန်း(၅)သောင်း ပေးစေခဲ့သည့် ငွေတိုးချေးမှု ဖြစ်သည်ကို တွေ့ရပါတယ်။ တရားလွှတ်တော်ချုပ်အနေနဲ့ လေးမျက်နှာမြို့နယ်နဲ့ ဟင်္သာတခရိုင်တရားရုံးများက ထိုသို့ အတိုးသတ်မှတ်ပေးခြင်းသည် ဥပဒေနှင့် ညီ/မညီ စိစစ်ခဲ့ခြင်းမရှိဘဲ နှစ်ဖက် အမှုသည်များနှင့် နှစ်ဖက်ရှေ့နေ ရှေ့ရပ်များ ရှေ့မှောက်၌ သက်သေထွက်ဆိုချက်များကို ပြည့်ပြည့်စုံစုံ မှတ်တမ်းတင်ထားရှိပြီး ဖြစ်၍ ဖြစ်စဥ်၊ ဖြစ်ရပ်များ ပိုမိုတိကျ ခိုင်မာရေးအတွက် နောက်ထပ်စုံစမ်း စစ်ဆေးရန် မလိုအပ်ပါသဖြင့် စုံစမ်းစစ်ဆေးမှုပြုရန် အစီအစဥ်မရှိပါကြောင်း ဖြေကြားသွားခဲ့ပါတယ်။

လွှတ်တော်သို့ လာရောက်ဖြေကြားရာမှာ ယင်းမြေနှင့်အိမ်ကို လေလံဆွဲသူအား ပေးအပ်သည့်အခါ ဒေါ်မစန်း က ရှောင်တိမ်းနေသဖြင့် နေအိမ်ရှိပစ္စည်းများကို သက်သေလူကြီးများ ရှေ့မှောက်တွင် စာရင်းကောက်ယူပြီး ကျေးရွာအုပ်ချုပ်ရေးမှူး ဦးသိန်းထွန်း ထံ တွင် ဘီလစ်က စာရင်းနှင့်တကွ အပ်နှံခဲ့ပါသည် ဟု ဖြေဆိုထားခဲ့သော်လည်း ကွင်းဆင်းစစ်ဆေးချက်အရ အငယ်တန်းလက်နှိပ်စက်စာရေး ဒေါ်သင်းသင်းခိုင် က ပစ္စည်းများကို လမ်းမပေါ်သို့ ထုတ်ပုံထားခဲ့ပြီး ညနေပိုင်းတွင်မှ ရ.ယ.ကဥက္ကဋ္ဌ ဦးသိန်းထွန်း က ရွှေ့ပြောင်းသယ်ယူခဲ့ခြင်းဖြစ်ကာ ၎င်း၏ အိမ်ပေါ်နှင့် နွားတင်းကုပ်တွင် စုပုံထားသည်ကို မျက်မြင်တွေ့ခဲ့ရပါတယ်။

သို့ဖြစ်ရာ တရားလွှတ်တော်ချုပ်အနေဖြင့် လေးမျက်နှာမြို့နယ် ဟင်္သာတခရိုင် တရားရုံးတို့က ဥပဒေနှင့်အညီ စုံစမ်းစစ်ဆေး ဆုံးဖြတ်ဆောင်ရွက်ခြင်း ရှိ/မရှိကို စိစစ်မှု မပြုဘဲ ပြည့်စုံစွာ မှတ်တမ်းတင်ထားသဖြင့် ပြင်ဆင်ရန် မလိုကြောင်း ရပ်ခံဖြေကြားသွားသဖြင့် နစ်နာသူ ဒေါ်မစန်း အတွက် ကုစားခွင့်မရ ဆုံးရှုံးနစ်နာမှုများ ဖြစ်ပေါ်စေခဲ့ကြောင်း သုံးသပ်ရပါတယ်။ ဒါ့အပြင် ဒေါ်မစန်း မှ ၂၅-၆-၂၀၁၁ ရက်စွဲဖြင့် နေပြည်တော်တရားသူကြီးချုပ်ထံ အသနားခံစာ တင်ပြခဲ့ခြင်းနှင့် ၄-၄-၂၀၁၂ ရက်စွဲဖြင့် ပြည်ထောင်စုတရားသူကြီးချုပ်၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်၊ နေပြည်တော်သို့ အမှုခေါ် စာချွန်တော် အမိန့်ချမှတ်ပေးရန် အချိန်မီ ကုစားကာကွယ်ခွင့် ဆုံးရှုံးခဲ့ရသည် ဟု သုံးသပ်ရပါတယ်။

အမျိုးသားလွှတ်တော်၏ ၂၀-၁၂-၂၀၁၁ ရက်စွဲပါ စာအမှတ်၊ ၂/အမ(ကော်မတီ-၂)၆/၂၀၁၁-၁၆၉ ဖြင့် အမှုကို ပြန်လည်စစ်ဆေးဆောင်ရွက်နိုင်ရေးအတွက် ပြည်ထောင်စုအစိုးရအဖွဲ့သို့ ပေးပို့ခဲ့သည့်အမှုတွဲပါစာအပေါ် ပြည်ထောင်စုအစိုးရအဖွဲ့ရုံးက ၃၁-၃-၂၀၁၃ ရက်နေ့တွင်မှ ဧရာဝတီတိုင်းဒေသကြီး တရားလွှတ်တော်၊ တရားသူကြီးချုပ်ရုံး၊ ပုသိမ်မြို့၏ ၁၆-၃-၂၀၁၂ ရက်စွဲပါ အကြောင်းပြန်စာကို ညွှန်ကြားရေးမှူးချုပ်၊ လွှတ်တော်ရုံးသို့ ပူးတွဲ ပေးပို့ခဲ့ပါတယ်။ ပြည်ထောင်စု

ဝန်ကြီး၊ သမ္မတရုံးဝန်ကြီးဌာန(၂)နှင့် နိုင်ငံတော်သမ္မတရုံးတို့တွင် တစ်နှစ်တာမျှ ကြာညောင်းနေခဲ့ပြီး စာပါ အကြောင်းပြန်ကြားချက်မှာလည်း အောက်တရားရုံးတို့၏ ဆောင်ရွက်မှု ဖြစ်စဉ်များကိုသာ တင်ပြထားပြီးတော့မှ တရားရုံးများ၏ စစ်ဆေးဆောင်ရွက်မှု၊ အမိန့်ချမှတ်မှု၊ စီမံခန့်ခွဲမှုများသည် ဥပဒေနှင့်ကိုက်ညီမှု ရှိ/မရှိ စိစစ်ခြင်းမပြုဘဲ တရားမကျင့်ထုံးဥပဒေအရ ဒေါ်မစန်း ပိုင် အိမ်နှင့် မြေအား လေလံတင်ရောင်းချရန် စီစဉ်ဆောင်ရွက်ခဲ့ခြင်း ဖြစ်ကြောင်းသာ ပြန်လည်အစီရင်ခံထား ကြောင်း တွေ့ရပါတယ်။ သို့ပါ၍ လွှတ်တော်ရဲ့ ရည်ရွယ်ချက်ဖြစ်သော ပြည်သူတို့အပေါ် ထိခိုက် နစ်နာမှု ရှိ/မရှိ ကို အလေးထား စိစစ်တုံ့ပြန်ဖြေကြားချက်မပြုသည်ကို လေ့လာတွေ့ရှိရပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ နစ်နာဆုံးရှုံးသူ ဒေါ်မစန်း အနေဖြင့် ဥပဒေ၏ အကာအကွယ်ကို မရရှိခဲ့သောအချက်များ (အနှစ်ချုပ်)ကို ဆက်လက်တင်ပြပါမယ်။ ပြည်သူတို့၏ တိုင်ကြားစာနှင့် အသနားခံစာဆိုင်ရာကော်မတီ၏ ကွင်းဆင်းစစ်ဆေးရေးအဖွဲ့ အနေဖြင့် ကွင်းဆင်း စစ်ဆေးစဉ် သက်သေထွက်ဆိုချက်များအရလည်းကောင်း၊ အမှုကို စစ်ဆေးစီရင်ခဲ့သော တရားသူကြီး များအား စိစစ်မေးမြန်း တွေ့ရှိချက်အရလည်းကောင်း၊ တရားရုံးများ၏ စစ်ဆေးစီရင်ချက်များ အပေါ် စိစစ်တွေ့ရှိချက်များအရလည်းကောင်း၊ ဒေါ်မစန်း အနေဖြင့် ဥပဒေ၏ အကာအကွယ်ကို မရရှိ ခဲ့သော အချက်များမှာတော့ ငွေတိုးချေးသည့်ကိစ္စဖြစ်သည့်အတွက် တည်ဆဲဖြစ်သော ၁၉၄၅ ခုနှစ်၊ ငွေတိုးချေးစားသူများ အက်ဥပဒေ ပုဒ်မ ၉ အရ ဒီကရီချပေးခွင့်မရှိကြောင်း၊ ပြဋ္ဌာန်းချက် အကာအကွယ် မရရှိခဲ့ခြင်း၊ တရားလို ဦးစိုးဝင်း ကို ငွေတိုးချေးစားသူဟု မသတ်မှတ်ခဲ့ပင်လျှင် အရင်းငွေကျပ်(၇)သိန်းအတွက် အတိုးငွေကျပ်(၃)သိန်း (၅)သောင်း သတ်မှတ်အတည်ပြုခဲ့ခြင်း ကြောင့် တရားရုံးအနေဖြင့် တစ်နှစ်လျှင် (၉)ရာခိုင်နှုန်းအတိုးသာ အများဆုံးပေးခွင့်ရှိကြောင်း ပြဋ္ဌာန်းထားသော တရားမကျင့်ထုံးဥပဒေ ပုဒ်မ ၃၄ နှင့် တရားရုံးများလက်စွဲ ပုဒ်မ ၁၇၃ တို့၏ အကာအကွယ်ကို မရရှိခဲ့ခြင်း၊ ဇာရီမှုအယူခံ ဟသ်ာတခရိုင်တရားရုံး အမိန့်အရ (၂)တရားရှုံး ဦးမောင်စစ် ကို ဖယ်ထုတ်ကင်းလွတ်ပြုလိုက်ရာ ရောက်ပြီး တရားပြိုင်နှစ်ဦးအပေါ် အတည်ပြုရန် ချမှတ်ထားသည့် အမိန့်ဒီကရီ၏ အကာအကွယ်ကို မရခဲ့ခြင်း၊ ဒေါ်မစန်း သည် လယ်သမားတစ်ဦး ဖြစ်ပြီး လယ်ယာသုံးပစ္စည်းများ ထားရှိသော၊ နေထိုင်သော အိမ်နှင့်ခြံမြေဖြစ်ကြောင်း ထင်ရှားပြီး ဖြစ်သောကြောင့် ဝရမ်းကပ်ရောင်းချခြင်း မခံထိုက်စေရဟု အတိအလင်း အကာအကွယ်ပေးထား သော တရားမကျင့်ထုံးဥပဒေ ပုဒ်မ ၆၀(၁)၏(ခ)(ဂ)ပါ ပြဋ္ဌာန်းချက်များ၏ အကာအကွယ်ကို မရခဲ့ခြင်း၊ မရွှေ့ပြောင်းနိုင်သော ပစ္စည်းများအား ဝရမ်းကပ်ရောင်းချရန် လျှောက်ထားရာမှာ တရားရုံးက လိုက်နာရန်ဖြစ်သော တရားမကျင့်ထုံးအမိန့် ၂၁၊ နည်း ၁၃ ပါ ပြဋ္ဌာန်းချက်များနှင့် ညီညွတ်မှု မရှိသဖြင့် တရားနိုင် ဦးစိုးဝင်း အတွက် များစွာအသာစီး ရစေပြီးတော့ ဒေါ်မစန်း အနေဖြင့် ဥပဒေရဲ့ အကာအကွယ်ကို မရခဲ့ပါဘူး။

နောက် လေလံကြမ်းခင်းဈေး သတ်မှတ်ရာ မှာလည်းပဲ တရားရှုံးများ ဒေါ်မစန်း ဘက်က တင်ပြချက်မပါရှိဘဲနဲ့ တရားနိုင် ဦးစိုးဝင်း ၏ ရှေ့မှောက်မှာ ၎င်း၏တူတော်စပ်သူ ဦးစိုးဝင်း ၏တူ ဖြစ်ပါတယ်။ တော်စပ်သူ ရ.ယ.ကဥက္ကဋ္ဌ ဦးသိန်းထွန်း တစ်ဦးတည်း၏ ထွက်ဆိုချက်ကိုသာ သတ်မှတ်ခဲ့တဲ့အတွက် ဒေါ်မစန်း ပိုင်တဲ့ အိမ်နှင့်ခြံမြေကို လွန်မင်းစွာနှိမ့်ချထားသော တန်ဖိုးဖြင့်သာ တရားနိုင်ဦးစိုးဝင်းက ဝယ်ယူပိုင်ဆိုင်ခွင့်ရစေခဲ့သည့်အပြင် ဝရမ်းကပ်ရာမှာ မပါဝင်တဲ့ သစ်ခွဲသား

များကိုပါ တရားနိုင် ဦးစိုးဝင်း က ရယူသွားခဲ့ခြင်းတို့ကြောင့် ဥပဒေ၊ လုပ်ထုံးလုပ်နည်း နည်းလမ်းပါ ပြဋ္ဌာန်းထားသည်များ၏ အကာအကွယ်ကို မခံစားရခြင်း စသည့်အချက်များသည် ဒေါ်မစန်း အတွက် အိုးမဲ့အိမ်မဲ့ဘဝ ဖြစ်စေသည်အထိ နစ်နာစေသော အကြောင်းရင်းခံများဖြစ်ကြောင်း အနှစ်ချုပ် သုံးသပ်စိစစ်တွေ့ရှိရကြောင်း တင်ပြအပ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ဒေါ်မစန်းနစ်နာဆုံးရှုံးမှုအပေါ် လတ်တလော ဖြေရှင်း ဆောင်ရွက်ပေးသင့်သော အချက်များကို အကြံပြု တင်ပြသွားပါမယ်။ ဒေါ်မစန်း ပိုင် နေအိမ်နှင့်မြေကို လေလံတင်ရောင်းချရာမှာ နေအိမ်နှင့် မသက်ဆိုင်သော ပျဉ်းကတိုးသစ်တန် တစ်ဝက်နှင့် ပေပျဉ်(ကုက္ကို)(၃၀)ချပ်တို့ကို တရားနိုင် ဦးစိုးဝင်း က နေအိမ်အား လေလံတင် ရောင်းချရာတွင် မပါဝင်ဘဲ ယူဆောင်သွားခဲ့သဖြင့် အဆိုပါ သစ်များကို ဒေါ်မစန်း အား ပြန်လည် ပေးသင့်ပါတယ် သို့မဟုတ် ဒေါ်မစန်း တင်ပြထားသည့် သစ်များတန်ဖိုးကျပ်(၄)သိန်းကို ဦးစိုးဝင်း မှ ဒေါ်မစန်းသို့ ပြန်လည်ပေးချေသင့်ပါတယ်။ ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး ဦးသိန်းထွန်း ထံ တွင် တရားရုံးက အပ်နှံခဲ့သော ဒေါ်မစန်း ပိုင် ပစ္စည်းများကို ဒေါ်မစန်း ၏ လက်ဝယ်သို့ ရောက်ရှိအောင် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးမှ ပြန်လည်လွှဲပြောင်းပေးအပ်သင့်ပါတယ်။ (၁) တရားရှုံး ဒေါ်မစန်း အနေဖြင့် တရားရုံးစီရင်ချက်များအတိုင်း ငွေ(၅)သိန်း (၃)သောင်းကျပ်ကို တရားရုံးသို့ ပေးသွင်း ပြီးခဲ့သော်လည်း တရားရုံးမှ (၂)တရားရှုံး ဦးမောင်စစ် အား ဖယ်ထုတ်လိုက်သဖြင့် ကျန်ငွေ (၅)သိန်း (၃)သောင်းကျပ်အတွက် ဒေါ်မစန်း ၏ အိမ်နှင့်မြေအား ဝရမ်းကပ်ကာ ကျပ်(၆)သိန်းဖြင့် ရောင်းချ ခံခဲ့ရပါတယ်။

သို့ရာတွင် တရားနိုင် ဦးစိုးဝင်း ရရန်ငွေမှာ (၅)သိန်း(၃)သောင်း(၉) ထောင်ကျပ်သာ ဖြစ်တဲ့အတွက် ပိုငွေကျပ်(၆)သောင်း (၁)ထောင် ပိုနေပါတယ်။ ၎င်းပိုငွေအား ဒေါ်မစန်း လက်ဝယ်သို့ ပြန်လည်လွှဲပြောင်းပေးသင့်ပါတယ်။ အမှုမှ ဖယ်ထုတ်ခြင်းခံရသော (၂)တရားရှုံး ဦးမောင်စစ် အနေဖြင့်လည်းပဲ ဒေါ်မစန်း ၏ ခင်ပွန်း ဦးဖိုးပြုံး(ခ)ဦးစိုးတင့် ထံမှ အမှန်တကယ် ချေးယူထားသော ပြန်ဆပ်ပေးရန် တာဝန်ရှိသည့် ငွေ(၅)သိန်း (၈)သောင်း (၉)ထောင်ကျပ်ကို ဒေါ်မစန်း လက်ဝယ်သို့ ပြန်လည်ပေးအပ်သင့်ပါတယ်။ တရားနိုင် ဦးစိုးဝင်း အနေနဲ့ ဒေါ်မစန်း ၏ မောင်ဝမ်းကွဲ ဦးထွန်းမြင့် ထံမှ တရားရုံးမှတစ်ဆင့် ငွေကျပ်(၅)သိန်း (၃)သောင်း လက်ခံရရှိခဲ့ပြီး ဖြစ်ခြင်း၊ ဒေါ်မစန်း ၏ အိမ်နှင့်မြေကို ငွေကျပ်(၆)သိန်းဖြင့် ဈေးဖြတ်ဝယ်ယူခဲ့ခြင်းတို့အပြင် ဒေါ်မစန်း ပိုင် မြေကွက်ချည်းပင်လျှင် ငွေကျပ်(၈)သိန်းနဲ့ ပြန်လည်ရောင်းချနိုင်ခဲ့တဲ့အတွက် တရားနိုင် ဦးစိုးဝင်း အနေဖြင့် မူလတရားရုံးမှ ရရှိရမည့် ငွေကျပ်(၁၀)သိန်း (၅)သောင်းထက် ပိုမို၍ အကျိုးခံစားခွင့် ရရှိသွားကြောင်း စိစစ်တွေ့ရှိရတဲ့အတွက် နစ်နာသူ ဒေါ်မစန်း အား လူမှုရေးအရ ထိုက်သင့်သော အကျိုး ခံစားခွင့် ပြန်လည်မျှဝေပေးသင့်ကြောင်း သုံးသပ်စိစစ်တွေ့ရှိရပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးနဲ့တကွ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ နိဂုံးချုပ်အနေနဲ့ ကျွန်တော် အကြံပြုတင်ပြရမယ်ဆိုရင် ကျွန်တော်တို့ ကွင်းဆင်း စစ်ဆေးရေးအဖွဲ့ အနေနဲ့ ယခုဒေါ်မစန်းရဲ့ အမှုဖြစ်စဉ် အတွေ့အကြုံများအပေါ် မူတည်ပြီးတော့ တရားရေးမဏ္ဍိုင် ကြံ့ခိုင်အားပြည့်စေခြင်းအကျိုးငှာ အောက်ပါအတိုင်း နိဂုံးချုပ် အကြံပြုတင်ပြ အပ်ပါတယ်။ အဓိကအားဖြင့် ဒေါ်မစန်း ရဲ့ နစ်နာဆုံးရှုံးမှုများမှာ ဥပဒေ၏ အကာအကွယ်ကို

မှန်ကန်စွာ မရရှိခဲ့ခြင်းကြောင့် ဟူသော အချက်လည်း ပေါ်လွင်နေတဲ့အတွက် ပြည်ထောင်စုတရား လွှတ်တော်ချုပ်အနေဖြင့် ဥပဒေနည်းလမ်းအရ ပြန်လည်ကုစားပေးနိုင်ရန် ဝါယမစိုက်ထုတ် စီစဉ်ဆောင်ရွက်သင့်ပါတယ်။ ဒါ့အပြင် တရားစီရင်ရေးမဏ္ဍိုင်အပေါ် ပြည်သူတို့ အားကိုး ယုံကြည်မှု မထိခိုက်မီ တာဝန်ရှိသူများအား ထိုက်သင့်သလို ပွင့်လင်းမြင်သာစွာ ဖော်ထုတ် အရေးယူသင့်ပါကြောင်း သုံးသပ်အကြံပြုတင်ပြအပ်ပါတယ်။

နောက် ဆက်လက်ပြီးတော့ မူလရုံးမှအစ တရားရုံးအဆင့်ဆင့်သည် မကျေနပ်လျှင် အထက်ရုံးသို့ အယူခံ/ပြင်ဆင် တက်ရောက်နိုင်သည် ဟူသော အတွေးဖြင့် တာဝန်ယူမှုအားနည်း သော ဆုံးဖြတ်ချက်များကြောင့် ပြည်သူများနစ်နာကြရ သည်ကို အလေးအနက်ပြုကြစေလိုကြောင်း တိုက်တွန်း အကြံပြုအပ်ပါတယ်။ ပြည်ထောင်စုတရားလွှတ်တော်ချုပ်အနေနဲ့ မိမိလက်အောက်ခံ တရားရုံးများ၏ ဆောင်ရွက်ချက်များသည် လုပ်ထုံးလုပ်နည်း အစဉ်မှန်ကန်သည် ဆိုကာမျှဖြင့် ရပ်တည်ကာကွယ်နေခြင်းထက် လုပ်ထုံးလုပ်နည်းပါ ဥပဒေအနှစ်သာရများအတိုင်း လိုက်နာ ဆောင်ရွက်ခဲ့ခြင်း ရှိသည်/မရှိသည်ကို အလေးထား စိစစ်ခြင်း၊ ထိန်းကျောင်းတည့်မတ်လမ်းညွှန် ခြင်းတို့ကို နှောင့်နှေးမှု မရှိစေဘဲ ဆောင်ရွက်သင့်ပါတယ်။ တရားသူကြီးများ၏ အရည်အသွေး တိုးတက်စေရေး စီမံဆောင်ရွက်ခြင်း၊ အရည်အချင်းအလိုက် စီမံခန့်ခွဲရေး နည်းလမ်းများဖြင့် ဆုပေး၊ ဒဏ်ပေးစနစ်အကောင်အထည်ဖော်ရေး အလေးထား ဆောင်ရွက်သင့် ပါတယ်။

ပြည်ထောင်စုတရားလွှတ်တော်ချုပ်အနေဖြင့် ပြည်သူတို့၏ နစ်နာမှု တိုင်ကြားချက်များ ကို အလေးထားပြီး စာနာထောက်ထားကာ အချိန်နှင့် တစ်ပြေးညီဆောင်ရွက်ခြင်းဖြင့် ကုစားမရ နိုင်လောက်အောင် ဆုံးရှုံးနစ်နာမှုများ မပေါ်ပေါက်ရေး ကာကွယ်တားဆီးသင့်ပါတယ်။ လာဘ်ပေး လာဘ်ယူကိစ္စများကို ထိရောက်စွာ အရေးယူခြင်းဖြင့် တရားစီရင်ရေးမဏ္ဍိုင်ကို တည့်မတ် ထိန်းကျောင်းရန် အစီအမံများ ထားရှိဆောင်ရွက်သင့်ပါတယ်။

တရားရုံးများသည် အမှန်တရားကို ဖော်ထုတ်ပေးသော ရုံးဌာန၊ တရားမျှတမှုကို ဖော်ဆောင်ပေးသော ရုံးဌာနဖြစ်ကြောင်းကို တိုင်းရင်းသားပြည်သူလူထုတစ်ရပ်လုံးက လက်ခံ ယုံကြည် အားကိုးလာအောင် ဆောင်ရွက်ရန် အရေးကြီးပါတယ်။ တရားသူကြီးများအနေဖြင့်လည်း အကျင့်သီလနှင့် ပြည့်စုံသော၊ အမှန်တရားကို စောင့်သိသော၊ ကောင်းသောပညာလည်းရှိသော၊ ချစ်ခင် နှစ်သက်ဖွယ်စကားကို ဆိုအပ်သော၊ ရှုံးခြင်းနိုင်ခြင်းကို သိတတ်သော၊ တရားသူကြီး အင်္ဂါ(၅)ပါးနှင့် ပြည့်စုံသည့် တရားသူကြီးများဖြစ်ရန် လိုအပ်မည်ဖြစ်ပါကြောင်း တင်ပြအပ်ပါတယ်။ တရားရုံးအမှုများနှင့် ပတ်သက်လို့ တရားစီရင်ရေးမူများအတိုင်း ဥပဒေနှင့်အညီ တရားစီရင်ရေး အမှုများတွင် ဥပဒေအရ ခုခံချေပခွင့်နှင့် အယူခံပိုင်ခွင့် ရရှိရေးတို့ကို အထူးအလေးထား လုပ်ဆောင် သင့်ပါကြောင်း အကြံပြုတင်ပြအပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၅း၁၁။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ယနေ့ ပြည်ထောင်စု သမ္မတမြန်မာနိုင်ငံတော်အတွင်းမှာ ဥပဒေမဲ့ ငွေတိုးကြီးချေးစားတဲ့ ကိစ္စများကြောင့် နစ်နာဆုံးရှုံးမှု များရှိခဲ့ပြီး၊ နစ်နာဆုံးရှုံးသူများရဲ့ ဥပဒေအကာအကွယ် မရမှုဖြစ်စဉ်တွေ အမြောက်အများ ဖြစ်နေ ပါတယ်။ ဒါတွေကို သုံးသပ်ဖို့လည်း အမျိုးသားလွှတ်တော် ဘဏ္ဍာရေးနှင့် ဥပဒေရေးရာကော်မရှင်ကို

တာဝန်ပေးထားတာ ရှိပါတယ်။ ဒီကိစ္စဟာ ပြည်သူတို့ရဲ့ တိုင်ကြားစာနဲ့ အသနားခံစာဆိုင်ရာ ကော်မတီရဲ့ အစီရင်ခံစာ တင်ပြတဲ့အချိန်မှာ ဦးနု ရဲ့ အကြံပြုချက်အပေါ် လွှတ်တော် ဥက္ကဋ္ဌက ကွင်းဆင်းစစ်ဆေးဖို့ တာဝန်ပေးချက်အရ ကော်မတီက ပြန်လည်တင်ပြတဲ့ တင်ပြချက်များ ဖြစ်ပါတယ်။ ဒီတင်ပြချက်ကို တင်ပြချက်အတိုင်းထားရင် အသက်ဝင်မှာ မဟုတ်ပါဘူး။ ဒါကြောင့် တင်ပြချက်ကို အဆို အဖြစ်နဲ့ အတည်ပြုပါတယ်။

ဒါကြောင့် ဒီအဆိုကို အဆို အဖြစ် ဆက်လက်ဆောင်ရွက်မှာ ဖြစ်တဲ့အတွက် ဒီအဆိုကို လက်ခံဆွေးနွေးရန် သင့်၊ မသင့် လွှတ်တော်ရဲ့ ဆန္ဒကို ရယူပါ့မယ်။

ဒါ့ကြောင့် ဒီအဆိုကို လက်ခံဆွေးနွေးရန် လွှတ်တော်ကိုယ်စားလှယ်များက သဘောတူပါ သလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

အဆိုကို လက်ခံဆွေးနွေးဖို့ သဘောမတူတဲ့သူ မရှိတဲ့အတွက် အမျိုးသားလွှတ်တော် ပြည်သူတို့၏ တိုင်ကြားစာနှင့် အသနားခံစာဆိုင်ရာကော်မတီရဲ့ ယနေ့ တင်သွင်းတဲ့ အဆိုကို အမျိုးသားလွှတ်တော်က လက်ခံဆွေးနွေးရန် အတည်ပြုကြောင်း ကြေညာပါတယ်။(သြဘာသံများ)

**အချိန်၊ ၁၅း၁၁။**

**ဥက္ကဋ္ဌ။** ။ ဒီအဆိုကို လက်ခံပါဝင် ဆွေးနွေးလိုတဲ့ လွှတ်တော်ကိုယ်စားလှယ်များ ဆွေးနွေးလိုတဲ့ အကြောင်းအရာအကျဉ်းချုပ်ကို ဖော်ပြလက်မှတ်ရေးထိုးပြီးတော့ လွှတ်တော်ရုံး ဒုတိယညွှန်ကြားရေးမှူးချုပ်ထံ လာမယ့် သောကြာနေ့၊ နေ့လယ်(၁၂)နာရီမတိုင်မီ အမည်စာရင်း ပေးပို့ကြဖို့ ဖြစ်ပါတယ်။

## အမျိုးသားလွှတ်တော် ဥက္ကဋ္ဌက အမျိုးသားလွှတ်တော် ဆဋ္ဌမနေ့အစည်းအဝေး ရပ်နားကြောင်းနှင့် သတ္တမနေ့ အစည်းအဝေး ဆက်လက်ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း

**အချိန်၊ ၁၅း၁၃။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ယခု အမျိုးသား လွှတ်တော် သတ္တမပုံမှန်အစည်းအဝေး ဆဋ္ဌမနေ့ကို ရပ်နားပါမယ်။ ပထမအကြိမ် အမျိုးသား လွှတ်တော် သတ္တမပုံမှန်အစည်းအဝေး သတ္တမနေ့ကို ၂၀၁၃ ခုနှစ်၊ ဇူလိုင်လ ၄ ရက် (ကြာသပတေးနေ့) နံနက် ၁၀း၀၀ နာရီအချိန်မှာ ဆက်လက်ကျင်းပမည် ဖြစ်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီး ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး။** ။ အားလုံးထွက်ခွာနိုင်ပါပြီခင်ဗျား။

[ပထမအကြိမ် အမျိုးသားလွှတ်တော် သတ္တမပုံမှန်အစည်းအဝေး ဆဋ္ဌမနေ့အစည်းအဝေးကို (၁၅း၁၃) နာရီအချိန်တွင် ရပ်နားပါသည်။]